# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိ အကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)


၁၃၈၀ ပြည့်နှစ် နယုန်လဆန်း ၉ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 23 May 2018 ၄၂၉၅


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်နိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

## ရခိုင်ပြည်နယ်အရေးကိစ္စရပ်များတွင် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး



**နေပြည်တော် မေ ၂၂**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် (CPPCC) ဒုတိယဥက္ကဋ္ဌ မစ္စတာ ဝမ်ကျန့်ဝေအား ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုစီမံကိန်းအောက်မှ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်အရေးကိစ္စရပ်များတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အပြုသဘော ဆက်လက်ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

## သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

**နေပြည်တော် မေ ၂၂**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့၏ ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို မေ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ် (၇) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းစည်းဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

### ထိန်ပင်အမှိုက်ပုံကို နေ့စဉ်စောင့်ကြည့်၍ မီးသိန်းဓာတ်ငွေ့လျှော့ချရေး ဆောင်ရွက်

စာမျက်နှာ » ၇

### ဇီဝယက်နမ်နည်းပညာဖြင့် ငါးရှဉ့်သားဖောက်မှု ခုနစ်လအကြာတွင် စမ်းသပ်အောင်မြင်

စာမျက်နှာ » ၈

### ကျပ်သိန်း နှစ်သောင်းဆု ချီးမြှင့်မည့် ကျပ်တစ်ထောင်တန် အောင်ဘာလေထီ ၂၀၁၉ ခုနှစ်တွင် စတင်ဖွင့်လှစ်နိုင်ဖွယ်ရှိ

စာမျက်နှာ » ၁၁


KBZ BANK
STRENGTH OF MYANMAR
'BANK OF THE YEAR IN MYANMAR 2017'
Awarded by Financial Times (The Banker)

# ကြေးမုံ

## သဘာဝဘေး ကြိုတင်ပြင်ဆင်ကာကွယ်

လက်ရှိကာလ ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်နေသော လေထုမငြိမ်မသက်မှုဖြစ်စဉ်သည် ယခုရက်ပိုင်းအတွင်း လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်လာနိုင်ပြီးနောက် နောက်ရက်တွင် ပိုမိုအားကောင်းလာကာ ယခုနှစ် မုတ်သုံရာသီအတွက် ပထမဆုံး မုန်တိုင်းငယ်ဖြစ်ပေါ်လာနိုင်ကြောင်း၊ မုန်တိုင်းငယ်ဖြစ်ပေါ်လာပါက လတ်တလောအားနည်းနေသည့် အနောက်တောင်မုတ်သုံလေသည် ပိုမိုအားကောင်းလာကာ မြန်မာနိုင်ငံအနှံ့သို့ အလျင်အမြန်ဝင်ရောက်လာဖွယ်အခြေအနေရှိပြီး ဒေသအများစုတွင် မိုးအားကောင်းလာနိုင်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်၏ ပြောကြားချက်အရ သိရသည်။

ယခုနှစ်ရာသီတွင် ပထမဆုံးဖြစ်ပေါ်လာနိုင်စရာအကြောင်းရှိသည့် မုန်တိုင်းငယ်ဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံသို့ ဝင်ရောက်နိုင်ခြင်း ရှိ၊ မရှိ မသိနိုင်သေးသော်လည်း အကယ်၍ မြန်မာနိုင်ငံသို့ဝင်ရောက်မည်ဆိုပါက ဆောင်ရွက်ဖွယ်ရာများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်သည်။ အကယ်၍ မြန်မာနိုင်ငံသို့ မဝင်ရောက်သော်လည်း အိမ်နီးချင်းနိုင်ငံသို့ဝင်ရောက်ပါက ဖြစ်ပေါ်လာနိုင်သော မုန်တိုင်းအရှိန်ရိုက်ခတ်မှုကို အထူးသတိပြုရမည်ဖြစ်သည်။

၂၀၁၁ ခုနှစ် အောက်တိုဘာလအတွင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့နှင့် မြန်မာနိုင်ငံ မောင်တောမြို့အကြား ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် O2B မုန်တိုင်းအရှိန်ကြောင့် မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးရွာသွန်းမှု စံချိန်တင်ခဲ့ပြီး မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီးအတွင်း လျှပ်တစ်ပြက် ရေကြီးခဲ့ရာ ပြည်သူ ၄၆ ဦး သေဆုံးပြီး ၁၁၅ ဦးပျောက်ဆုံးခဲ့သော သွယ်ဝိုက်ဖြစ်ပေါ်သည့် သဘာဝဘေးဖြစ်စဉ်ကို သတိမူရမည်ဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ယခုနှစ်မုတ်သုံရာသီ အကြိုကာလ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များအား သိရှိထားပြီး သက်ဆိုင်ရာအဖွဲ့အစည်းများသာမက ပြည်သူများပါ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ မေ ၁၅ ရက်နေ့က အမျိုးသားသဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက သက်ဆိုင်ရာအဖွဲ့အစည်းများအား ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားနိုင်ရေးအတွက် လမ်းညွှန်မှာကြားထားပြီးဖြစ်သည်။

သဘာဝဘေးကို ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ရာတွင် ကြိုတင်ပြင်ဆင်မှု၊ အရေးပေါ်တုံ့ပြန်မှု၊ ပြန်လည်ထူထောင်မှုဟူ၍ အပိုင်းလိုက်ဆောင်ရွက်နေကြပြီး ထိုသို့ဆောင်ရွက်ရာတွင် လုပ်ငန်းပြသဘောမျိုး မဟုတ်ဘဲ စနစ်ကျနပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်မှသာလျှင် သဘာဝဘေးကို ကြံ့ကြံ့ခံ ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသည့် လူ့အသိုက်အဝန်းဖြစ်လာမည်ဖြစ်သည်။

သဘာဝဘေးဖြစ်ပေါ်လာပါက ဘေးအန္တရာယ်ကျရောက်နိုင်ခြေရှိသည့်ဒေသများအား သိရှိထားပြီးဖြစ်၍ အဆိုပါဒေသများတွင် အိုးအိမ်များ ပြန်လည်နေရာချထားပေးရေး၊ အဆောက်အအုံများ ပြန်လည်တည်ဆောက်ပေးရေး၊ ဘေးလွတ်ရာနေရာများ ကြိုတင်ရွေးချယ်ထားရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍအသီးသီးတို့ကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်း၍ အမြန်ဆုံးစနစ်တကျဖြစ်စေရေးကို အမျိုးသားသဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ လမ်းညွှန်မှာကြားချက်နှင့်အညီ အလေးထားဆောင်ရွက်ထားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ်ဟူသည်မှာ မလွန်ဆန်နိုင်သော သဘာဝတရားဖြစ်သော်လည်း သဘာဝဘေးဖြစ်ပေါ်လာပါက ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရေးအတွက် စုစည်းညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ပြည်သူလူထုအတွက် ပိုမိုကောင်းမွန်သော လူမှုအသိုက်အဝန်းတစ်ရပ်ဖြစ်လာစေရေး ဝိုင်းဝန်းကြိုးပမ်းပေးကြပါရန် လေးစားစွာဖြင့် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

## လေဖိအားနည်း ရပ်ဝန်းတစ်ခုဖြစ်ပေါ်

နေပြည်တော် မေ ၂၂

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ နောက် ၄၈ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်နိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

ကြေးမုံ

## စစ်ကိုင်းတိုင်းလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂၃/၂၀၁၈**
၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၈ ရက်
(၂၀၁၈ ခုနှစ်၊ မေလ ၂၂ ရက်)
**လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သန့်နိုင်ကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(င)နှင့် ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(စ)နှင့် ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီး သန်းထွန်းအောင်ကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ရန်ကုန်-မန္တလေးအမြန်လမ်းပြုပြင်ထိန်းသိမ်းမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၂**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် မေ ၂၀ ရက်တွင် ရန်ကုန် - မန္တလေး အမြန်လမ်း (ရန်ကုန် - နေပြည်တော်) အပိုင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် လမ်းဦးစီးဌာန အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ Mini Rest Camp များ အဆင့်မြှင့်တင် တည်ဆောက်မည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန် - မန္တလေး အမြန်လမ်း (ရန်ကုန် - နေပြည်တော် အပိုင်း) မိုင်တိုင်အမှတ် (၁၆၈/၅) တွင် တံတားဦးစီးဌာနမှ တာဝန်ရှိသူများက Myanmar Ultra High Performance Concrete နည်းပညာဖြင့် တိုးချဲ့တည်ဆောက်ထားသော တံတားနှင့်ပတ်သက်၍ ရှင်းလင်းပြသမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့သည်။



ထို့အပြင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံ စက်မှုဇုန်သို့ရောက်ရှိရာ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် စင်ကာပူနိုင်ငံ Kepventure Pte Co.,Ltd တို့ အကျိုးတူပူးပေါင်းပြီး စက်မှုဇုန် စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ၊ စက်မှုဇုန်ရင်းနှီးမြှုပ်နှံမှုနှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိမှုတို့နှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် MIP Phase II စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက သိလိုသည်များမေးမြန်းကာ စက်မှုဇုန်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အုတ်တွင်းမြို့နယ် ညောင်ခြေထောက် - မဲချောင်း ကျေးရွာချင်းဆက်လမ်း တစ်မိုင်ကွန်ကရစ်ခင်းကျင်းပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၂၂**

ရန်ကုန်(ရွှေဈေး) ၉၃၀၀၀၀ - ၉၃၀၀၀၀ မန္တလေး(ရွှေဈေး) ၉၃၀၀၀၀ - ၉၃၀၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၉၀/၉၀၀ ကျပ် | ၉၃၀/၉၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၉၅/၉၁၅ ကျပ် | ၉၈၅/၁၀၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၅၅/၈၆၅ ကျပ် | ၉၃၅/၉၅၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၀၅/၉၁၅ ကျပ် | ၉၅၀/၉၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၉၅/၈၉၈ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၁၀/၉၁၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၈၆၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၁. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၉၂. ၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၁. ၆၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂. ၀၃၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၀. ၄၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၈၃၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၁၇. ၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅. ၃၉ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၅. ၁ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၈. ၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## မဏ္ဍိုင်ကြီးသုံးရပ် ပူးပေါင်းဆောင်ရွက်

ကျွန်တော်တို့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားတဲ့ အခွင့်အာဏာကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးနေကြတဲ့ မဏ္ဍိုင်ကြီးသုံးရပ်အကြားမှာ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုတွေနဲ့ ပြည်သူတွေအကျိုးအတွက် ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒါ့အပြင် ပြည်သူတွေရဲ့ နားတွေ၊ မျက်စိတွေဖြစ်တဲ့ သတင်းမီဒီယာတွေရဲ့ အခန်းကဏ္ဍကို အလေးအနက်ထားကြဖို့၊ ကျွန်တော်တို့ အလုပ်အကျွေးပြုရမယ့် နိုင်ငံသူ နိုင်ငံသားတွေရဲ့ ပြည်သူ့မဏ္ဍိုင်ကို အလေးအမြတ်ပြုကြဖို့ တစ်ဆက်တည်းမှာပဲ တိုက်တွန်းပြောကြားလိုပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စုပေါင်းအင်အား

လွတ်လပ်ရေးဖခင်ကြီးများ မျှော်မှန်းခဲ့တဲ့ တရားမျှတမှုနဲ့ လွတ်လပ်တဲ့နိုင်ငံ၊ လူခပ်သိမ်းငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှမှုအာမခံမယ့် ဖြူစင်တဲ့ဝါဒ ကျင့်သုံးတဲ့နိုင်ငံ အမှန်တကယ်ဖြစ်စေဖို့ စုပေါင်းအင်အားနဲ့ လုပ်ဆောင်ကြပါစို့။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့်
နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့်
မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပညာရေးဝန်ကြီးဌာန
## “၂၀၁၈-၂၀၁၉ ပညာသင်နှစ်”
## အသိပေးကြေညာချက်

- **၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။**
- **၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။**

ပညာရေးဝန်ကြီးဌာန

## ဆက်သွယ်ရေး ဝန်ဆောင်ခနှုန်းထားဆိုင်ရာ ညွှန်ကြားချက်များ အများပြည်သူသိရှိအကြံပြုနိုင်ရန် ဝက်ဘ်ဆိုက်နှင့်ဖေ့စ်ဘွတ်စာမျက်နှာတွင် ကြည့်ရှုနိုင်

**နေပြည်တော် မေ ၂၂**
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် “ဆက်သွယ်ရေးဝန်ဆောင်ခနှုန်းထားဆိုင်ရာ ညွှန်ကြားချက်” Telecommunication Tariff Directive (Draft)” အား အများပြည်သူမှ သိရှိအကြံပြုနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ Website www.motc.gov.mm တွင်လည်းကောင်း၊ Posts and Telecommunications Department ၏ Facebook စာမျက်နှာတွင်လည်းကောင်း ရယူကြည့်ရှုနိုင်ရန် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၂**
နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာစွန်းကော်ရှန်းအား ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆက်လက်ပူးပေါင်းရေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်အရေး ကိစ္စရပ်များတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ အပြုသဘော ဆက်လက်ပူးပေါင်း ဆောင်ရွက်မှု ပြုလုပ်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် 5th India- CLMV Business Conclave 2018 သို့ တက်ရောက်



**နေပြည်တော် မေ ၂၂**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် အဆင့်မြင့်အရာရှိများ၊ ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးကိုယ်စားလှယ်များသည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ မေ ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပသည့် 5th India- CLMV Business Conclave 2018 သို့ တက်ရောက်ခဲ့သည်။ Business Conclave 2018 ၏ ဖွင့်ပွဲအခမ်းအနားကို မေ ၂၀ ရက် နံနက်ပိုင်းတွင် ကျင်းပရာ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ တက်ရောက်လာသည့် အိန္ဒိယနိုင်ငံနှင့် CLMV နိုင်ငံများမှ စီးပွားရေးဆိုင်ရာဝန်ကြီးများက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကလည်း အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေး၊ စက်မှုနှင့် မြို့ပြလေကြောင်းဝန်ကြီးဌာနဝန်ကြီး H.E. Mr. Suresh Prabhu နှင့် သီးခြားတွေ့ဆုံ၍ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E. Mr. Pan Sorasak က တည်ခင်းဧည့်ခံသော အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။ မွန်းလွဲပိုင်းတွင် ကဏ္ဍအလိုက် ဆွေးနွေးပွဲများကို သီးခြားစီကျင်းပရာ မြန်မာကိုယ်စားလှယ်များက တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြောက်ကိုရီးယားနှင့် ထိစပ်နေသော နယ်စပ်ဒေသကို တရုတ်နိုင်ငံက တင်းကျပ်စွာ ထိန်းချုပ်ရေး အမေရိကန် တိုက်တွန်း

**ဝါရှင်တန် မေ ၂၂**
မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် ဈူကလီးယားကင်းမဲ့ဇုန် ထူထောင်ရေးသဘော တူညီချက်ကို လက်မှတ်ရေးထိုးနိုင်ချိန် ရောက်သည်အထိ တရုတ်နိုင်ငံက မြောက်ကိုရီးယားနိုင်ငံနှင့် ထိစပ်နေသော ယင်း၏ နယ်စပ်ဒေသကို တင်းကျပ်စွာ ထိန်းချုပ်ထားရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

### ခြိမ်းခြောက်ခဲ့

သမ္မတထရန့်သည် မြောက်ကိုရီးယားခေါင်းဆောင်နှင့် ဇွန် ၁၂ ရက်တွင် စင်ကာပူနိုင်ငံ၌ သမိုင်းဝင်ထိပ်သီးဆွေးနွေးပွဲ ကျင်းပရန် စီစဉ်ထားသည်။ သို့ရာတွင် မိမိတို့၏ ဈူကလီးယားအစီအစဉ် ရုပ်သိမ်းလာစေရေးအတွက် အမေရိကန်ဘက်မှ တစ်ဖက်သတ် တောင်းဆိုလာပါက ထိပ်သီးဆွေးနွေးပွဲ ပြုလုပ်နိုင်မည်မဟုတ်ဟု ကင်က ခြိမ်းခြောက်ခဲ့သည်။ အမေရိကန်နှင့် မြောက်ကိုရီးယားအကြား သဘောတူညီချက်တစ်ရပ် မရရှိသေးသမျှ ယင်းနိုင်ငံနှင့်ထိစပ်နေသော နယ်စပ်ဒေသကို တရုတ်နိုင်ငံက တင်းတင်းကျပ်ကျပ် ထိန်းချုပ်ထားသင့်ကြောင်း သမ္မတထရန့်က မေ ၂၁ ရက်တွင် တွစ်တာမှတစ်ဆင့် ရေးသားဖော်ပြကာ တိုက်တွန်းခဲ့သည်။

### ညွှန်းဆို

မြောက်ကိုရီးယားအပေါ် ချမှတ်ထားသော စီးပွားရေးဒဏ်ခတ်မှု အစီအစဉ်များ အာဏာသက်ဝင်မှု ထိရောက်ခြင်းမရှိစေရန် တရုတ်ဘက်မှ ဖြေလျှော့မှု ပြုလုပ်ခဲ့ဖွယ်ရှိပုံကို သမ္မတထရန့်၏ ရေးသားဖော်ပြချက်က အရိပ်အမြွက်ညွှန်းဆိုလျက်ရှိသည်။

တရုတ်နိုင်ငံသည် မြောက်ကိုရီးယား၏ အကြီးဆုံးသော ကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။ မြောက်ကိုရီးယား၏ ဈူကလီးယားနှင့် ဒုံးကျည်အစီအစဉ်များ အဆုံးသတ်နိုင်ရေးအတွက် တရုတ်နိုင်ငံက ယင်းနိုင်ငံအပေါ် ဖိအားပေးရန် သမ္မတထရန့်က ထပ်တလဲလဲ တိုက်တွန်းလာခဲ့သည်။

### ပြစ်တင်ရှုတ်ချ

မြောက်ကိုရီးယားသည် အမေရိကန်၏ လက်နက်ဖျက်သိမ်းရေး တောင်းဆိုချက်များကို အာခံနေဆဲဖြစ်ပြီး အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုနှင့် ပတ်သက်၍ ဒေါသတကြီး ပြစ်တင်ရှုတ်ချခဲ့သည်။ ယင်းအပြင် လွန်ခဲ့သည့် ရက်သတ္တပတ်က ကိုရီးယား နှစ်နိုင်ငံပြုလုပ်မည့် ဆွေးနွေးပွဲကိုလည်း ပြန်လည်ဖျက်သိမ်းခဲ့သည်။

အမေရိကန်နှင့် မြောက်ကိုရီးယား ထိပ်သီးဆွေးနွေးပွဲ အောင်မြင်မည်ဆိုပါက ခေါင်းဆောင်ကြီးကင်အား မိမိတို့က အပြည့်အဝ စောင့်ရှောက်ပေးမည်ဖြစ်ကြောင်း၊ ကင်အာဏာ ဆက်လက်ရရှိရေးအတွက် မိမိတို့က အာမခံပြီး မြောက်ကိုရီးယားနိုင်ငံကို အလွန်ကြွယ်ဝချမ်းသာသော နိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိလာအောင် ပံ့ပိုးကူညီမည်ဖြစ်ကြောင်း သမ္မတထရန့်က ပြောဆိုခဲ့သည်။

**အေအက်ဖ်ပီ**

# ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် အပူလှိုင်းကျ လူဒါဇင်ပေါင်းများစွာ သေဆုံး

**ကရာချိ မေ ၂၂**
ပါကစ္စတန်နိုင်ငံ၏ အကြီးမားဆုံးမြို့ကြီးဖြစ်သည့် ကရာချိမြို့တွင် ယခုရက်သတ္တပတ်အတွင်း အပူလှိုင်းကျရောက်မှုကြောင့် လူဒါဇင်များစွာသေဆုံးခဲ့ကြရကြောင်း ပရဟိတအသင်းအဖွဲ့တစ်ခုက မေ ၂၂ ရက်တွင် ပြောကြားသည်။

ကရာချိမြို့၏ အပူချိန်သည် ၄၂ ဒီဂရီဆဲလ်စီးယပ် (၁၀၈ ဒီဂရီ ဖာရင်ဟိုက်)အထိ ရှိနေသည်။ အပူလှိုင်းကျမှုကြောင့် သေဆုံးရသူဦးရေ မြင့်တက်လာနေကြောင်း၊ မကြာသေးမီရက်များအတွင်းက မြို့တော်ရှိ ရင်ခွဲရုံများသို့ ရုပ်အလောင်းများ ပို့ဆောင်ပေးခဲ့ရမှုမှာ ယခင်ပို့နေကျထက် နှစ်ဆတိုးလာကြောင်း အက်ဖ်ဒီဖောင်ဒေးရှင်းက ပြောကြားသည်။

လွန်ခဲ့သည့်လေးရက်အတွင်း လူသေအလောင်း ၁၈၀ အထိ မိမိတို့ ပို့ဆောင်ပေးခဲ့ရကြောင်း၊ ယင်းအရေအတွက်မှာ ယခင်လက်ခံရရှိနေကျ အရေအတွက်၏ နှစ်ဆဖြစ်ကြောင်း ယင်းဖောင်ဒေးရှင်းတွင် အကြီးအကဲ ဖိုင်ဆယ်အက်ဟီက ပြောကြားသည်။

သေဆုံးသွားသူအများစုမှာ အပူလှိုင်းမြင့်တက်မှုနှင့် ယင်းနှင့် ဆက်နွှယ်သည့်အကြောင်းများကြောင့်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ဆင်းပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ကမူ သေဆုံးသူဦးရေ ကနဦးခန့်မှန်းချက်ကို ငြင်းဆိုခဲ့သည်။

အပူလှိုင်းကျရောက်သည့် အချိန်သည် အစ္စလာမ်ဘာသာဝင်များ၏ ရာမာဒမ်ဥပုသ်လ စတင်သည့်အချိန်နှင့် တိုက်ဆိုင်နေပြီး သန်းပေါင်းများစွာသော ဘာသာတရား ကိုင်းရှိုင်းသည့် ပါကစ္စတန်နိုင်ငံသားများသည် နေထွက်ချိန်နှင့် နေဝင်ချိန်ကြားကာလတွင် အစာရေစာ စားသုံးမှုကို ရှောင်ကြဉ်ကြကြောင်း သတင်းတွင် ဖော်ပြသည်။

ကရာချိမြို့ အနီးအပြားတွင် လာမည့်နှစ်ရက်မှ သုံးရက်အတွင်း အလွန်ပူပြင်းသည့် ရာသီဥတုအခြေအနေများဖြစ်ပေါ်ဖွယ်ရှိကြောင်း ပါကစ္စတန် မိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်ခဲ့ပြီး အပူချိန်သည် ၄၄ ဒီဂရီဆဲလ်စီးယပ်အထိ ယင်းကာလအတွင်းရှိနိုင်သည်ဟု ဆိုသည်။

**အေအက်ဖ်ပီ**


Imran Ali / AFP

# ဒမတ်စကတ်မြို့ကို အပြည့်အဝထိန်းချုပ်နိုင်ပြီဟု ဆီးရီးယားတပ်မတော် ထုတ်ပြန်ကြေညာ

**ဒမတ်စကတ် မေ ၂၂**
ဆီးရီးယားနိုင်ငံ၌ အစ္စလာမ္မစ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)ကို ချေမှုန်းတိုက်ထုတ်နိုင်ခဲ့ပြီးနောက် ဒမတ်စကတ်မြို့နှင့် ယင်း၏ ဆင်ခြေဖုံးအရပ်ဒေသများသည် မိမိတို့၏အပြည့်အဝထိန်းချုပ်မှုအောက်တွင် ရောက်ရှိနေပြီဟု ဆီးရီးယားတပ်မတော်က ကြေညာလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။


### သိမ်းယူနိုင်

ဒမတ်စကတ်မြို့၏ တောင်ပိုင်းနယ်မြေကို ဆီးရီးယားအစိုးရတပ်ဖွဲ့က အိုင်အက်စ်ထံမှ သိမ်းယူနိုင်ခဲ့ပြီးနောက် တပ်မတော်က ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပြီး နိုင်ငံပိုင်သတင်းဌာနက ထုတ်လွှင့်ဖော်ပြသည်။

ဆီးရီးယားတပ်မတော်သည် ပါလက်စတိုင်းလူမျိုးဒုက္ခသည်များ ခိုလှုံရာ ယာမောက်စခန်းနှင့်ယင်းစခန်းနှင့် ထိစပ်နေသော ဟာဂျာအယ်လ်-အက်စပါဝီရင်စုအပါအဝင် အရေးပါသော နယ်မြေတစ်ခုကို သိမ်းပိုက်နိုင်ခဲ့သည်။

ယာမောက်ဒုက္ခသည်စခန်းမှနေ၍ အိုင်အက်စ်တိုက်ခိုက်ရေးသမားများနှင့် ၎င်းတို့၏ဆွေမျိုးသားချင်း ရာပေါင်းများစွာ ဘေးကင်းရာသို့ ထွက်ခွာသွားနိုင်ရန် ဆီးရီးယားတပ်မတော်က သဘောတူညီချက်တစ်ရပ် ရယူခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

**အေအက်ဖ်ပီ**



# ရုရှား၌ ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ မောင်းသူမဲ့လေယာဉ်ဘေးအန္တရာယ်မှ ကာကွယ်မည်

**မော်စကို မေ ၂၂**
ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကျင်းပချိန်ကာလအတွင်း မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်လာနိုင်သည့်အရေးမှ ကာကွယ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်ဟု ရုရှားတာဝန်ရှိသူများက ပြောကြားကြောင်း အေအက်ဖ်ပီသတင်းဌာနက မေ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကျင်းပခြင်းကို ဖျက်လိုဖျက်ဆီးပြုလုပ်နိုင်ရန် အကြမ်းဖက်သမားများက ကြံစည်အားထုတ် လာနိုင်သည်ဟု ပြိုင်ပွဲကျင်းပရေးမှူးများက အထူးတလည် စိုးရိမ်ပူပန်လျက်ရှိကြသည်ဆို၏။

### ကျင်းပမည်

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဇွန် ၁၄ ရက်မှ ဇူလိုင် ၁၅ ရက်အထိ ရုရှားနိုင်ငံတွင် ကျင်းပမည်ဖြစ်သည်။ ရုရှားနိုင်ငံ ချေချင်းညာဒေသ မြောက်ပိုင်းမှ စစ်သွေးကြွများသည် အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)နှင့် ဆက်နွှယ်မှုရှိပြီး အကြမ်းဖက်တိုက်ခိုက်မှုများကို ပြုလုပ်ခဲ့ရာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကိုလည်း ပစ်မှတ်ထား၍ အကြမ်းဖက်တိုက်ခိုက်လာမည်ကို စိုးရိမ်ပူပန်လျက်ရှိကြောင်း၊ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အသုံးပြုမည့် အားကစားပြိုင်ပွဲရုံများကို မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်နိုင်ခြင်းမရှိစေရန် ကြိုတင်ကာကွယ်ရေးအစီအမံများ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။ **အေအက်ဖ်ပီ**

❂ ကျောဖုံးမှ

ပြည်တွင်းမှ ငွေချေးယူရာတွင် အဓိကအားဖြင့် ဘတ်ဂျက်လိုငွေအတွက် ဖြစ်သော်လည်း ဘတ်ဂျက်လိုငွေအတိုင်း အတိအကျ ငွေချေးယူရခြင်းမျိုး မဟုတ်ဘဲ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်းတွင် ဖြစ်ပေါ်လာသည့် လိုငွေကိုသာ အချိန်နှင့်တစ်ပြေးညီ ဖြည့်တင်းနိုင်ရန် ချေးယူခြင်းဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအပ်ငွေစာရင်းတွင် လိုငွေမဖြစ်ပေါ်ရေးအတွက် အစိုးရ ငွေတိုက်စာချုပ်များနှင့် ငွေတိုက်လက်မှတ်များကို ဈေးပြိုင်စနစ်ဖြင့် လစဉ်ရောင်းချ၍ ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်မှုကြောင့် ဘဏ္ဍာရေးနှစ်အတွင်း အချို့လများတွင် ပိုငွေဖြစ်ပေါ်သော်လည်း အချို့လများတွင် လိုငွေဖြစ်ပေါ်ပါကြောင်း၊ အဆိုပါ လိုငွေနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၉၁ (ခ)အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လိုငွေဖြည့်ဆည်းပေးပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အာမခံရခြင်းဖြစ်ပါကြောင်း။

ထို့ကြောင့် ၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ် ခြောက်လအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ အစိုးရငွေတိုက်လက်မှတ်များ အာမခံပေး၍ ချေးငွေရယူရန် ငွေကျပ် ၆၄၁ ဒသမ ၀၂၉ ဘီလီယံ လျာထားသဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တင်ပြချက်အပေါ် လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်က စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြီးဖြစ်သည့် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်တွင်းမှချေးယူနိုင်သည့် ငွေကျပ် ၃၂၀၅ ဒသမ ၁၄၃ ဘီလီယံအနက် ၂၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၆၄၁ ဒသမ ၀၂၉ ဘီလီယံအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူရန် လျာထားသည်ကို ညှိနှိုင်းအကြောင်းကြားထားပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့သည် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ဖြစ်ပေါ်လာမည့် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေအတွက် ကျပ် ၆၄၁ ဒသမ ၀၂၉ ဘီလီယံကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အစိုးရငွေတိုက်လက်မှတ်များ ဝယ်ယူခြင်းဖြင့် ဖြည့်ဆည်းပေးမည်ဖြစ်ရာ ချေးငွေရယူနိုင်ရေး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ (၉၁)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ရယူပေးပါရန် ရှင်းလင်းတင်ပြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ကော်မတီဝင် ဦးသိန်းလွင်က ဖတ်ကြားတင်ပြသည်။

အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်အထိ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူထားသည့် ပြည်ပချေးငွေများနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းတစ်ခုချင်းအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးများက ရှင်းလင်းတင်ပြကြသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုလွှတ်တော် ပထမသက်တမ်းတွင် တရုတ် ပို့ကုန်/သွင်းကုန်ဘဏ်မှ ယွမ် ၂၄၆ သန်းနှင့် ပြည်ထောင်စုလွှတ်တော် ဒုတိယသက်တမ်းတွင် ပိုလန်နိုင်ငံအစိုးရ နောက်ခံအခြေပြု ဥရောပသမဂ္ဂ၏ တစ်စိတ်တစ်ပိုင်း ကူညီထောက်ပံ့မှုချေးငွေမှ တရားဝင်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့အစီအစဉ်ဖြင့် ယူရို သန်း ၅၀ ကို ချေးယူခဲ့ပါကြောင်း။

တရုတ် ပို့ကုန်/သွင်းကုန်ဘဏ်မှ ချေးယူသည့်ချေးငွေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အသုံးပြုရန် မော်တော်ယာဉ်များ၊ အချုပ်ယာဉ်များ၊ အဓိကရုဏ်းနှိမ်နင်းရေးယာဉ်များနှင့် ရေယာဉ်များကို ဝယ်ယူခဲ့ပါကြောင်း၊ ပိုလန်နိုင်ငံအစိုးရနောက်ခံအခြေပြု ဥရောပသမဂ္ဂ၏ တစ်စိတ်တစ်ပိုင်း ကူညီထောက်ပံ့မှုချေးငွေမှ တရားဝင်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့အစီအစဉ်ဖြင့် ချေးငွေယူရို သန်း ၅၀ ဖြင့် ခေတ်မီ မီးသတ်ရေယာဉ်များ၊ ရှာဖွေကယ်ဆယ်ရေးယာဉ်များ၊ နောက်ဆုံးပေါ် လူနာတင်ယာဉ်များ ဝယ်ယူခဲ့ပါကြောင်း၊ အချို့ယာဉ်များမှာ ရောက်ရှိနေပြီဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

**“နေစွမ်းအင်မှာ မကုန်နိုင်သော စွမ်းအင်ဖြစ်ပြီး Solar Power ဖြင့် ထုတ်လုပ်မှုသည် မိမိတို့နိုင်ငံအတွက် အလားအလာ ကောင်းပါကြောင်း၊ လျှပ်စစ်စွမ်းအား ထုတ်လုပ်မှုတွင် ဘေးထွက်ဆိုးကျိုးနည်းသည့် ဆိုလာစွမ်းအင် ထုတ်လုပ်မှုကို မိမိတို့နိုင်ငံအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးသင့်”**

အလားတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဝန်ကြီးဌာနက ပြည်ပချေးငွေဖြင့် ဆောင်ရွက်နေသည့် မြန်မာနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး အသေးစား ငွေရေးကြေးရေးလုပ်ငန်း စီမံကိန်းအနေဖြင့် သမဝါယမအသင်းများကို စီမံကိန်းရည်ရွယ်ချက်များနှင့်အညီ ထုတ်ချေးပေးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သော လယ်ယာသုံးစက်ကိရိယာပစ္စည်းများ ဝယ်ယူရေးပူးပေါင်းမှု စီမံကိန်းအနေဖြင့် လယ်ယာသုံးစက်ကိရိယာ ၃၈၉၉ စီးကို အသင်းသား လယ်သမားများအား အရစ်ကျငွေချေးစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးပြီးဖြစ်ပါကြောင်း၊ ဆင်းရဲမှုလျှော့ချရေးအတွက် ဒေသတွင်းဖွံ့ဖြိုးမှုစီမံကိန်း(၁)အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုရှိ မြို့ပေါင်း ၂၃ မြို့တွင် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

စီမံကိန်းအဆင့်(၂)အနေဖြင့် ပဲခူးနှင့်မော်လမြိုင်မြို့များတွင် Roughing Filter တည်ဆောက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး စစ်တွေမြို့တွင် ဆောင်ရွက်ရန် လျာထားသည့် စီမံကိန်းလုပ်ငန်း၏ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ လူထုဗဟိုပြုစီမံကိန်းအနေဖြင့် မြို့နယ် ၆၃ မြို့နယ်၊ ကျေးရွာ ၁၂၀၁၁ ရွာတွင် စီမံကိန်း စက်ဝန်းအလိုက် လုပ်ငန်းခွဲပေါင်း ၂၁၃၅၆ ခုအား အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ရှင်သန်နိုးကြားမှုမြှင့်တင်ရေးစီမံကိန်းအနေဖြင့် အသေးစားစီးပွားရေးလုပ်ငန်းများ အစပျိုးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး စနစ်ကျလယ်ယာမြေ ၁၃၀၉ ဧက ဖော်ထုတ်နိုင်ခဲ့ကာ နည်းပညာပေးစံပြကွက်များ ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး (အနောက်) ဆည်မြောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုစီမံကိန်း၊ ရေသွင်းစိုက်ပျိုးမှု ဧရိယာအပါအဝင် လယ်ယာကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ မြန်မာနိုင်ငံ အရှေ့ပိုင်းပြည်နယ်များ စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် မြန်မာနိုင်ငံ ဆည်မြောင်းဖွံ့ဖြိုးရေးစီမံကိန်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော Framework Agreement of International Solar Alliance တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်က International Solar Alliance(ISA) အဖွဲ့သည် အဓိကအားဖြင့် နေရောင်ခြည်စွမ်းအင်ကို အသုံးချနိုင်ရေးအတွက် ရည်ရွယ်ပြီး ကမ္ဘာ့ရာသီဥတု ပူနွေးလာခြင်း၏ အကြောင်းတရားဖြစ်သော ကာဗွန်လောင်စာမှ စွမ်းအင်ထုတ်သောလမ်းကြောင်းမှ ခွဲထွက်၍ စွမ်းအင်ဖော်ထုတ်နိုင်ရေး လမ်းကြောင်းသစ်ကို ဖော်ထုတ်နိုင်ရန်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် Framework Agreement of International Solar Alliance (ISA)တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းအားဖြင့် ဆိုလာမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာနိုင်ပြီး အနာဂတ်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍနှင့် လျှပ်စစ်စွမ်းအားကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးသင့်ပါကြောင်း ဆွေးနွေးသည်။

တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်က ယနေ့ကမ္ဘာတွင် လျှပ်စစ်ဓာတ်အားကို ပိုမိုသုံးစွဲလာကြပြီး မိမိတို့နိုင်ငံတွင်လည်း လျှပ်စစ်စွမ်းအား ပိုမိုလိုအပ်လာပါကြောင်း၊ ကမ္ဘာတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအနေဖြင့် ခြောက်ခုရှိပါကြောင်း၊ သဘာဝဓာတ်ငွေ့၊ ရေ၊ လေ၊ ကျောက်မီးသွေး၊ အဏုမြူနှင့် နေစွမ်းအင်တို့ဖြစ်ပါကြောင်း၊ နေစွမ်းအင်မှာ မကုန်နိုင်သော စွမ်းအင်ဖြစ်ပြီး Solar Power ဖြင့် ထုတ်လုပ်မှုသည် မိမိတို့နိုင်ငံအတွက် အလားအလာကောင်းပါကြောင်း၊ လျှပ်စစ်စွမ်းအားထုတ်လုပ်မှုတွင် ဘေးထွက်ဆိုးကျိုးနည်းသည့် ဆိုလာစွမ်းအင်ထုတ်လုပ်မှုကို မိမိတို့နိုင်ငံအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးသင့်ပါကြောင်း ဆွေးနွေးသည်။

အလားတူ အမရပူရမဲဆန္ဒနယ်မှ ဦးအောင်ဇော်မြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်းနှင့် စလင်းမဲဆန္ဒနယ်မှ ဦးကံဦးတို့က ဆွေးနွေးကြသည်။

အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို မေ ၂၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်၊ မျိုးသူဟိန်း(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီးတွင် ဖြစ်ခဲ့သည့် တစ်နှစ်နှင့် ကိုးလအတွင်း ရာဇဝတ်မှုကြီး(၁၀)မျိုး၌ လူသတ်မှု ၃၀၀၊ မုဒိမ်းမှု ၄၆၀ ဖြစ်ပွားခဲ့

**ရန်ကုန် မေ ၂၂**

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီက ဒဂုံမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အစည်းအဝေးတွင် လသာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနိုင်က **“(၁) ရဲလက်စွဲအပိုဒ် ၁၇၅၄ ပါ အရေးကြီးသော ရာဇဝတ်မှုကြီး(၁၀)မျိုးနှင့် စပ်လျဉ်းပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း ၁-၄-၂၀၁၆ ရက်နေ့မှ ၃၁-၁၂-၂၀၁၇ ရက်နေ့အထိ မည်မျှဖြစ်ပွားခဲ့သည်ကို သိရှိလိုပါကြောင်း၊ (၂) အဆိုပါဖြစ်ပွားသောမှုခင်းများအနက် တရားခံဖော်ထုတ်ရန်ကျန်သော မှုခင်းကြီးပေါင်းမည်မျှရှိပါသနည်း၊ (၃) ဖော်ထုတ်ရန် ကျန်နေသေးသော အမှုများပေါ်ပေါက်စေရန် မှုခင်းစုံစမ်းထောက်လှမ်းခြင်းနှင့် စပ်လျဉ်းပြီး မည်ကဲ့သို့ဆောင်ရွက်လျက်ရှိသည်”**ကို သိရှိလိုကြောင်း ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းခဲ့ကြောင်းသိရသည်။


လသာမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဇော်ဝင်းနိုင်


လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုး

အဆိုပါ မေးခွန်းကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုးက ပြန်လည်ဖြေကြားခဲ့ရာ “အရေးကြီးသော ရာဇဝတ်မှုကြီး (၁၀)မျိုးနှင့် စပ်လျဉ်း၍ ၁-၄-၂၀၁၆ ရက်နေ့မှ ၃၁-၁၂-၂၀၁၇ ရက်နေ့အထိ ဖြစ်ပွားခဲ့မှုနှင့် စုံစမ်းဖော်ထုတ်ဆောင်ရွက်ထားရှိမှုမှာ လူသတ်မှုအနေဖြင့် (၃၀၀)ရှိပြီး အမှု (၂၈၀)ကို တရားစွဲတင်ပို့နိုင်ခဲ့ကာ (၁၀)မှု ပိတ်သိမ်းခဲ့၍ လက်ကျန် (၁၀)မှုရှိပါကြောင်းနှင့် စုံစမ်းဖော်ထုတ် တရားစွဲတင်နိုင်သည့် ရာခိုင်နှုန်းမှာ (၉၃)ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ဓားပြမှုအနေဖြင့် (၁)မှုရှိပြီး ၎င်း(၁)မှုကို တရားစွဲတင်ပို့နိုင်ခဲ့၍ အမှုလက်ကျန် မရှိပါကြောင်းနှင့် စုံစမ်းဖော်ထုတ်တရားစွဲတင်နိုင်သည့် ရာခိုင်နှုန်းမှာ (၁၀၀) ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ လုယက်မှုအနေဖြင့် (၈၄)မှုရှိပြီး (၆၁)မှုကို တရားစွဲတင်ပို့နိုင်ခဲ့ကာ (၉)မှု ပိတ်သိမ်းခဲ့၍ လက်ကျန်(၁၄)မှု ရှိပါကြောင်းနှင့် စုံစမ်းဖော်ထုတ် တရားစွဲတင်နိုင်သည့် ရာခိုင်နှုန်းမှာ (၇၃) ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ပြန်ပေးဆွဲမှုအနေဖြင့် (၁)မှုရှိပြီး ၎င်း(၁)မှုကို တရားစွဲတင်ပို့နိုင်ခဲ့၍ အမှုလက်ကျန်မရှိပါကြောင်းနှင့် စုံစမ်းဖော်ထုတ် တရားစွဲတင်နိုင်သည့် ရာခိုင်နှုန်းမှာ (၁၀၀) ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ မုဒိမ်းမှုအနေဖြင့် (၄၆၀)မှုရှိပြီး (၄၅၆)မှုကို တရားစွဲတင်ပို့နိုင်ခဲ့ကာ (၂)မှု ပိတ်သိမ်းခဲ့၍ လက်ကျန်(၂)မှုရှိပါကြောင်းနှင့် စုံစမ်းဖော်ထုတ်တရားစွဲတင်နိုင်သည့် ရာခိုင်နှုန်းမှာ (၉၉)ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ဖောက်ထွင်းမှုအနေဖြင့် (၃)မှုရှိပြီး (၁)မှုကို တရားစွဲတင်ပို့နိုင်ခဲ့ကာ (၂)မှု ပိတ်သိမ်းခဲ့၍ အမှုလက်ကျန်မရှိပါကြောင်းနှင့် စုံစမ်းဖော်ထုတ် တရားစွဲတင်နိုင်သည့် ရာခိုင်နှုန်းမှာ (၃၃)ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ တိရစ္ဆာန်ခိုးမှုအနေဖြင့် (၅)မှု ရှိပြီး ၎င်း(၅)မှုကို တရားစွဲတင်ပို့နိုင်ခဲ့၍ အမှုလက်ကျန်မရှိပါကြောင်းနှင့် စုံစမ်းဖော်ထုတ် တရားစွဲတင်နိုင်သည့် ရာခိုင်နှုန်းမှာ (၁၀၀)ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ မတရားအသင်းဖြစ်ပွား တိုင်တန်းမှုအနေဖြင့် (၂)မှုရှိပြီး (၁)မှုကို တရားစွဲတင်ပို့နိုင်ခဲ့ကာ (၁)မှု ပိတ်သိမ်းခဲ့၍ အမှုလက်ကျန် မရှိပါကြောင်းနှင့် စုံစမ်းဖော်ထုတ် တရားစွဲတင်နိုင်သည့် ရာခိုင်နှုန်းမှာ (၅၀)ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ အမှုကြီး (၁၀)မျိုးတွင် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုနှင့် လက်နက်မှုတို့မှာ ဖြစ်ပွားခဲ့ခြင်းမရှိပါကြောင်း၊ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကာလအတွင်း ဖြစ်ပွားသော အမှုကြီးပေါင်းမှာ (၈၅၆)မှုရှိပြီး တရားစွဲတင်ပို့မှု(၈၀၆)မှု၊ ပိတ်သိမ်းမှု(၂၄)မှု ရှိသဖြင့် အမှုကြီးလက်ကျန် (၂၆)မှု ကျန်ရှိကာ တရားစွဲတင်နိုင်သည့် ရာခိုင်နှုန်းမှာ (၉၄) ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ ဖော်ထုတ်ရန် ကျန်နေသေးသော အမှုများ ပေါ်ပေါက်စေရန် မှုခင်းစုံစမ်းထောက်လှမ်းခြင်းနှင့်စပ်လျဉ်း၍ ရဲတပ်ဖွဲ့မှ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ၁၄-၆-၂၀၁၆ ရက်နေ့မှ စတင်ကာ ရဲတပ်ဖွဲ့နှင့်အတူ အုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်ရွာနေပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဖြစ်ပွားသော အမှုများနှင့် ပတ်သက်ဆက်နွှယ်သည့် သတင်းများရရှိရန် ထောက်လှမ်းခြင်း၊ ပြစ်မှုကျူးလွန်သူများ ဖော်ထုတ်နိုင်ရေးအတွက် ပြစ်ချက်ဟောင်းရှိ တရားခံများအား ဥပဒေနှင့်အညီ စစ်ဆေးခြင်း၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့များအနေဖြင့် အမှုများ ဖော်ထုတ်တရားစွဲတင်နိုင်ရေးအတွက် အပတ်စဉ်၊ လစဉ် သုံးသပ်အစည်းအဝေးများ ပြုလုပ်ကာ ပူးပေါင်းစုံစမ်းဖော်ထုတ်ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အမှုကြီးများဖြစ်ပွားမှုအပေါ် တစိုက်မတ်မတ် ကြိုးစားဆောင်ရွက်လျက်ရှိသည့်အပြင် ရပ်ရွာနေပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်မှု မြင့်မားလာသည့်အလျောက် ဖြစ်ပွားသော မှုခင်းများစုံစမ်းဖော်ထုတ်ရာတွင် ယခုထက်ပိုမို၍ စုံစမ်းဖော်ထုတ်နိုင်မှု ရာခိုင်နှုန်း ပိုမိုမြင့်မားလာနိုင်မည်ဖြစ်ကြောင်းနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေး ပိုမိုစည်းရုံးဆောင်ရွက်သင့်ကြောင်း” ပြောကြားသည်။

**နိုင်လင်းကျော်(ဒလ)**

# မြန်မာကို စာနာပါ

အေးကြွယ်

မကြာသေးမီက ကမ္ဘာ့သတင်းစာမျက်နှာများတွင် အမေရိကန်-မက္ကဆီကို နယ်စပ်တံတိုင်းကြီးတစ်ခု တည်ဆောက်မည်ဆိုသည့် သတင်းတစ်ပုဒ် ရေပန်းစားခဲ့သည်။ အမေရိကန်နိုင်ငံအတွင်း မည်သည့် ကျူးကျော်ဝင်ရောက်မှုကိုမဆို ပြန်လည်တုံ့ပြန်ရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် အမေရိကန် ဒေါ်လာ ၇၃ ဒသမ ၃ ဘီလီယံ အကုန်အကျခံကာ တည်ဆောက်မည်ဟု သိရသည်။

စင်စစ် အမေရိကန်နှင့် မက္ကဆီကို နယ်စပ်ပြဿနာများသည် သာမန်နှစ်နိုင်ငံ နယ်စပ် ပြဿနာမျိုးတော့မဟုတ်။ ပထဝီနိုင်ငံရေး အန္တရာယ်လမ်းကြောင်းများဟု ဆိုရလောက်အောင် (Geopolitical Fault Lines) ကြီးကျယ်လှသည်။ အမှန်အတိုင်းပြောရလျှင် သမားရိုးကျ ရွှေ့ပြောင်းနေထိုင်မှုပုံစံနှင့် ထိစပ်နယ်မြေအတွင်း ရွှေ့ပြောင်း နေထိုင်မှုပုံစံများမှာ သဘောသဘာဝချင်း မတူညီကြပေ။

သမားရိုးကျ ရွှေ့ပြောင်းနေထိုင်သူများသည် ယင်းတို့၏နိုင်ငံကို အပြီးတိုင် ကျောခိုင်းခဲ့ပြီးဖြစ်၍ နိုင်ငံသစ်တွင် သဟဇာတဖြစ်အောင် အခြေချနေထိုင်မည့်သူများဖြစ်သည်။ ထိစပ်နယ်မြေများအတွင်းသို့ ရွှေ့ပြောင်းနေထိုင်လာကြသူများမှာမူ နယ်မြေသစ်တွင် သဟဇာတဖြစ်အောင် နေထိုင်လိုခြင်းထက် နယ်မြေဟောင်း/နိုင်ငံဟောင်း၏ နိုင်ငံရေး၊ စီးပွားရေးအကျိုးစီးပွားများကို ပုန်းကွယ်သိုဝှက်၍ ဝင်ရောက်လာကြသူများသာဖြစ်သည်။

မိုင်ပေါင်း ၂၀၀၀ မျှ ရှည်လျားသော အမေရိကန်-မက္ကဆီကို နယ်ခြားမျဉ်းသည် ပထဝီ ထူးခြားချက် တစ်ခုဟု ဆိုရမည်။ ၁၉၆၅ ခုနှစ်နောက်ပိုင်း အမေရိကန်သို့ လာရောက် အခြေချနေထိုင်လာကြသူများထဲတွင် မက္ကဆီကန်များသည် အများဆုံးဖြစ်ပြီး တရားဝင်လာရောက်အခြေချသူ စုစုပေါင်း၏ ၂၅ ရာခိုင်နှုန်းခန့်ပင် ရှိကြသည်။ အမေရိကန်-မက္ကဆီကို ပူးတွဲကော်မရှင်၏ ခန့်မှန်းချက်အရ နှစ်စဉ် မက္ကဆီကိုနယ်စပ်မှ ခိုးဝင်သူဦးရေ ၁၀၅၀၀၀ အထိရှိသည်ဟု သိရသည်။ ဤသို့ မက္ကဆီကိုမှ တရားမဝင် ဝင်ရောက်လာသူများကြောင့် အမေရိကန် အစိုးရအနေဖြင့် လူမှုစီးပွားပြဿနာ အထွေထွေ ပေါ်ပေါက်မည်ကို စိုးရိမ်စရာဖြစ်နေသည်မှာ သဘာဝကျလှသည်။ တကယ်တမ်းပြောရလျှင် ကမ္ဘာတစ်ဝန်းမှ တရားမဝင် လာရောက်အခြေချနေထိုင်သူများ၏ မွေးနှုန်းမှာ အမေရိကန်လူမျိုးတို့၏ မွေးနှုန်းထက် သိသိသာသာ ပိုမိုလာခဲ့သဖြင့် အနာဂတ်အတွက် စိုးရိမ်မည်ဆိုလည်း စိုးရိမ်စရာပင် ဖြစ်သည်။ ယင်းအခြေချ ရွှေ့ပြောင်းနေထိုင်သူများအနက် မက္ကဆီကန်တို့၏ မွေးနှုန်းမှာ သိသိသာသာ တိုးပွားလာခြင်းသည်လည်း အမေရိကန်နိုင်ငံအတွက် တွေးတောပူပင်စရာ ဖြစ်ခဲ့ရသည်ဟု ထင်သည်။

ပထဝီအပိုင်းအခြား၊ ဘာသာစကားနှင့် အမျိုးသားသရုပ်လက္ခဏာများထက် ဘုံတန်ဖိုးထားမှုများကိုသာ တစိုက်မတ်မတ် ပြောဆိုလာခဲ့သည့် အမေရိကန်နိုင်ငံသည် ယခုကဲ့သို့ ရွှေ့ပြောင်းအခြေချ နေထိုင်သူများ၏ အန္တရာယ်ကြုံတွေ့ရသည့်အချိန်တွင် မိမိနိုင်ငံလုံခြုံရေးအတွက် စိုးရိမ်မကင်းဖြစ်နေသည့် အခြေအနေမှာ ပေါ်လွင်ထင်ရှားလှသည်။

**အာရှဒေသ သမားရိုးကျမဟုတ်သော လုံခြုံရေးပြဿနာ**

၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နောက်ပိုင်း ကမ္ဘာ့နိုင်ငံအသီးသီးတွင် သမားရိုးကျ မဟုတ်သော လုံခြုံမှုပြဿနာများကို သိသိသာသာ မြင်တွေ့နေရသည်။ အမှန်အတိုင်း ပြောရလျှင် ကျွန်တော်တို့ ကြုံတွေ့နေရသည့် သမားရိုးကျ မဟုတ်သော လုံခြုံမှုပြဿနာများသည် နိုင်ငံတိုင်းရှိ ပြည်သူများ၏ ရှင်သန်လွတ်မြောက်ရေးနှင့် သာယာဝပြောရေးအတွက် စိန်ခေါ်မှုများအဖြစ် တည်ရှိနေကြသည်။ ယင်းပြဿနာများကို ခွဲခြမ်းစိတ်ဖြာကြည့်ပါက ရာသီဥတုပြောင်းလဲမှုများ၊ သယံဇာတရှားပါးမှု၊ ကူးစက်ရောဂါများ၊ သဘာဝဘေးအန္တရာယ်များ၊ ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာမှုများ၊ အစားအစာ ပြတ်လပ်မှုများ၊ လူမှောင်ခို ခိုးသွင်းမှုများ၊ မူးယစ်ဆေးဝါး ရောင်းဝယ်မှုများနှင့် နိုင်ငံဖြတ်ကျော် မှုခင်းများပင် ဖြစ်သည်။ ဤပြဿနာများကို နိုင်ငံတစ်နိုင်ငံချင်း ဖြေရှင်းခြင်းထက် နိုင်ငံပေါင်းစုံက ပြည့်စုံကျယ်ပြန့်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တုံ့ပြန်မှုများဖြင့် စုပေါင်းဖြေရှင်းခြင်းဖြင့်သာ ဟန့်တားအဖြေရှာနိုင်မည် ဖြစ်သည်။

ယနေ့အချိန်တွင် အာရှဒေသ၌ ကြုံတွေ့နေရသည့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများမှာ ကူးစက်ရောဂါများ၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများ၊ နယ်နိမိတ်ဖြတ်ကျော် ရွှေ့ပြောင်းသွားလာမှုများ၊ သဘာဝဘေးအန္တရာယ်များနှင့် အကြမ်းဖက်မှု ပြဿနာများပင်ဖြစ်သည်။

ယင်းပြဿနာများအနက် အရှုပ်ထွေးဆုံးနှင့် အထွေပြားဆုံးသော ပြဿနာနှစ်ရပ်မှာ နယ်နိမိတ် ဖြတ်ကျော်ရွှေ့ပြောင်းသွားလာမှုများနှင့် အကြမ်းဖက်တိုက်ခိုက်မှုများပင် ဖြစ်သည်။ ယင်းကဲ့သို့ အာရှဒေသအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဖြစ်ပေါ်နေသည့် အကြမ်းဖက်မှုများ၏ မြစ်ဖျားခံရာသည် အရှေ့အလယ်ပိုင်းဒေသရှိ အကြမ်းဖက်အဖွဲ့အစည်းများမှဖြစ်ပြီး ယင်းအကြမ်းဖက်တိုက်ခိုက်မှုများ အရှိန်ကောင်းလာစေရန် တွန်းပို့ခဲ့ကြသည့် လက်သည်တရားခံမှာ ရွှေ့ပြောင်းအခြေချနေထိုင်သူများပင်ဖြစ်ကြောင်း ကမ္ဘာအနှံ့ဖြစ်ပွားခဲ့ကြသည့် အကြမ်းဖက်မှုများက သက်သေခံလျက်ရှိသည်။

**နိုင်ငံတကာတွင် ဖြစ်ပွားလျက်ရှိသော အကြမ်းဖက်တိုက်ခိုက်မှုများ**

၂၀ ရာစုနှောင်းပိုင်း ကမ္ဘာကြီးကို ပြန်ကြည့်ပါက အစွန်းရောက် ရယ်ဒီကယ်အစ္စလာမ့်ဝါဒ လှုပ်ရှားမှုများ ဆက်တိုက်ဆိုသလို ပေါ်ထွက်လာကြသည်။ အထူးသဖြင့် ဆော်ဒီအာရေဗျမှ ဝါဟာဘီဂိုဏ်း၊ အာဖဂန်မှ တာလီဘန်များနှင့် အိုစမာဘင်လာဒင်တို့မှာ ထင်ရှားသည့် ရယ်ဒီကယ်အစ္စလာမ့်ဝါဒီများဟု ဆိုရမည်။ ၎င်းတို့အနေဖြင့် အစွန်းရောက်အယူအဆများကို အစ္စလာမ်လူထုအတွင်း သွတ်သွင်းကာ အမြစ်တွယ်ရှင်သန်စေခဲ့သည်မှာ ထင်ရှားလှသည်။ အီကောနော်မစ်မဂ္ဂဇင်းကြီးက ပြုစုထားသော စာရင်းဇယားများအရ ၁၉၈၃ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်း ဖြစ်ပွားခဲ့သော နိုင်ငံတကာ အကြမ်းဖက်မှု ၁၆ ခုအနက် ၁၂ ခုမှာ အစွန်းရောက် အစ္စလာမ့်အုပ်စုများနှင့် ပတ်သက်နေသည်ဟု သိရ၏။ ၂၀၁၅ ခုနှစ်အတွင်း ဥရောပဒေသ၌ ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများကို ကြည့်ပါက သမားရိုးကျမဟုတ်သော ရွှေ့ပြောင်းသွားလာသူများနှင့် တွဲကပ်၍ ပါလာကြောင်း တွေ့ရှိရမည် ဖြစ်သည်။ ၂၀၁၆ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ဥရောပ ဒေသသို့ ခိုလှုံခွင့်တောင်းခံသူများ ကျူးလွန်ခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများကို ကြည့်လျှင် ဝဲ့ဇ်ဘာက်ဂ် ရထားတိုက်ခိုက်မှု၊ အင်စ်ဘာက်ခ် ဗုံးခွဲတိုက်ခိုက်မှု၊ ဘာလင် ခရစ္စမတ်ဈေး တိုက်ခိုက်မှုနှင့် စတော့ဟုမ်း တိုက်ခိုက်မှုများကို တွေ့ရှိရမည်ဖြစ်ပြီး အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့၏ အစွန်းရောက်ဝါဒသွတ်သွင်းရန်နှင့် လူသစ်စုဆောင်းရန်အတွက် ရွှေ့ပြောင်းသွားလာသူများနှင့်ပူးကပ်ကာ ဥရောပဒေသသို့ ဝင်ရောက်လာခဲ့ကြောင်း တွေ့ရှိရမည် ဖြစ်သည်။

**အကြမ်းဖက်အန္တရာယ်နှင့် မြန်မာနိုင်ငံ**

ယနေ့အချိန်တွင် နိုင်ငံတကာလူမှုအသိုင်းအဝိုင်းတွင်သာမက မီဒီယာစာမျက်နှာများ၊ သံတမန်စာမျက်နှာများနှင့် ကမ္ဘာအရပ်ရပ်ရှိ ဆွေးနွေးပွဲများ၌ ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအပေါ် ဝေဖန်ပြစ်တင်မှုများ မိုးလုံးညံ့နေသည်ကို တွေ့ရသည်။ အထူးသဖြင့် ကုလသမဂ္ဂ၌ပင် မြန်မာနိုင်ငံအရေး ဆွေးနွေးပြစ်တင်လာကြသည်။

စင်စစ် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသော ပြဿနာများမှာ ဘာသာရေး၊ လူမျိုးရေးပြဿနာတစ်ရပ်မဟုတ်ဘဲ တရားမဝင်ဝင်ရောက်မှု၊ သဘာဝသယံဇာတများ ပိုင်ဆိုင်ရေးအတွက် အပြိုင်အဆိုင်ကြိုးပမ်းမှု၊ ဆင်းရဲနွမ်းပါးမှုနှင့် တရားဥပဒေစိုးမိုးမှုတို့ ပါဝင်ပတ်သက်နေသည့် နိုင်ငံရေးနှင့် စီးပွားရေးပြဿနာရပ်များသာ ဖြစ်သည်။ ၎င်းကိစ္စများကို နိုင်ငံတကာသတင်းမီဒီယာများက မျက်ကွယ်ပြုလျက်ရှိသည့်အပြင် ဘာသာရေးပြဿနာအဖြစ် ပုံဖော်နေခဲ့ကြခြင်းကြောင့် နိုင်ငံတကာ အသိုက်အဝန်းက ရခိုင်ပြည်နယ်အရေးကိစ္စအပေါ် ပိုမိုအာရုံစိုက်လာခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စကို ကိုဖီအာနန် အကြံပေးကော်မရှင် ဖွဲ့စည်းခြင်းအပါအဝင် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ခြင်းကြောင့် အပြုသဘောတုံ့ပြန်မှုများ ရရှိလာခဲ့သော်လည်း ၂၀၁၆ ခုနှစ် အောက်တိုဘာလဆန်းပိုင်းတွင် အစွန်းရောက် အကြမ်းဖက်သမားများက ရဲကင်းစခန်းသုံးခုကို တိုက်ခိုက်ခဲ့ခြင်းကြောင့် အခြေအနေ လုံးလုံးလျားလျား ပြောင်းလဲသွားခဲ့ရသည်။

အဆိုးဆုံးလုပ်ရပ်မှာ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်တွင် ကိုဖီအာနန် အကြံပေးကော်မရှင်၏ နောက်ဆုံးအစီရင်ခံစာ ထုတ်ပြန်ပြီး နာရီပိုင်းအတွင်း ARSA အကြမ်းဖက်အဖွဲ့က လုံခြုံရေးကင်းစခန်း ၃၀နှင့် ရဲတပ်ရင်းဌာနချုပ်တို့ကို တစ်ပြိုင်တည်း တိုက်ခိုက်မှုပင် ဖြစ်သည်။ ယင်းသို့ တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့များနှင့် အရပ်သားများစွာ သေကျေ၊ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။ ယနေ့အချိန်တွင် ဘင်္ဂလားဒေ့ရှ်သို့ နေရပ်စွန့်ခွာသွားသူများနှင့်ပတ်သက်၍ မြန်မာနိုင်ငံအပေါ် လူသားချင်းစာနာထောက်ထားမှုပြုရေးအတွက် ဝိုင်းဝန်းဝေဖန်တိုက်ခိုက်မှုများ ကြုံတွေ့နေရသည်။ အမှန်အတိုင်းပြောရလျှင် ဘင်္ဂလားဒေးရှ်နိုင်ငံသို့ နေရပ်စွန့်ခွာသွားသူများမှာ ARSA အကြမ်းဖက်အဖွဲ့၏ ခြိမ်းခြောက်လှုံ့ဆော်မှု၊ မမှန်ကန်သော မျှော်လင့်ချက်များဖြင့် စည်းရုံးဆောင်ရွက်မှု၊ အကြမ်းဖက်တိုက်ခိုက်မှုနှင့်ပတ်သက်၍ ဖမ်းဆီးခံရမည်ကို စိုးရိမ်မှုစသည်တို့ကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့ကြခြင်းသာ ဖြစ်သည်။

ဤဖြစ်စဉ်များကို လေ့လာကြည့်လျှင် ARSA အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုအပေါ် ဝေဖန်ရှုတ်ချမှုများ မပြုလုပ်ကြဘဲ မြန်မာအစိုးရနှင့် မြန်မာလူမျိုးများအပေါ် အပြစ်ပုံချဝေဖန် တိုက်ခိုက်မှုများကိုသာ တွေ့ရသည်။ စင်စစ် အကြမ်းဖက်မှုကို မည်သည့်ရည်ရွယ်ချက်၊ မည်သည့်ပုံစံဖြင့် ဆောင်ရွက်သည်ဖြစ်စေ ခွင့်ပြုလက်ခံ၍ မရသည်ကို နိုင်ငံတိုင်း၊ အစိုးရတိုင်းက နားလည်ပြီးဖြစ်သည်။ ယနေ့ ရခိုင်ပြည်နယ်တွင် ကြုံတွေ့နေရသည့် ပြဿနာသည် တရားမဝင် ဝင်ရောက်လာကြသူများနှင့် အတူ ပူးကပ်ဝင်ရောက်လာကြသည့် ARSA အကြမ်းဖက်သမားများ၏ အကြံအစည်နှင့် လုပ်ရပ်များကြောင့် ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။ ARSA အကြမ်းဖက်သမားများသည် အရှေ့အလယ်ပိုင်းရှိ IS အဖွဲ့၊ အယ်လ်ခိုင်ဒါအဖွဲ့တို့နှင့် မည်သို့ချိတ်ဆက်နေကြသည်ကို နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ကောင်းစွာသိရှိကြသော်လည်း ယခုကဲ့သို့ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် စွပ်စွဲပြစ်တင်ခြင်းများမှာ တရားမျှတမှုမရှိဟု ထင်မြင်ခံစားရသည်။

**မြန်မာကို စာနာပါ**

စစ်အေးတိုက်ပွဲအလွန် နိုင်ငံတကာဆက်ဆံရေးများတွင် "လူသားချင်းစာနာထောက်ထားမှု"စကားလုံးသည် ပုံစံသစ်ဖြင့် အတော်ပင်ရေပန်းစားလာခဲ့သည်။ သို့ရာတွင် ယင်းစကားလုံးကို အကာအကွယ်ပြု၍ ခေတ်ပြိုင်နိုင်ငံတကာ နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်ဆောင်ရွက်မှုများကို စိတ်မကောင်းဖွယ် တွေ့မြင်နေရသည်။ တစ်နည်းအားဖြင့် လူသားချင်းစာနာထောက်ထားမှုကို အနောက်တိုင်း စစ်ရေးတာဝန်များဖြင့် အလွန်နီးကပ်စွာ ဒွေးရောယှက်တင် အသုံးပြုမှုများရှိနေသည်ကို တွေ့မြင်ရသည့်အတွက်လည်း လွန်စွာစိတ်မကောင်းဖွယ်ဖြစ်ရသည်။ လူသားချင်းစာနာထောက်ထားမှု အစီအစဉ်များကို မလျော်မကန် အသုံးပြုကြခြင်းကြောင့် နိုင်ငံတကာ မညီမျှမှုများ ပပျောက်ရမည့်အစား အားဖြည့်ပေးသည့်ဘက်သို့ ယိမ်းယိုင်သွားမည်ကိုလည်း လွန်စွာစိုးရိမ်မိသည်။

ယနေ့အချိန်တွင် ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံအပေါ် လူသားချင်းစာနာထောက်ထားမှု စကားလုံးကို အကာအကွယ်ပြု၍ ဘက်ပေါင်းစုံမှ လွှမ်းမိုးအကျပ်ကိုင်ရန် ကြိုးပမ်းအားထုတ်မှုများကိုလည်း စိတ်မကောင်းဖွယ် တွေ့မြင်နေရသည်။ မြန်မာနိုင်ငံသည် ယနေ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာက ဝေဖန်ပြစ်တင်နေသကဲ့သို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများကို လျစ်လျူရှုနေခြင်း အလျှင်းမရှိပေ။ နေရပ်စွန့်ခွာသွားသူများကို ပြန်လည်လက်ခံရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်နိုင်ရေးတို့အတွက် FAO ၊ WFP ကဲ့သို့သော အဖွဲ့အစည်းများ၊ အာဆီယံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးဗဟိုဌာနတို့နှင့်ပူးပေါင်း ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်ကို နိုင်ငံတကာအသိုက်အဝန်း အားလုံးကို သိစေ၊ မြင်စေ၊ ကြားစေလိုသည်။ နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ကဏ္ဍများတွင်လည်း အပြုသဘော ပါဝင်ဆောင်ရွက်စေလိုသည်။

ရခိုင်ပြည်နယ်အရေးကိစ္စသည် သာမန်လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခမဟုတ်ဘဲ သမိုင်းဇာစ်မြစ်ကြီးမားသည့် ပထဝီနိုင်ငံရေးဆိုင်ရာ ပြဿနာရပ်ဖြစ်၍ ယင်းပဋိပက္ခပြဿနာများ မကြီးထွား၊ မခက်ခဲစေရန် မြန်မာလူမျိုးတိုင်းက သတိကြီးကြီးထား၍ ကိုင်တွယ်ဖြေရှင်းနေရသည်ကို စာနာနားလည်ပေးသင့်သည်။ နိုင်ငံတိုင်းတွင် မတူညီသည့် သမိုင်းကြောင်း၊ မတူညီသည့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်း၊ မတူညီသည့် စံတန်ဖိုးများ ရှိနေကြသည်ဖြစ်ရာ ပြဿနာရပ်တိုင်းကို တစ်ပုံစံတည်း သွတ်သွင်း ဖြေရှင်းဖို့ရာ မဖြစ်နိုင်ကြောင်း စဉ်းစားဆင်ခြင်သုံးသပ်ပေးသင့်သည်။

နိဂုံးချုပ်အားဖြင့် ကမ္ဘာ့နိုင်ငံကြီးများတွင် ကြုံတွေ့နေရသည့် ထိစပ်နယ်မြေများရှိ ရွှေ့ပြောင်းနေထိုင်မှု ပြဿနာရပ်တိုင်းသည် ရှုပ်ထွေးနက်နဲပြီး ဖြေရှင်းရန် ခက်ခဲတတ်သည်။ အမေရိကန်နိုင်ငံက တည်ဆောက်နေသည့် အမေရိကန်-မက္ကဆီကို နယ်စပ်တံတိုင်းကြီးကို ကြည့်ပါက နယ်စပ်ပြဿနာရပ်များနှင့် ဆက်စပ်ဖြစ်ပေါ်လာမည့် ပြဿနာများကို အမေရိကန်အစိုးရအနေဖြင့် မည်မျှပူပန်ကြောင့်ကြမှုရှိသည်ကို တွေ့နိုင်သည်။ တစ်နည်းအားဖြင့် နယ်စပ်ဖြတ်ကျော် ရွှေ့ပြောင်းသွားလာမှုများအပေါ် လူသားချင်းစာနာထောက်ထားမှု ရှုထောင့်က ကြည့်မြင်ခြင်းထက် အမေရိကန်နိုင်ငံ၏ လုံခြုံရေးရှုထောင့်က ကြည့်မြင်၍ ဆောင်ရွက်နေကြသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံသည် တရုတ်၊ လာအို၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများနှင့် ထိစပ်လျက်ရှိကြသည်။ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်တစ်လျှောက်တွင် ကြုံတွေ့နေရသည့် တရားမဝင် ဝင်ရောက်လာသူများနှင့်အတူ ပူးကပ်ဝင်ရောက်လာသည့် အကြမ်းဖက်သမားများ၏ အန္တရာယ်အတွက် မြန်မာလူမျိုးတိုင်းက စိုးရိမ်ကြောင့်ကြ ပူပန်နေကြသည်မှာ သဘာဝကျလှသည်။ ဖြစ်နိုင်မည်ဆိုလျှင် အာရှဒေသအပါအဝင် ကမ္ဘာတစ်ဝန်း ကြုံတွေ့နေရသည့် တရားမဝင်ရွှေ့ပြောင်းသွားလာမှုနှင့် အကြမ်းဖက်မှု ပြဿနာများအတွက် မြန်မာတို့အပေါ် စာနာနားလည်ပေးသင့်သည်ဟုသာ ဖွင့်ဟလိုက်ချင်သည်။

*ကိုးကား- ကျော်ဝင်း၊ ထောင်စုသစ်အိုင်ဒီယာများ*

# ရိခေါဒါရ် မြန်မာ-အိန္ဒိယ နယ်စပ်တံတားပေါ် ယာဉ်ဖြတ်သန်းမှု ခေတ္တပိတ်ထားပြီး လူနှင့် ကုန်စည်များသာ သွားလာခွင့်ရ

**ရိခေါဒါရ် မေ ၂၂**

ချင်းပြည်နယ်ရှိ နယ်စပ်ကုန်သွယ်ရေး ဝင်၊ ထွက်ပေါက်တစ်ခုဖြစ်သည့် ရိခေါဒါရ် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နယ်စပ်ချစ်ကြည်ရေးတံတားပေါ် ယာဉ်များ ဖြတ်သန်း ဝင်၊ ထွက်သွားလာခြင်းကို မေ ၂၁ ရက်မှစ၍ ခေတ္တပိတ်ထားကြောင်း သိရသည်။

မြန်မာ-အိန္ဒိယ နယ်စပ်တံတားပေါ် ယာဉ်များ ဖြတ်သန်း ဝင်၊ ထွက်မှု ပိတ်ပင်ရာတွင် ကုန်တင်ယာဉ်များသာမဟုတ်ဘဲ လူစီးယာဉ်များ၊ ပုဂ္ဂလိက ယာဉ်များပါ ဝင်၊ ထွက်မှုပိတ်ပင်ထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါနယ်စပ်တံတားပေါ် ယာဉ်များဖြတ်သန်းသွားလာမှု ခေတ္တပိတ်ပင်ထားခြင်း မရှိမီကာလများတွင် ကုန်ပစ္စည်းများကို နယ်စပ်တံတား ခံနိုင်ဝန်အား သတ်မှတ်ချက်နှင့်အညီ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ထားခြင်းဖြစ်ရာ ယခုတံတားပေါ် ယာဉ်များဖြတ်သန်းသွားလာမှု ခေတ္တပိတ်ပင်ခြင်းကြောင့် ကုန်စည်စီးဆင်းမှု နှောင့်နှေးကြန့်ကြာမှုနှင့် အခက်အခဲများ ကြုံတွေ့ရကြောင်း၊ မြန်မာနိုင်ငံဘက်မှ အဓိကပို့ကုန်ဖြစ်သည့် ကွမ်းသီးတင်ပို့မှုကို ရပ်နားခဲ့ရကြောင်း၊ အခြားကုန်သွယ်ပစ္စည်းများကို လူလုပ်အားနှင့် တွန်းလှည်းများဖြင့် တစ်ဖက်နိုင်ငံသို့ တင်ပို့ခဲ့ရကြောင်း၊ တစ်ဖက်အိန္ဒိယနိုင်ငံမှ သွင်းကုန်ဖြစ်သည့် ဓာတ်မြေဩဇာတင်ပို့မှုနှင့် အခြားကုန်ပစ္စည်းများကို လူလုပ်အားဖြင့် တံတားကိုဖြတ်၍ ပို့ဆောင်လာကြောင်း၊ ဤသို့ လူလုပ်အားဖြင့်သာ ကုန်ပစ္စည်းများ ပို့ဆောင်ရသဖြင့် ကုန်စည်စီးဆင်းမှု နှောင့်နှေးကြန့်ကြာသည့်အပြင် ကုန်ပစ္စည်းများ ထိန်းသိမ်းသိုလှောင်သည့် အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း ကုန်သည်တစ်ဦးထံမှ သိရသည်။

ထို့အပြင် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်မှ ရိဒ်ရေကန်လေ့လာရေး၊ အပန်းဖြေခရီးလာရောက်သူများသည် ရိဒ်ရေကန်အထိ မိမိအသုံးပြုသည့် အငှားယာဉ်များ၊ ကိုယ်ပိုင်ယာဉ်များဖြင့် လာရောက်ခြင်းကို ခွင့်ပြုပေးခြင်းဖြစ်ရာ ယခုကိစ္စကြောင့် ယာဉ်များကို နယ်စပ်တံတားအထိသာ ဖြတ်သွားလာနိုင်သဖြင့် နယ်စပ်တံတားမှ ရိဒ်ရေကန်အထိ နှစ်မိုင်ခန့်သွားလာရေး အခက်အခဲ ကြုံတွေ့နေရပြီး ယခုအတောအတွင်း ရိဒ်ရေကန်သို့ လာရောက်လည်ပတ်သူ နည်းပါးသွားကြောင်း သိရသည်။



အဆိုပါ ကိစ္စနှင့်ပတ်သက်၍ ဆက်စပ်စုံစမ်းမေးမြန်းချက်များအရ အိန္ဒိယနိုင်ငံဘက်ခြမ်းတွင် ယခုရက်အတွင်း အရေးကြီးပုဂ္ဂိုလ်ခရီးစဉ် ရှိသည်ဟု သိရကြောင်း၊ နှစ်ဖက်ကုန်သွယ်မှုတွင် မိမိဘက်မှ တရားဝင် ကုန်သွယ်မှုဖြစ်သော်လည်း တချို့ကုန်စည်များကို ၎င်းတို့ဘက်တွင် တရားမဝင် ကုန်စည်အဖြစ် သတ်မှတ်ထားမှုများရှိ၍ ယခုလို ခရီးစဉ်ရှိချိန်တွင် ခေတ္တပိတ်ထားခြင်းဖြစ်သည်ဟု နားလည်ကြောင်း၊ နယ်စပ်ကို တရားဝင်ပိတ်မည်ဆိုပါက နှစ်နိုင်ငံညှိနှိုင်းပြီးမှသာ ပိတ်ရန် နှစ်ဖက်သဘောတူချက်ထားရှိကြောင်း၊ ယခုလည်း လူနှင့် ကုန်စည်များကို ဖြတ်သန်းခွင့်ပြုထားပြီး ယာဉ်အသွားအလာကိုသာ ကန့်သတ်ခြင်းဖြစ်သဖြင့် လုံခြုံရေးပိုင်းက ဆောင်ရွက်ခြင်းဖြစ်နိုင်ကြောင်း၊ မည်မျှကြာမြင့်မည်ဟုလည်း သေချာမပြောနိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ထိန်ပင်အမှိုက်ပုံကို နေ့စဉ် စောင့်ကြည့်၍ မီသိန်းဓာတ်ငွေ့ လျှော့ချရေး ဆောင်ရွက်





**ထိန်ပင်အမှိုက်ပုံကို မီသိန်းဓာတ်ငွေ့လျှော့ချရေးအတွက် စက်ယန္တရားကြီးများဖြင့် ဖြတ်လမ်းဖောက်ခြင်း(ဝဲပုံ)နှင့် ကျောက်သားလမ်းခင်းခြင်း(ယာပုံ)တို့ ဆောင်ရွက်နေစဉ်။**

**ရန်ကုန် မေ ၂၂**

မီးလောင်မှု ဖြစ်ပွားခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ထိန်ပင်အမှိုက်ပုံကို ယခုအခါ နေ့စဉ်စောင့်ကြည့်လျက်ရှိသည့်အပြင် မီသိန်းဓာတ်ငွေ့လျှော့ချမှုကိုလည်း ဆောင်ရွက်နေကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး ဒေါက်တာအောင်မြင့်မော်က ပြောကြားသည်။

"လက်ရှိမှာတော့ မီးငြိမ်းသွားပြီဆိုပေမယ့် အမှိုက်ပုံက မီသိန်းထွက်ရှိမှုကြောင့် နေ့စဉ် စောင့်ကြည့်မှုတွေလုပ်နေပါတယ်၊ မီးလောင်ပြင်က တစ်ခုလုံးဆိုရင် ဧက ၁၅၀ လောက်ရှိတယ်၊ အပြင်ကို မီသိန်းဓာတ်ငွေ့တွေ ထွက်လို့မရဘူးဖြစ်နေတာကြောင့် မီသိန်းထွက်လို့ရအောင် အမှိုက်ပုံကို လေးထောင့်ပုံသဏ္ဍာန် ဖြတ်လမ်းလေးတွေ ဖောက်ပြီး မီသိန်းဓာတ်ငွေ့ လျှော့ချမှုတွေ လုပ်နေပါတယ်"ဟု ဒေါက်တာအောင်မြင့်မော်က ပြောသည်။

ဆက်လက်၍ ၎င်းက "ဧက ၁၅၀ ကို ဧက ၅၀ ချင်းစီ အပိုင်းလိုက်ခွဲခြားဆောင်ရွက်နေပါတယ်၊ အခုဆိုရင် မီးလောင်မှုဖြစ်ထားတဲ့အထဲက ဧက ၅၀ ကို စတင်ဆောင်ရွက်နေပါပြီ၊ အခုလိုလုပ်ခြင်းအားဖြင့် အမှိုက်ပုံဟာ ပေါင်မုန့်တုံးပုံသဏ္ဍာန် လေးထောင့်အကွက်လေးတွေ ဖြစ်သွားလို့ အပြင်ဘက်ကို မီသိန်းဓာတ်ငွေ့ထွက်နှုန်းတွေ ပိုပြီးအားကောင်းသွားနိုင်မှာဖြစ်ပါတယ်၊ အမှိုက်ပုံထဲမှာ မီသိန်းခိုအောင်းမှုလည်း အားနည်းသွားမှာပါ"ဟု ပြောသည်။

ထိုသို့ဆောင်ရွက်ရာတွင် စည်ပင်သာယာဝန်ထမ်း ၁၀၀ ခန့်နှင့်အတူ စက်ယန္တရားကြီးများကို အသုံးပြုပြီး ကွန်ကရစ်လမ်းခင်းခြင်း၊ ကျောက်သားလမ်းခင်းခြင်းတို့အပြင် မြေသားလမ်းနှင့် အမှိုက်လမ်းဖောက်လုပ်ခြင်းတို့ကို အပိုင်းလိုက်ဆောင်ရွက်နေကြောင်း သိရသည်။

အမှိုက်ပုံကို ပတ်၍ ဖောက်လုပ်ထားသော ရေမြောင်းများကို မိုးရေတင်ရှိစေရအောင် စီစဉ်ဆောင်ရွက်ထားသည့်အပြင် ယင်းကဲ့သို့ ဆောင်ရွက်မှုမျိုးကို မီးမလောင်သည့် အမှိုက်ပုံနေရာနှင့် အသစ်စွန့်ပစ်သည့် အမှိုက်ပုံနေရာတို့တွင်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ရခြင်းမှာ သွားလာမှုလွယ်ကူစေရန်နှင့် မီသိန်းဓာတ်ငွေ့များ လျော့ကျစေရန်အပြင် ထိုကဲ့သို့ မီးလောင်မှုမျိုး ထပ်မံမဖြစ်ပွားစေရန်တို့အတွက်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ယခုအခါ အဆိုပါ အမှိုက်ပုံကို စည်ပင်သာယာ မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ စည်ပင်သာယာဝန်ထမ်း ၄၀ တို့က မီးငြိမ်းသတ်ယာဉ် လေးစီးနှင့် နေ့စဉ်စောင့်ကြည့်နေသကဲ့သို့ မီသိန်းဓာတ်ငွေ့လျှော့ချရေးအတွက်လည်း စည်ပင်သာယာ ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိန်ပင်အမှိုက်ပုံ မီးလောင်မှုသည် ဧပြီ ၂၁ ရက် မွန်းလွဲပိုင်းက စတင်လောင်ကျွမ်းခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူတို့နှင့်အတူ သန္ဓေ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများနှင့် ဆည်မြောင်းဝန်ထမ်းများအပါအဝင် အင်အား ၁၀၀၀ ကျော်ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့မှုကြောင့် မီးလောင်မှုဖြစ်ပွားပြီး ၁၂ ရက်အကြာ မေ ၂ ရက် ညပိုင်းတွင် မီးငြိမ်းသွားခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုဖြစ်ပွားနေစဉ်အတွင်း အမှိုက်ပုံအတွင်းပိုင်းမှ လောင်ကျွမ်းနေမှုနှင့် မီးခိုးများထွက်ရှိနေမှုတို့ကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ မဟာဗျူဟာအရ ဧပြီ ၂၉ ရက်မှ စတင်၍ (A,B,C,D)ဇုန်များ ပိုင်းခြားသတ်မှတ်ကာ တစ်ရက်လျှင် တစ်ဇုန်နှုန်းဖြင့် ငြိမ်းသတ်နိုင်ခဲ့ခြင်းဖြစ်သည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၂**





တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းကော်ရှန်းအား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မေ ၁၂ ရက်က မူဆယ်မြို့နယ်အတွင်းရှိ လုံခြုံရေးစခန်းများနှင့် မြို့တွင်းရှိနေအိမ်များကို တိုက်ခိုက်ခံရမှု၊ ယင်းတိုက်ခိုက်မှုအပေါ် တရုတ်နိုင်ငံက ပြင်းထန်စွာ ပြစ်တင်ရှုတ်ချပြီး စိုးရိမ်ထိတ်လန့်၍ တရုတ်နိုင်ငံဘက်သို့ တိမ်းရှောင်ခဲ့သည့် အရပ်သားများအား တရုတ်နိုင်ငံက ကောင်းမွန်စွာစောင့်ရှောက်ပေးထားမှု၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်း ငြိမ်းချမ်းရေးရရှိရန်အတွက် အစိုးရနှင့် တပ်မတော်က ဆောင်ရွက်လျက်ရှိမှုနှင့် တရုတ်နိုင်ငံက ပါဝင်ကူညီ ဆောင်ရွက်လျက်ရှိမှုတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

### ❐ ကန့်သတ်တားမြစ်နယ်မြေမှ

Emirates လေကြောင်းလိုင်း၏ Boeing 777-31H(ER) လေယာဉ်သည် မေ ၂၀ ရက် ညနေ ၆ နာရီ ၅၅ မိနစ်ခန့်က ရန်ကုန်-ဖနွမ်းပင်ခရီးစဉ်အတွင်း မြို့ပြလေကြောင်းလိုင်းများ မပျံသန်းရန် ကန့်သတ်တားမြစ်နယ်မြေဖြစ်သော ရန်ကုန်မြို့ပေါ်မှ ဖြတ်သန်းကာ အနိမ့်ပျံသန်းသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ပျံသန်းသွားခဲ့ခြင်းမှာ ရာသီဥတုအခြေအနေကြောင့်ဖြစ်သည်ဟု ယင်းလေယာဉ်၏လေယာဉ်မှူးက စစ်ဆေးမှုတွင် ပြောဆိုထားကြောင်းလည်း သိရသည်။

"ကန့်သတ်နယ်မြေလို့ သတ်မှတ်ချက်ရှိတယ်၊ ဒီကန့်သတ်နယ်ထဲကို လေယာဉ်က ဝင်သွားတယ်၊ လေယာဉ်က ကန့်သတ်နယ်မြေထဲကို ပျံသန်းဝင်ရောက်တာကို ရေဒါကနေတစ်ဆင့် ချက်ချင်းသိတဲ့အတွက် လမ်းကြောင်းအတိုင်း ပျံသန်းဖို့ လေကြောင်းထိန်းမျှော်စင်ကနေ လေယာဉ်မှူးကို ချက်ချင်းအကြောင်းကြားခဲ့ပါတယ်၊ မနေ့က လေယာဉ်မှူးက Crew Rest လုပ်တဲ့အနေနဲ့ ဒီမှာပဲနားတယ်၊ လေယာဉ်မှူးကို ဘာကြောင့်ဖြစ်တယ်ဆိုတာကို စစ်ဆေးမေးမြန်းမှုအရ လေယာဉ်တက်ပြီး ခဏအကြာမှာ ရာသီဥတုမကောင်းလို့ လေယာဉ်က ဘယ်ဘက်ချိုးကွေ့ရာကနေ တားမြစ်နယ်မြေထဲ ရောက်သွားတာလို့ ပြောပါတယ်၊ ပြီးတော့ လေယာဉ်မှူးက ခရီးသည်တွေ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ရင်းဖြစ်သွားတယ်လို့လည်း ပြောပါတယ်။

"ဒါပေမယ့် ဘယ်အခြေအနေမျိုးမှာဖြစ်ဖြစ် တားမြစ်ထားတဲ့ နေရာကို ဝင်ခွင့်မရှိဘူးလို့ သတ်မှတ်ချက်ရှိပါတယ်၊ နိုင်ငံတကာမှာလည်း ရှိပြီးသားပါ၊ ကျွန်တော်တို့မှာလည်း လုပ်ထုံးလုပ်နည်း၊ သတ်မှတ်ချက်တွေရှိတဲ့အတွက် ဒီအတိုင်းပဲ ဆောင်ရွက်သွားမှာပါ"ဟု ညွှန်ကြားရေးမှူးက ပြောကြားသည်။

**ရှင်မင်း**

## ကချင်ပြည်နယ်တွင် ဖောက်ခွဲခံရသည့် ရထားလမ်းပိုင်းများပြုပြင်ပြီး၍ ပုံမှန်အတိုင်း ရထားပြန်လည်ပြေးဆွဲ

**မြစ်ကြီးနား မေ ၂၂**

မြစ်ကြီးနား-မန္တလေး မီးရထားလမ်းရှိ ကချင်ပြည်နယ်အပိုင်းတွင် မီးရထားတံတားသုံးစင်း ဖောက်ခွဲဖျက်ဆီးခံခဲ့ရပြီး မြန်မာ့မီးရထားဌာနနှင့် သက်ဆိုင်ရာဌာနများပူးပေါင်း၍ မီးရထားလမ်းတံတားများ ပြုပြင်ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုအခါ မီးရထားများ ပုံမှန်ပြေးဆွဲနေသည့်အချိန်အတိုင်း ပြန်လည်ပြေးဆွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။




"မီးရထားလမ်းပွင့်တာကတော့ မေ ၁၇ ရက် ည ၇ နာရီကျော်လောက်မှာ ပွင့်ခဲ့တာပါ၊ အဲဒီနေ့က ရထားတွေကို လွှတ်လို့ရပေမယ့် ညအမှောင်ပိုင်းရောက်ပြီဆိုတော့ ရထားတွေ အန္တရာယ်မဖြစ်အောင် မလွှတ်တော့တာပါ၊ ပြည်သူတွေသိတဲ့ နံနက် ၆ နာရီကနေ ည ၆ နာရီအတွင်းသာ သွားလာခွင့်ရမယ်ဆိုတာ မေ ၁၇ ရက် တစ်ရက်ပဲ ညမှောင်သွားလို့ ကချင်ပြည်နယ်လမ်းအပိုင်းမှာရှိတဲ့ ဘူတာတွေမှာ ရထားတွေကို ညအိပ်ခိုင်းထားပြီး မီးရထားလက်မှတ်ခတွေ ပြန်အမ်းပေးခဲ့ရတာပါ၊ မေ ၁၈ ရက် မွန်းလွဲ ၂ နာရီကနေစပြီး ဖောက်ခွဲခံခဲ့ရတဲ့ မီးရထားတံတားသုံးစင်းပြုပြင်ပြီးလို့ စိတ်ချရတာကြောင့် ရထားတွေပုံမှန်အချိန်အတိုင်း ပြန်လည် ပြေးဆွဲပေးနေပါပြီ"ဟု မြစ်ကြီးနားဘူတာ ရုံပိုင်ချုပ် ဦးခင်သော်က ပြောသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ညောင်လေးပင်၌ ရထားမှုခင်း လျှော့နည်းကျဆင်းရေး ဟောပြော

**ပဲခူး မေ ၂၂**

ရထားရဲတပ်ဖွဲ့ အမှတ်(၁၁)တပ်ခွဲ တပ်စု(၁) (ညောင်လေးပင်) တပ်စုမှူး ရဲအုပ်ဝင်းလှိုင်ဦးစီးအဖွဲ့သည် မေ ၂၀ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ ညောင်လေးပင်ဘူတာ၌ ရထားနှင့်ယာဉ်တိုက်မိသည့် ဖြစ်စဉ်များ၊ ရထားကြိတ်/တိုက်ဖြစ်စဉ်များကြောင့် ထိခိုက်ဒဏ်ရာရသေဆုံးမှုများ လျှော့နည်းကျဆင်းရေး၊ မှုခင်းကျဆင်းရေးနှင့် ရထားခဲပေါက်မှုဖြစ်စဉ်များ မဖြစ်ပွားစေရေးအတွက် အသိပညာပေးဟောပြောခြင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေချိုးဖောက်မှုများ ရှင်းလင်းခြင်းများ ဆောင်ရွက်ရာ ညောင်လေးပင်မြို့ မြို့မ(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူး၊ ညောင်လေးပင်ဘူတာရုံပိုင်(တာဝန်ခံ)နှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကြေးမုံ**

## ဗီယက်နမ်နည်းပညာဖြင့် ငါးရှဉ့်သားဖောက်မှု ခုနစ်လအကြာတွင် စမ်းသပ်အောင်မြင်

**ရန်ကုန် မေ ၂၂**

မြန်မာမျိုးရင်းငါးရှဉ့်များကို ဗီယက်နမ်နည်းပညာဖြင့် သားဖောက်ခဲ့ရာ ခုနစ်လအကြာတွင် ပထမဦးဆုံးအကြိမ်အဖြစ် အောင်မြင်မှုရရှိပြီဖြစ်သည်။

ပြီးခဲ့သည့်နှစ်အတွင်းက MFF မှ တာဝန်ရှိသူများသည် ဗီယက်နမ်နိုင်ငံသို့သွားရောက်ကာ ငါးရှဉ့်သားဖောက်မှု နည်းပညာကို လေ့လာခဲ့ပြီးနောက် ယခုကဲ့သို့ စမ်းသပ်သားဖောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း MFF ဒု-ဥက္ကဋ္ဌ ဒေါ်တိုးနန္ဒာတင်ကပြောသည်။

"မြန်မာနိုင်ငံအနေနဲ့ပထမဆုံးဖောက်တဲ့သားပေါက်ဖြစ်တဲ့အတွက် MFF အနေနဲ့ ဂုဏ်ယူမိပါတယ်၊ ဒီဟာက ဘာကိုသွားပြီးအကျိုးပြုမလဲဆိုရင် ကျေးလက်ဒေသဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်တယ်"ဟု ၎င်းက ပြောသည်။ ပြီးခဲ့သည့်နှစ် ဩဂုတ်လမှစတင်ကာ မြန်မာနိုင်ငံဒေသတချို့မှ ငါးရှဉ့်မျိုးများကို စုဆောင်းကာ အောက်တိုဘာလမှ စတင်ကာ သားဖောက်သည့်လုပ်ငန်းကို စတင်ခဲ့ကြောင်း သိရသည်။

လွန်ခဲ့သည့်နှစ်ပတ်မှစတင်ကာ သားပေါက်အကောင်ရေ ၂၀၀ ကျော် စတင်ရရှိလာပြီဖြစ်ပြီး ယခုတွင်လည်း ထပ်မံထွက်ရှိလာကြောင်း သိရသည်။ လက်ရှိအချိန်တွင် ရက်သတ္တခုနစ်ပတ်သားအရွယ် သားပေါက်များကို အစာစက်ရုံမှထွက်ရှိသော ငါးစာအမှုန့်များစမ်းသပ်ကျွေးနေပြီဖြစ်ပြီး သုံးပတ်ကျော်လွန်ပါက nusery အဆင့်ကို ကျော်လွန်ပြီဖြစ်ကြောင်း ဒေါ်တိုးနန္ဒာတင်က ရှင်းပြောသည်။ "တကယ်လို့သားဖောက်ပြီးရင် ၅ ပေ ပတ်လည်ရှိတဲ့ကန်မှာ သဘာဝရွှံ့ထည့်ပြီးမွေးရင် ကောင်းကောင်းကြီးထွားတယ်၊ အခုက ပေါက်နေတဲ့ငါးတွေကို ငါးစာမှုန့်ကျွေးကြည့်နေတယ်၊ အစာအရှင်ကိုပဲမဟုတ်ဘဲ အစာစက်ရုံက ထုတ်တဲ့အစာကို ကျွေးလို့ရရင် မြန်မာနိုင်ငံဘယ်နေရာမှာမဆို လွယ်လွယ်ကူကူမွေးလို့ရပြီ"ဟု ၎င်းကပြောသည်။

MFF အနေဖြင့် အဆိုပါသားဖောက်မှုဖြစ်စဉ်တစ်လျှောက်လုံးကို ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာနနှင့် ပူးပေါင်းကာ အသေးစိတ်လေ့လာပြီး စာတမ်းတစ်စောင်ပြုစုသွားမည်ဖြစ်သကဲ့သို့ သားဖောက်သည့် နည်းပညာကိုလည်း ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

MFF အနေဖြင့် ငါးရှဉ့်သားဖောက်ပြီး ထုတ်လုပ်သည့်လုပ်ငန်းကို စီးပွားဖြစ် ထုတ်လုပ်မွေးမြူနိုင်ရန် ရည်ရွယ်ထားပြီး သားဖောက်ခြင်းကို ထပ်မံလုပ်ဆောင်နိုင်ရန် မြန်မာနိုင်ငံအနှံ့အပြားရှိ ငါးရှဉ့်ထွက်ရှိရာဒေသများနှင့် ဆက်သွယ်ကာ မျိုးငါးများ ဝယ်ယူစုဆောင်းရန် ပြင်ဆင်နေကြောင်း သိရသည်။


လက်ရှိအချိန်တွင် မြန်မာနိုင်ငံမှ ငါးရှဉ့်ထုတ်လုပ်မှုသည် တရားမဝင်ငါးဖမ်းသည့် ဘက်ထရီရှော့ခ်တိုက်မှုများကြောင့် မျိုးပွားအင်္ဂါများ ပျက်စီးကာ ထွက်ရှိမှုကျဆင်းလာနေကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ငါးရှဉ့်ကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။ ငါးရှဉ့်တစ်ကောင်သည် အနည်းဆုံး ဥ ၂၀၀ မှ ၁၀၀၀ အကြား ဥနိုင်သဖြင့် ယခုသားဖောက်လုပ်ငန်းအောင်မြင်ပါက တစ်ပိုင်တစ်နိုင် ငါးမွေးမြူသူများပင် အလွယ်တကူ မွေးမြူနိုင်ကြောင်း သိရသည်။

MFF အနေဖြင့် မကြာခင်ကာလတွင် ဗီယက်နမ်နိုင်ငံမှ ငါးရံ့၊ ငါးပြေမနှင့် ငါးတန် မျိုးငါး ၁၀၀၀ စီနှင့် သားပေါက်ကောင်ရေ တစ်သိန်းစီတင်သွင်းပြီး သားဖောက်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **GNLM**



# ပြည်ပသတင်းမီဒီယာများပါဝင်သည့် သတင်းအဖွဲ့ မောင်တောဒေသ၌ သတင်းရယူ



သတင်းမီဒီယာအဖွဲ့များ လှဖိုးခေါင်ကြားစခန်းအတွင်း လှည့်လည်သတင်းရယူကြစဉ်။



သတင်းမီဒီယာအဖွဲ့များ အင်းဒင်ကျေးရွာ ပြည်သူများနှင့် တွေ့ဆုံမေးမြန်း သတင်းရယူကြစဉ်။

**မောင်တော မေ ၂၂**

ပြည်ပသတင်းမီဒီယာများပါဝင်သည့် သတင်းမီဒီယာအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့မှ အမြန်ရေယာဉ်ဖြင့် ရသေ့တောင်မြို့နယ် အငူမော်ဆိပ်ကမ်းသို့ ရောက်ရှိကြသည်။

သတင်းမီဒီယာအဖွဲ့သည် မော်တော်ယာဉ်များဖြင့် အင်းဒင်ကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံမေးမြန်းသတင်းရယူကြသည်။

ထို့နောက် သတင်းအဖွဲ့သည် မောင်တောမြို့နယ် ကိုင်းကြီး(မြို)ရွာသို့ ရောက်ရှိပြီး ကျေးရွာတာဝန်ခံ ဦးစံထွန်းနှင့်တွေ့ဆုံကာ ကိုင်းကြီးကျေးရွာ အကြမ်းဖက်တိုက်ခိုက်ခံရမှု၊ ကိုင်းကြီး(မြို) ကျေးရွာသစ် တည်ဆောက်ပြီးစီးမှု၊ စားနပ်ရိက္ခာအခြေအနေတို့ကို တွေ့ဆုံမေးမြန်း သတင်းရယူကြသည်။

ယင်းနောက် သတင်းအဖွဲ့သည် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမသို့ ရောက်ရှိပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ခရိုင်အုပ်ချုပ်ရေးမှူးက မောင်တောဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ၊ မောင်တောဒေသပြန်လည်ထူထောင်ရေး ဆိုင်ရာများ၊ ၂၀၁၆ ခုနှစ် မောင်တောဒေသအတွင်း ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်ခဲ့မှုနှင့် အကြမ်းဖက်သတ်ဖြတ်ခံရမှုများ၊ ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့၏ ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း အကြမ်းဖက်မှုများ၊ အဆိုပါအကြမ်းဖက်အဖွဲ့များအား တရားဥပဒေနှင့်အညီ တန်ပြန်ဆောင်ရွက်ခဲ့မှုများ၊ ဒေသတွင်းစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးဆောင်ရွက်ထားရှိမှုများ၊ မောင်တောဒေသမှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားရာ သတင်းအဖွဲ့က သိရှိလိုသည်များကို မေးမြန်းကြသည်။

ယင်းနောက် သတင်းအဖွဲ့သည် မော်တော်ယာဉ်များဖြင့် လှဖိုးခေါင်ကြားစခန်းသို့ ရောက်ရှိကြသည်။

လှဖိုးခေါင်ကြားစခန်းတွင် စခန်းတည်ဆောက်ထားရှိမှု၊ မောင်တောဒေသမှ နေရပ်စွန့်ခွာသူများအား စခန်းအတွင်း ပြန်လည်လက်ခံနိုင်ရန် အသင့်ပြင်ဆင်ဆောက်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို စီမံကိန်းတာဝန်ခံ ဦးတင်စိုးက ရှင်းလင်းပြောကြားရာ သတင်းအဖွဲ့က သိရှိလိုသည်များကို မေးမြန်းကြပြီး စခန်းအတွင်း လှည့်လည်သတင်းရယူကြသည်။

ဆက်လက်၍ သတင်းအဖွဲ့သည် မောင်တောမြို့နယ် ပန်းတောပြင်ကျေးရွာသို့ ရောက်ရှိပြီး ပန်းတောပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအန်နိုဝါနှင့် တွေ့ဆုံ၍ ပန်းတောပြင်ကျေးရွာအတွင်းဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်များ၊ နေရပ်စွန့်ခွာသူများ၏ အခြေအနေ၊ ကျေးရွာသစ် တည်ဆောက်ထားရှိမှု၊ NV Card ဆိုင်ရာများ၊ အကြမ်းဖက်ဖြစ်စဉ်အတွင်း ပန်းတောပြင်ကျေးရွာမီးလောင်ကျွမ်းမှုနှင့် ပန်းတောပြင်ကျေးရွာ၏ လူမှုစီးပွားအခြေအနေများကို မေးမြန်းသတင်းရယူကြသည်။

ထို့နောက် သတင်းအဖွဲ့သည် မောင်တောမြို့ ကညင်တန်းဈေးသို့ ရောက်ရှိကြပြီး နှစ်ဖက်အသိုက်အဝန်းများအကြား အတူတကွ နေထိုင်သွားလာလှုပ်ရှားမှုအခြေအနေများကို တွေ့ဆုံမေးမြန်း သတင်းရယူခဲ့ကြသည်။ **မင်းမင်းဇော်(သတင်းစဉ်)**

**■ မောင်တောမှ**

ကြည့်ရှု၍ လိုအပ်သည်များကိုပံ့ပိုးပေးခဲ့ပြီး အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် တွေဆုံဆွေးနွေးကာလိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။

မေ ၂၁ ရက်တွင် ကွင်းဆင်းအဖွဲ့သည် မောင်တောမြို့နယ် တောင်ပြို(လက်ဝဲ) ဆေးရုံသို့ရောက်ရှိခဲ့ပြီး ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လူနာဆောင်နှင့် ဝန်ထမ်းအိမ်ရာတိုးချဲ့ ဆောက်လုပ်နေမှုအခြေအနေများကိုကြည့်ရှု၍ လိုအပ်သည်များကိုပံ့ပိုးပေးခဲ့ကာ ပြန်လည်ဝင်ရောက်လာသည့် လူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက်လည်း လိုအပ်ချက်များအား ဖြည့်ဆည်းပေးခဲ့သည်။

ဆက်လက်၍ လှဖိုးခေါင်ကြားစခန်းတွင် တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့်သူများအား ပြန်လည်လက်ခံရာတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ဆေးပေးခန်းများ ပြင်ဆင်ထားရှိမှု၊ သားဖွားခန်း စီစဉ်ထားရှိမှုနှင့် ဆေးအဖွဲ့များအသင့်ပြင်ဆင်ထားရှိမှုစသည်များကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပံ့ပိုးပေးခဲ့သည်။

ထို့အပြင် ကွင်းဆင်းအဖွဲ့သည် ခရီးစဉ်အတွင်း မောင်တောဒေသရှိ ကျေးရွာများ၌ ရွေ့လျားဆေးအဖွဲ့များဖြင့် ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်း ကြည့်ရှုစစ်ဆေး၍ ပံ့ပိုးအားဖြည့် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒက္ခိဏသီရိမြို့နယ်တွင် စိုက်ပျိုးရေးနည်းပညာဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မေ ၂၂**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကျေးရွာဆယ်မားအူးလ်အွန်ဒုန် စီမံကိန်းကော်မတီတို့ ပူးပေါင်း၍ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် နည်းပညာဆွေးနွေးခြင်းကို မေ ၁၈ ရက် မွန်းလွဲ ၁ နာရီက ဒိုးနွယ်အုပ်စု ဒိုးနွယ်ကျေးရွာရှိ ကျေးရွာစီမံကိန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများက သစ်စိမ့်မြေဩဇာကျွေးနည်း၊ မြေဆွေးပုံပြုလုပ်နည်း၊ မျိုးကောင်းမျိုးသန့် ပြောင်းလဲသုံးစွဲရေး၊ ခေါင်နှံရွေးချယ်၍ မျိုးသန့်ပွားများခြင်း၊ ရိတ်သိမ်းသုံးစွဲလွှန် နည်းပညာ၊ စပါးပန်းတိုင် အထွက်တင်း ၁၀၀ ထွက်ရှိသော နည်းလမ်းများ၊ သီးနှံများတွင် ရောဂါပိုးမွှားများ ကျရောက်ချိန်နှင့်မကျရောက်မီ ကြိုတင်ကာကွယ်ရမည့်အချက်များ၊ ဆယ်မားအူးလ်အွန်ဒုန်စီမံကိန်း ဆောင်ရွက်ချက်များစသည်တို့ကို ဆွေးနွေးခဲ့ကြရာ ကျေးရွာသစ်စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့ဝင်များနှင့် စိုက်ပျိုးတောင်သူ ၁၀၂ ဦး တက် ရောက်ခဲ့ကြကြောင်း သိရသည်။ **မင်းမင်းလတ်(ရှုပဗေဒ)**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲနည်း သင်တန်းဖွင့်

**ကျောက်တံခါး မေ ၂၂**

ပဲခူးခရိုင် ကျောက်တံခါးမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်သည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ရေးဆွဲနည်း သင်တန်းအမှတ်စဉ် (၁/၂၀၁၈) ဖွင့်ပွဲကို မေ ၂၂ ရက် နံနက် ၁၀ နာရီက မြို့နယ်ထွေ/အုပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက Lift Fund ၏ နည်းပညာအကူအညီဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးလက်နေပြည်သူများ ကိုယ်တိုင်စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို မေ ၂၂ ရက်မှ ၂၅ ရက်အထိ လေးရက်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး ကျေးရွာအုပ်စု ၁၀ အုပ်စုမှ တစ်အုပ်စုလျှင် နှစ်ဦးနှုန်းဖြင့် သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

# ဖားကန့်၌ စွန့်ပစ်မြေစာပုံပြိုကျ၍ ရေမဆေးကျောက်ရှာဖွေသူ တစ်ဦးသေဆုံး



**ဖားကန့် မေ ၂၂**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဘဇံချောက်ကျေးရွာအနီးရှိ တစ်သုံးလုံးကုမ္ပဏီအဟောင်းတွင် ယနေ့နံနက် ၅ နာရီခန့်က ပေ ၅၀ ခန့်ရှိ စွန့်ပစ်မြေစာပုံပြိုကျခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် ရေမဆေးကျောက်ရှာဖွေသူ ဆိပ်မူကျေးရွာ ရပ်ကွက်(၄)နေ ဦးချုံရှင်း(၅၈)နှစ်၏အပေါ်သို့ မြေစာပုံပိ၍ သေဆုံးခဲ့ကြောင်း သိရသည်။

မြေစာပုံပြိုကျရာနေရာသို့ ဖားကန့်မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ဆိပ်မူကျေးရွာမီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင်များ၊ သဒ္ဓါလူမှုကူညီရေးအသင်းတို့က ရှာဖွေကယ်ဆယ်ရေးများလုပ်ဆောင်ကာ သေဆုံးသည့်ရုပ်အလောင်းအား ဖားကန့်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားသည်။ ဖားကန့်တွင် မြေစာပုံပြိုကျမှုများ မကြာခဏဖြစ်ပွားပြီး ရေမဆေးကျောက်ရှာဖွေသူ များစွာသေဆုံးခဲ့ပြီး ဖြစ်သည်။ မေ ၂၀ ရက် ညနေက ကျောက်ကမ်းပါးယံ ပြိုကျမှုကြောင့် ရေမဆေးကျောက် ရှာဖွေသူတစ်ဦး သေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိပြီးနောက် ယခုထပ်မံဖြစ်ပွားခြင်း ဖြစ်သည်။

**ဝင်းနိုင်(ကချင်မြေ)**

# ရသေ့တောင်မြို့၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ စတင်ထုတ်ချေး

**ရသေ့တောင် မေ ၂၂**
ရခိုင်ပြည်နယ် စစ်တွေခရိုင် ရသေ့တောင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၈ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ယနေ့ နံနက် ၉ နာရီ က အရှေ့မြောက်အုပ်စုနှင့် ထီးစွဲကျေးရွာအုပ်စုရှိ တောင်သူ ၆၀၊ ၃၂၇ ဧကအတွက် ငွေကျပ် ၄၀၉ ဒသမ ၅ သိန်း စတင်ထုတ်ချေးလျက်ရှိကြောင်း သိရသည်။



ရသေ့တောင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ယခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို ကျေးရွာအုပ်စု ၈၉ အုပ်စုသို့ ငွေကျပ်သိန်း ၈၁၂၅၀ ထုတ်ချေးရန် လျာထားကြောင်း မြို့နယ်မန်နေဂျာ ဦးသန်းနိုင်က ပြောကြားသည်။

"ရသေ့တောင်မြို့နယ်ကို မိုးရာသီစိုက်ပျိုးစရိတ်ချေးရာမှာ အရင်နှစ်က တောင်သူ သုံးဦး အစုအဖွဲ့အလိုက် (ဝိုင်းလေးချုပ်) အာမခံစနစ်နဲ့ ထုတ်ပေးခဲ့ပါတယ်၊ အခုနှစ်မှာ တောင်သူတစ်ဦးချင်းက ကိုယ်ပိုင်အာမခံစနစ်နဲ့ ထုတ်ချေးသွားမှာဖြစ်ပါတယ်၊ အတိုးနှုန်း ပြောင်းလဲခြင်းမရှိပါဘူး၊ အခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေတွေကို ဇွန်လကုန်အပြီး ထုတ်ချေးသွားမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောကြားသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**



# မြန်အောင်မြို့နယ်တွင် မိုးစပါးချေးငွေများ စတင်ထုတ်ချေး

**မြန်အောင် မေ ၂၂**
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြန်အောင်ဘဏ်ခွဲတွင် မေ ၁၈ ရက်က စတင်၍ ၂၀၁၈ ခုနှစ် မိုးစပါးချေးငွေများကို စတင်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

၂၀၁၈ ခုနှစ် မိုးစပါးချေးငွေများကို ပုံစံ(၇)မူရင်း ဘဏ်တွင်အပေါင်ယူ၍ အိမ်ထောင်စုစာရင်းတစ်ခုတွင် တစ်ဦးသာ ထုတ်ချေးပေးမည်ဖြစ်ပြီး တစ်ဧက ငွေကျပ် ၁၅၀၀၀၀ ထုတ်ပေးမည်ဖြစ်ကြောင်း၊ မြန်အောင်မြို့နယ်အတွင်း ယခုနှစ် မိုးစပါးချေးငွေ ထုတ်ချေးမည့် လယ်ဧက ၁၀၃၀၀ ဧက လျာထားကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြန်အောင်ဘဏ်ခွဲမှ မြို့နယ်တာဝန်ခံ ကြီးကြပ်ရေးမှူး ဒေါ်သင်းသင်းအောင်ထံမှ သိရသည်။ **ဝင်းဗိုလ်(ပြန်/ဆက်)**

# ကျောက်ဆည်၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း သင်တန်းဖွင့်

**ကျောက်ဆည် မေ ၂၂**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မေ ၂၂ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အတွင်းရှိ ကျေးရွာများဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျား၊ မ ကွာဟမှု လျော့နည်းစေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ရေးဆွဲနည်းသင်တန်း ဖွင့်လှစ်ရာ မြို့နယ်ဦးစီးမှူး ဒေါ်အေးသူဇာလှက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေါ်ခင်မာဝင်းနှင့် ဒေါ်မေသက်ထားတို့ ဦးဆောင်မှုဖြင့် တက်ရောက်လာကြသော သင်တန်းသား သင်တန်းသူများ ပူးပေါင်းကာ ကျေးရွာတည်နေရာအလိုက် ကျေးရွာလိုအပ်ချက်များကို စီမံကိန်းလမ်းညွှန်ချက်ပါအတိုင်း စုပေါင်းရေးဆွဲခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျပ်သိန်း နှစ်သောင်းဆု ချီးမြှင့်မည့် ကျပ်တစ်ထောင်တန် အောင်ဘာလေထီ ၂၀၁၉ ခုနှစ်တွင် စတင်ဖွင့်လှစ်နိုင်ဖွယ်ရှိ

**ရန်ကုန် မေ ၂၂**
အမြင့်ဆုံးဆုကြေးအဖြစ် ကျပ်သိန်းနှစ်သောင်းချီးမြှင့်မည့် ကျပ်တစ်ထောင်တန် အောင်ဘာလေထီ လာမည့် ၂၀၁၉ ခုနှစ်တွင် စတင်ဖွင့်လှစ်နိုင်ဖွယ်ရှိနေကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။



ကျပ် ၅၀၀ တန် အောင်ဘာလေထီနှင့် အမြင့်ဆုံးဆုကြေး ကျပ်သိန်းတစ်သောင်းအပါအဝင် ဆုမဲပေါင်းတစ်သိန်းကျော် ဖွင့်လှစ်လျက်ရှိရာတွင် ထပ်မံ၍ ကျပ်တစ်ထောင်တန် အောင်ဘာလေထီကို ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ရရှိပါက ရောင်းချပေးသွားရန် အစီအစဉ်ရှိကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနမှ သိရသည်။

"တစ်ထောင်တန် ထီလက်မှတ်ကို ရောင်းချမယ်ဆိုရင် လွှတ်တော်ကို တင်ပြမယ်၊ သဘောတူခွင့်ပြုမယ်ဆိုရင် ကျပ် ၅၀၀ တန် ထီနဲ့အတူ ရောင်းချပေးဖို့ရှိပါတယ်၊ တကယ်လို့ ခွင့်ပြုခဲ့မယ်ဆိုရင် ထီလက်မှတ် ရိုက်နှိပ်ဖို့ ပြင်ဆင်ဖို့တွေနဲ့ဆိုတော့ ၂၀၁၉ နှစ်ဆန်းပိုင်း ဇန်နဝါရီလောက်ဖြစ်သွားနိုင်တယ်၊ ဒီနှစ် အောက်တိုဘာလထဲတော့ မမီလောက်ဘူးလို့ ယူဆပါတယ်"ဟု ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်က အမြင့်ဆုံးဆုငွေ ကျပ်သိန်းတစ်သောင်း ချီးမြှင့်ခဲ့သည့် ကျပ် ၅၀၀ တန် အောင်ဘာလေထီကို စတင်ဖွင့်လှစ်ခဲ့ရာ ဆုမဲပေါင်း တစ်သိန်းကျော် ချီးမြှင့်လျက်ရှိသည်။ လက်ရှိတွင် ကျပ် ၅၀၀ တန် အောင်ဘာလေထီဆုမဲများအနေဖြင့် အမြင့်ဆုံးဆု ကျပ်သိန်းတစ်သောင်းအပါအဝင် ကျပ်သိန်း ငါးထောင်ဆု၊ ကျပ်သိန်း သုံးထောင်ဆု၊ ကျပ်သိန်းတစ်ထောင်ဆု၊ ဆုတစ်ဆုချင်းစနစ်တွင် ကျပ်သိန်းတစ်ရာဆု၊ ကျပ်သိန်း ငါးဆယ်ဆု၊ ကျပ်ဆယ်သိန်းဆု၊ ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်တွင် ကျပ်သုံးသိန်းဆု၊ ကျပ်နှစ်သိန်းဆု၊ ကျပ်တစ်သိန်းဆု၊ ကျပ်ငါးသောင်းဆုတို့ဖြစ်ပြီး ထီလက်မှတ် ရောင်းချခဲ့သည့်အပေါ်မူတည်၍ ထီလက်မှတ်စာအုပ်ရောင်းရငွေပေါင်းမှ ၆၀ ရာခိုင်နှုန်းကို ထီဆုငွေအဖြစ် ခွဲဝေပေးပြီး ကျန် ၄၀ ရာခိုင်နှုန်းကို နိုင်ငံတော် ဘဏ္ဍာငွေအဖြစ် ထည့်ဝင်လျက်ရှိသည်။

ကျပ် တစ်ထောင်တန်ထီအဖြစ် ဖွင့်လှစ်ရောင်းချနိုင်ပါက အမြင့်ဆုံးဆု ကျပ်သိန်းနှစ်သောင်းအပါအဝင် ဆုမဲအရေအတွက်လည်း ပိုမိုများပြားလာမည်ဖြစ်ကြောင်း သိရသည်။ သို့ရာတွင် လက်ရှိကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို ပြင်ပတွင် မူရင်းဈေးထက် ပိုမိုရောင်းချလျက်ရှိပြီး နယ်မြို့များတွင် ဈေးပိုတင်လေ့ရှိကြောင်း သိရသည်။ ယင်းအတွက် ကျပ်တစ်ထောင်တန် ထီလက်မှတ်တွင်လည်း အများပြည်သူ စိတ်ဝင်စားမှုရှိသော်လည်း ဈေးနှုန်းတစ်ပြေးညီ ရောင်းချနိုင်ရန် လိုအပ်ကြောင်း ဝေဖန်လျက်ရှိသည်။ **ဝဝ၁**

# ရေနံလုပ်ကွက် အေ-၆ တွင် ၂၀၁၈ ခုနှစ်အတွင်း အကဲဖြတ်တွင်း တူးဖော်ရေး ပြည်သူကို အသိပေး



**ပုသိမ် မေ ၂၂**
Woodside အကျိုးတူပူးပေါင်းဆောင်ရွက်သူများ၏ကိုယ်စား ဧရာဝတီတိုင်းဒေသကြီးရှိ ရေနံလုပ်ကွက် အေ-၆ တွင် ၂၀၁၈ ခုနှစ်အတွင်း အကဲဖြတ်တွင်း တစ်တွင်း တူးဖော်ရန် အစီအစဉ်များကို ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရှင်းလင်းပွဲကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် မေ ၂၂ ရက် ညနေ ၃ နာရီတွင် ကျင်းပခဲ့သည်။

Woodside ကုမ္ပဏီသည် သြစတြေးလျနိုင်ငံအခြေစိုက် အကြီးဆုံးရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီဖြစ်ပြီး မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်မှစတင်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။ ယခု အေ-၆ သည် မြန်မာနိုင်ငံအနောက်ဘက်ရှိ ဧရာဝတီတိုင်းဒေသကြီး ကမ်းလွန်ဒေသတွင် တည်ရှိသည်။ စီစဉ်ထားရှိသည့် တူးဖော်မည့် တွင်း၏ တည်နေရာမှာ မြန်မာ့ကမ်းရိုးတန်းမှ (မိုင် ၄၀) ၆၅ ကီလိုမီတာခန့်တွင် တည်ရှိသည်။

၂၀၁၈ ခုနှစ်အတွင်း အကဲဖြတ်တွင်းတစ်တွင်း တူးဖော်ရန် စီစဉ်ဆောင်ရွက်ရေးနှင့် ပတ်သက်သည့်အစည်းအဝေးတွင် ကုမ္ပဏီမှ တာဝန်ရှိသူများကို ဒေသခံတို့က ဒေသအပေါ် ကောင်းကျိုး ဆိုးကျိုးရှိမှုနှင့် သိလိုသည်များကို မေးမြန်းခဲ့ကြကြောင်း သိရသည်။

**ကိုကိုမောင်(ပြန်/ဆက်)**

# တိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ရာသီဥတုပြင်းထန်ခြင်းနှင့် ရာသီအကူးအပြောင်းကာလတွင် တိရစ္ဆာန်များ၌ ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် ကူးစက်ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(၂) မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်းနှင့် ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(၃) တိရစ္ဆာန်ရောဂါကာကွယ်ဆေးများကို ပုံမှန်ထိုးနှံကြရန်၊
(၄) ရောဂါဖြစ်သည်ဟု သံသယဖြစ်သော တိရစ္ဆာန်များအား သီးခြားခွဲထားရန်၊
(၅) ရောဂါဖြစ်တိရစ္ဆာန်ကို အခြားတိရစ္ဆာန်များနှင့် ဝေးရာတွင် သီးခြားချည်နှောင်ထား၍ လွှတ်ကျောင်းခြင်း၊ အခြားနေရာသို့ မောင်းနှင်ရွှေ့ပြောင်းခြင်းမပြုရန်၊
(၆) တိရစ္ဆာန်များကူးစက်ရောဂါဟု သံသယဖြစ်ဖွယ်ရှိပါက နီးစပ်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့်ဆက်သွယ်၍ ဆေးကုသမှု အမြန် ဆောင်ရွက်ရန်၊
(၇) တိရစ္ဆာန်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးမှုရှိပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံ သတင်းပို့ရန်၊
(၈) အသေကောင်များအား စားသောက်ခြင်းမပြုရန်၊ စနစ်တကျ မြေမြှုပ်ဖျက်ဆီးရန်၊
(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ အကြောင်းကြားဆက်သွယ်ရန်၊
(၁၀) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ မတ်လနှင့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ဘဏ္ဍာနှစ်၏ ဧပြီလတို့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ မတ်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း တန်ဖိုး အမေရိကန်ဒေါ်လာ ၄၀၉ ဒသမ ၁၄၆ သန်းနှင့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ဘဏ္ဍာနှစ်၏ ဧပြီလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၀၉၉ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ မတ်လနှင့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ဘဏ္ဍာနှစ်၏ ဧပြီလအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | မတ်လ | | ဧပြီလ | |
|---|---|---|---|---|---|
| | | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ US$(သန်း) | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ US$ (သန်း) |
| (က) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | ၁ | ၁၅၇. ၄၄၀ | - | - |
| (ခ) | စက်မှုကဏ္ဍ | ၁၀ | ၉၇. ၃၀၆ * | ၂ | ၂၀. ၅၃၉ * |
| (ဂ) | အိမ်ရာအဆောက်အဦကဏ္ဍ | - | ၁၂၇. ၅၄၀ * | ၁ | ၂. ၈၈၀ |
| (ဃ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၁ | ၂၀. ၀၆၀ * | - | ၀. ၃၀၀ * |
| (င) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၁ | ၂. ၀၀၀ | - | - |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၂ | ၄. ၈၀၀ | ၁ | ၁၇. ၁၅၀ |
| (ဆ) | စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ | - | - | - | ၅. ၃၃၀ * |
| | **စုစုပေါင်း** | **၁၅** | **၄၀၉. ၁၄၆** | **၄** | **၄၇. ၀၉၉** |

* ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ မတ်လအတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း တန်ဖိုး ကျပ် ၃၄၅၃၅၃ ဒသမ ၅၂၀ သန်းနှင့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ဘဏ္ဍာနှစ်၏ ဧပြီလအတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း တန်ဖိုး ကျပ် ၆၃၈၇၈၅ ဒသမ ၆၉၇ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ မတ်လနှင့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ဘဏ္ဍာနှစ်၏ ဧပြီလအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | မတ်လ | | ဧပြီလ | |
|---|---|---|---|---|---|
| | | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ ကျပ်(သန်း) | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ ကျပ်(သန်း) |
| (က) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | ၁ | ၃၆၀၀၀. ၀၀၀ | - | - |
| (ခ) | အိမ်ရာအဆောက်အဦတည်ဆောက် ဖွံ့ဖြိုးမှုကဏ္ဍ | ၁ | ၂၄၁၈. ၆၄၀ | ၃ | ၁၇၇၃၂၂. ၁၀၉ |
| (ဂ) | စက်မှုကဏ္ဍ | ၈ | ၁၁၀၉၃၃. ၆၃၀ | ၆ | ၇၅၇၅၈. ၃၆၅ |
| (ဃ) | စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ | ၁ | ၆၅၀၅၂. ၆၆၀ | - | - |
| (င) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၂ | ၃၉၀၈၀. ၀၀၀ | ၅ | ၃၅၁၀၂. ၇၃၃ |
| (စ) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | ၁ | ၉၆၂. ၀၀၀ | ၁ | ၆၆၄၃၅. ၆၆၀ |
| (ဆ) | လျှပ်စစ်ဓာတ်အားကဏ္ဍ | - | - | ၂ | ၈၀၇၀. ၀၃၀ |
| (ဇ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၃ | ၉၀၉၀၆. ၅၉၀ | ၆ | ၂၇၆၀၉၆. ၈၀၀ |
| | **စုစုပေါင်း** | **၁၇** | **၃၄၅၃၅၃. ၅၂၀** | **၂၃** | **၆၃၈၇၈၅. ၆၉၇** |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ မတ်လနှင့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ဘဏ္ဍာနှစ်၏ ဧပြီလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | မတ်လ | ဧပြီလ |
| (က) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | ၂၄ | - |
| (ခ) | စက်မှုကဏ္ဍ | ၄၈၉၅ | ၁၅၄၈ |
| (ဂ) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ | ၄၇ | - |
| (ဃ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၇၆ | - |
| (င) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှု ကဏ္ဍ | - | ၇၀ |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၃၅၃ | ၂၈ |
| | **စုစုပေါင်း** | **၅၃၉၅** | **၁၆၄၆** |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ မတ်လနှင့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ဘဏ္ဍာနှစ်၏ ဧပြီလအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | မတ်လအတွင်း | ဧပြီလအတွင်း |
| (က) | လျှပ်စစ်ဓာတ်အားကဏ္ဍ | - | ၄၃ |
| (ခ) | စက်မှုကဏ္ဍ | ၃၁၄၉ | ၇၆၉ |
| (ဂ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၂၂၉ | ၆၃၆ |
| (ဃ) | အိမ်ရာနှင့်အဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၁၂ | ၃၈၈ |
| (င) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | ၃၂ | ၇၆၀ |
| (စ) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | ၂၀ | - |
| (ဆ) | စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ | ၂၀၂ | - |
| (ဇ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၂၁၈၂ | ၂၂၅ |
| | **စုစုပေါင်း** | **၅၈၂၆** | **၂၈၂၁** |

## အန္တရာယ်လက္ခဏာ ဂရုပြုပါ

**သွေးလွန်တုပ်ကွေးရောဂါအန္တရာယ်ရှိသည့် လက္ခဏာများ**

**(၁) ခန္ဓာကိုယ်တွင်းသွေးယိုထွက်သောလက္ခဏာများ**

- အစာအိမ်နှင့် အူလမ်းကြောင်းသွေးယိုခြင်းကြောင့် ကော်ဖီရောင်၊ အညိုရောင်အရည်များအန်ခြင်း၊ ဝမ်းမည်းမည်းသွားခြင်း၊
- အရေပြားသွေးယိုခြင်းကြောင့် သွေးခြည်ဥသကဲ့သို့ အနီကွက်များ ပေါ်လာခြင်း၊

**(၂) သွေးလန့်သည့် လက္ခဏာများ**

- ကိုယ်အပူချိန် ရုတ်တရက်ကျဆင်းသွားခြင်း (များသောအားဖြင့် စဖျားသည့်နေ့မှ ၃ ရက်မြောက်တွင် ဖြစ်တတ်ပါသည်)
- ခြေဖျား၊ လက်ဖျားများ အလွန်အမင်းအေးစက်ခြင်း၊
- ရုတ်တရက် ဗိုက်အောင့်လာခြင်း၊
- အစာ၊ ရေမဝင်နိုင်လောက်အောင် အဆက်မပြတ်အန်ခြင်း၊
- ဂနာမငြိမ်ဖြစ်ခြင်း သို့မဟုတ် အလွန်မှိန်းလာခြင်း၊

အန္တရာယ်ရှိသည့်လက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာဆေးရုံသို့ အမြန်ဆုံးသွားရောက်ပါရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ပညာရေးဝန်ကြီးဌာန
## "၂၀၁၈-၂၀၁၉ ပညာသင်နှစ်"
## ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ အားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း၊ လက်ခံခြင်းမပြုရ။
- ❖ **ငွေကြေး၊ လက်ဆောင်ပစ္စည်း** တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ ကျောင်းဝတ်စုံအတွက် **အတန်းတံဆိပ်နှင့် ကျောင်းတံဆိပ်များ** ရောင်းချခြင်းမပြုရ။
- ❖ အခြား **မည်သည့်ပစ္စည်းကိုမျှ** ရောင်းချခြင်းမပြုရ။
- ❖ အသက် ၅ နှစ်ပြည့်သူတိုင်းအား သူငယ်တန်း (KG)တွင်လည်းကောင်း၊ အသက် ၆ နှစ်ပြည့်သူတိုင်းအား ပထမတန်း (Grade 1)တွင်လည်းကောင်း၊ ကျောင်းနေအရွယ်အားလုံး ကျောင်းအပ်လက်ခံဆောင်ရွက်ရန်။
- ❖ ကျောင်းတက်မှန်၍ စာသင်ချိန်ဇယားအတိုင်း ပုံမှန်အတန်းဝင် သင်ကြားသင်ယူပေးရန်၊ ရုံးတက်မှန်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများအား ပူးပေါင်းဆောင်ရွက်တတ်၍ တာဝန်ယူ တာဝန်ခံ ဆောင်ရွက်တတ်သော တီထွင်ကြံဆနိုင်စွမ်းရှိသည့် လူသားကောင်းများ ဖြစ်လာစေရန်အတွက် ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ် လုပ်ဆောင်ရေး၊ သင်ယူတတ်မြောက်မှု အရည်အသွေးကောင်းမွန်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ❖ သက်ဆိုင်ရာ အတန်းများအလိုက် အခန်းဆုံးစစ်ဆေးခြင်းများကို ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် တစ်ကြိမ်နှင့် ဒီဇင်ဘာလတွင် တစ်ကြိမ်၊ နှစ်လယ်စစ်ဆေးခြင်းကို အောက်တိုဘာလတွင်တစ်ကြိမ်၊ နှစ်ဆုံးစစ်ဆေးခြင်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် တစ်ကြိမ် စုစုပေါင်း ၄ ကြိမ်သာ ဆောင်ရွက်ရန်။
- ❖ ကျောင်းခေါ်ချိန်မပြည့်သူများ၊ သင်ယူတတ်မြောက်မှုအားနည်းသော ကျောင်းသား၊ ကျောင်းသူများအတွက် ဖြည့်ဆည်းသင်ကြားပေးခြင်း (Remedial Education)ကို ဇူလိုင်လမှစတင်၍ နှစ်ဆုံးစစ်ဆေးခြင်းမတိုင်မီအထိ စဉ်ဆက်ဆောင်ရွက်ရန်။
- ❖ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရေး ကျောင်းသား၊ ကျောင်းသူများကို တိုက်တွန်းအားပေးပါရန်။
- ❖ မူလတန်းအဆင့်တွင် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း ကျောင်းသား၊ ကျောင်းသူများအားလုံး စာဖတ်တတ်ရန်၊ စာရေးတတ်ရန်၊ အခြေခံသင်္ချာတွက်ချက်တတ်ရန်အတွက် အလေးအနက်ထား ဆောင်ရွက်ပြီး ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အကြံပြုလို၊ တိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁၃)၊ နေပြည်တော်(သို့မဟုတ်) dpsoffice@moe-mm.com သို့ ပေးပို့ တိုင်ကြားနိုင်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

# မြဝတီမြို့နယ်တွင် မိုင်းဟောင်းပေါက်ကွဲမှုဖြစ်ပွား တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

**မြဝတီ မေ ၂၂**

ကရင်ပြည်နယ် မြဝတီမြို့နယ် ဝေါလေမြို့ မော်ခီးကျေးရွာ အုပ်စု မော်ခီးကျေးရွာနှင့် ထီသဲလယ်ကျေးရွာကြားရှိ ကားလမ်းဘေးတွင် မေ ၁၉ ရက် နံနက်ပိုင်းက မိုင်းပေါက်ကွဲမှုဖြစ်ပွား၍ ကလေးငယ်တစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၉ ရက် နံနက် ၉ နာရီခန့်က မြဝတီမြို့နယ် ဝေါလေမြို့ လော့ခေါ်ကျေးရွာအုပ်စု အူဟူးထကျေးရွာနေ မောင်သက်မိန (၈) နှစ်ခန့်နှင့် မောင်လားပီ (၁၀)နှစ်ခန့်ရှိ ကလေးငယ်နှစ်ဦးသည် ၎င်းတို့နေထိုင်သည့် ကျေးရွာနှင့် လေးဖာလုံခန့် ကွာဝေးသည့် မော်ခီးကျေးရွာနှင့် ထီသဲလယ်ကျေးရွာအကြား ကားလမ်းဘေးတွင် အင်ဥတူးရာမှ မိုင်းဟောင်းတစ်လုံး တူးမိခဲ့သဖြင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မိုင်းပေါက်ကွဲမှုကြောင့် မောင်သက်မိနတွင် ယာလက်ကောက်ဝတ်ပြတ်၊ ရင်ဘတ်နှင့် ဝမ်းဗိုက်တို့တွင် ယမ်းစထိမှန်ဒဏ်ရာများ အသီးသီးရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး မောင်လားပီတွင် ယာပေါင်နှင့် ဝဲခြေသလုံးတို့တွင် ယမ်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် ထိုင်းနိုင်ငံ ဖုတ်ဖမြို့ ဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိပြီး ဒဏ်ရာအခြေအနေမှာ စိုးရိမ်ရခြင်းမရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ဝေါလေနယ်မြေရဲစခန်းက ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းသူ**
**ထွန်းထွန်းထွေး(ဘားအံ)**

# ချမ်းအေးသာစံမြို့နယ် မန်းမြန်မာပလာဇာ မျက်နှာကြက်အား ဝရိန်ဆော်ရာမှ မီးလောင်မှုဖြစ်ပွား

**မန္တလေး မေ ၂၂**



မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ချမ်းအေးသာစံ အနောက်ရပ်ကွက် (၂၇)လမ်းနှင့် (၂၈) လမ်းကြား (၈၄) လမ်းနှင့် (၈၅) လမ်းကြား မန်းမြန်မာပလာဇာ လေးလွှာ အရှေ့တောင်ထောင့်ရှိ ပေ ၃၀×၅၀၊ အခန်းအတွင်း (ရုပ်ရှင်ရုံပြုလုပ်ဆဲ) မျက်နှာကြက်အား ဝရိန်ဆော်ရာမှ အသံလုံဖော့ပြားပေါ်သို့ ဝရိန်မီးပွားကျ၍ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကို နံနက် ၁၁ နာရီခွဲတွင် သတင်းရရှိသဖြင့် မီးလောင်မှုဖြစ်ပွားရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသန်းဇော်ဦး ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ်ရှစ်စီး၊ မီးသတ်ရေသယ်ယာဉ် နှစ်စီး၊ Snokel နှစ်စီး၊ Water Tower တစ်စီး၊ လှေကားတင်ယာဉ် တစ်စီး၊ အုပ်ချုပ်မှုယာဉ် နှစ်စီး၊ သန္ဓေမီးသတ် ၂၅ ဦး၊ အရန် ၅၀ ဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် ဝရိန်ပုံးတစ်ပုံး၊ PVC လေးလက်မ ပိုက်အနည်းငယ်၊ ပိုက်ဆက်ကော်ပုံး ၁၀ ပုံး၊ အသံလုံဖော့ပြား ၃×၃ ပေ သုံးချပ်နှင့် လျှပ်စစ်ဝိုင်ယာကြိုး အနည်းငယ် မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ မီးလောင်မှု ဖြစ်စဉ်နှင့်ပတ်သက်၍ တာဝန်ခံ ဦးမင်းအောင်နိုင်အား ချမ်းအေးသာစံမြို့နယ် အမှတ် (၆) ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အရက်ကြောင်ပြီး မိဘများအား ပေါက်တူးဖြင့် ခုတ်မှု ကျောက်တန်း၌ ဖြစ်ပွား



**ရန်ကုန် မေ ၂၂**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ကမာကလုပ်နယ်မြေရဲစခန်းအပိုင် မဂ်လွန်းကျေးရွာ၌ သားဖြစ်သူ စိုးသူ(၂၅)နှစ်က ၎င်း၏ဖခင်ဖြစ်သူ ဦးတင်ဝင်း (၅၈) နှစ်နှင့် မိခင်ဖြစ်သူ ဒေါ်သန်းမြင့် (၅၆) နှစ်တို့အား အရက်ကြောင်ကြောင်ပြီး ပေါက်တူးဖြင့် ခုတ်သဖြင့် ဖခင်ဖြစ်သူ ဦးတင်ဝင်းတွင် ဘယ်ဘက်မျက်လုံးပြတ်ရှဒဏ်ရာနှင့် မိခင်ဖြစ်သူ ဒေါ်သန်းမြင့်တွင် ဘယ်ဘက်နားထင်ပြတ်ရှဒဏ်ရာများရရှိ၍ တံတားမြို့နယ် ပြည်သူ့ဆေးရုံမှ (စိုးရိမ်ရ)ဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းကုသလျက်ရှိပြီး မိဘနှစ်ပါးအား ပေါက်တူးဖြင့် ခုတ်ခဲ့သူ စိုးသူအား ကမာကလုပ်နယ်မြေရဲစခန်းက ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**ကျော်ဆန်းမြင့်(မြန်/ဆက်)**

# ကြမ်းပိုးဆေးအနံ့ ရှူရှိုက်မိ၍ ကျောင်းသူများ ဆေးကုသမှုခံယူနေရ

**ထားဝယ် မေ ၂၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ကနက်သီရိကျေးရွာ ဘော်ကုန်းရပ်ရှိ နေအိမ်စာကျက်ဝိုင်းတွင် မေ ၂၀ ရက် ည ၁၁ နာရီ ခွဲခန့်တွင် ကျောင်းသူများ ကြမ်းပိုးဆေးအနံ့ ရှူရှိုက်မိ၍ အသက်ရှူကျပ်ဝေဒနာခံစားနေရသဖြင့် ရင်ငဲကျေးရွာ ရင်ငဲတိုက်နယ်ဆေးရုံမှ ထားဝယ်ဆေးရုံသို့ တင်ပို့ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ထိုနေအိမ်၌ (၁၀)တန်းကျောင်းသူ ၁၈ ဦး၊ ကိုးတန်းကျောင်းသူ ၁၅ ဦးတို့နှင့် စာကျက်ဝိုင်းဖွင့်ထားကြောင်း သိရပြီး မေ ၂၀ ရက် နံနက် ၁၀ နာရီခန့်တွင် နေအိမ်အပေါ်ထပ်တွင် ကြမ်းပိုးဆေးများ ဖျန်းထားခဲ့ကြောင်း ည ၈ နာရီခန့်တွင် ကျောင်းသူ များက နေအိမ်အပေါ်ထပ်တွင် စာကျက်နေစဉ် ကျောင်းသူ ၁၉ ဦးတို့မှာ အသက်ရှူကျပ်ဝေဒနာခံစားနေရသဖြင့် ရင်ငဲကျေးရွာ ရင်ငဲတိုက်နယ်ဆေးရုံမှ ထားဝယ်ဆေးရုံသို့ တင်ပို့ကုသရာ ဆရာမတစ်ဦးနှင့် ကျောင်းသူသုံးဦးမှာ ရင်ငဲတိုက်နယ်ဆေးရုံတွင် ဆေးကုသမှုခံယူပြီး ကျောင်းသူ ၁၅ ဦးမှာ ည ၁၁ နာရီခွဲခန့်တွင် ထားဝယ်ဆေးရုံသို့ တင်ပို့ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ထို့နောက် ရင်ငဲတိုက်နယ်ဆေးရုံတွင် ဆရာမတစ်ဦးနှင့် ကျောင်းသူသုံးဦးတို့သည် ကျန်းမာရေး ပြန်လည်ကောင်းမွန်လာ၍ မေ ၂၁ ရက် နံနက် ၁၁ နာရီခန့်တွင် ဆေးရုံမှဆင်းခွင့်ပြုခဲ့ကြောင်း သိရပြီး ထားဝယ်ဆေးရုံ၌ ကျောင်းသူ ၁၅ ဦးမှာ ကျန်းမာရေးကောင်းလာပြီဖြစ်သော်လည်း ဆက်လက်စောင့်ကြည့်ရမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(မြန်/ဆက်)**

# မိုးညှင်းမြို့နယ် မြို့သစ်ကလေးဘူတာအနီးတွင် ရထားဘီးချော်မှုဖြစ်ပွား

**မိုးညှင်း မေ ၂၂**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မြို့သစ်ကလေးဘူတာအနီး မီးရထားလမ်း မိုင်တိုင်အမှတ် (၆၄၆/၁၀-၉)ကြားတွင် မေ ၂၁ ရက် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်က အမှတ်(၅၀) အစုန်ရထား ဘီးချော်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၁ ရက် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်က မိုးညှင်းမြို့နယ် မြို့သစ်ကလေးဘူတာအနီး မီးရထားလမ်း မိုင်တိုင် အမှတ်(၆၄၆/၁၀-၉) ကြားတွင် မီးရထားစက်ခေါင်းအမှတ် DD-1518 စက်ခေါင်းမောင်း ဦးကျော်လင်းသန့်၊ ရထားထိန်း ဦးသက်ဇော်ထွဋ်တို့ လိုက်ပါလာသော အမှတ် (၅၀)အစုန် လူစီးကုန်တင်လော်ကယ်ရထားတွဲ အမှတ် BARV-60307၏ ဘီးအမှတ်-၃/၄အပြင် ဘီးအမှတ် ၅/၆ အတွင်း သံလမ်းနှင့် တစ်ပေအကွာ ကျခဲ့ပြီး ဘီးချော်မှုဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါရထားဘီးချော်မှုကို ပြုပြင်ရန်အတွက် မိုးညှင်းဘူတာမှ မြန်မာ့မီးရထား စက်မှုအင်ဂျင်နီယာမှူး ဦးထွန်းရွှေ ဦးဆောင်သောအဖွဲ့တို့က ပြုပြင်ခဲ့ရာ အဆိုပါနေ့ ည ၈ နာရီတွင် ပြီးစီးခဲ့သဖြင့် ည ၈ နာရီ ၁၅ မိနစ်တွင် မြို့သစ် လေးဘူတာမှ နန်းမားဘူတာသို့ စတင်ထွက်ခွာပြီး ရထားများ ပုံမှန်ပြေးဆွဲသွားလာလျက်ရှိကြောင်း သိရသည်။

**ဝ၅၈**

# ရေပူအမြဲတမ်းစစ်ဆေးရေးအဖွဲ့က ငွေကျပ် ၄၂ သန်းကျော်ရှိ သစ်များ သိမ်းဆည်းရမိ


**နေပြည်တော် မေ ၂၂**


မူဆယ်နှင့် မန္တလေးမြို့များသို့ သွားရောက်မည့် ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မေ ၂၁ ရက်တွင် ခရီးသည်တင်ယာဉ်တစ်စီးကို တားဆီးစစ်ဆေးခဲ့ရာ ယာဉ်၏ အောက်ကြမ်းခင်း၌ အံဝှက်ပြုလုပ်၍ သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခေါင်းရွှေ ၂၄ တုံး (သုည ဒသမ ၅၀၄၈ တန်)၊ ပိတောက်ခွဲသားအပိုင်းအစ ၁၉၅ ချောင်း (သုည ဒသမ ၁၈၉၀ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂ ဒသမ ၀၉၂ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၂၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၂၉ စီး၊ သွင်းကုန် ၉၄၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၆၀၊ သွင်းကုန် ၁၇၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် မေ ၂၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂ ဒသမ ၀၉၂ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၂၉၀ သန်းခန့်) စုစုပေါင်း တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃ ဒသမ ၃၈၂ သန်းခန့်)ကို သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## မြန်မာ့ရုပ်မြင်သံကြား

**၂၃-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ Breakfast News
- ၇း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၈း၃၅ “နိုင်ငံတော်ဖွံ့ဖြိုးရေး အခွန်မှန်မှန်ပေးဆောင်ပေး” (အထူးကုန်စည်ခွန်များအပေါ် အခွန်ကောက်ခံခြင်းဆိုင်ရာ အားနည်းချက် အားသာချက်များနှင့် လိုင်စင်ထုတ်ပေးခြင်း အကြောင်း သိကောင်းစရာ)
- ၈း၅၀ စိုက်ပျိုးရေးရာအဖြေရှာ “စူးစမ်းလေ့လာတောင်သူများဆီမှာ (နွယ်ရစ်ကျေးရွာ)”
- ၉း၁၀ ရှန်းကန်လှုပ်ရှားဘဝများ “ထန်းသမားတို့ဘဝ”
- ၉း၄၅ “လေ့လာလည်ပတ်စရာနေရာ အစုံ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းက ကသာဇုန်”
- ၁၀း၃၀ Catch Asia News
- ၁၁း၂၀ “ဆိုင်ကယ်မောင်းသူများ ဘေးကင်းဖို့ လိုင်စင်ပြုလုပ်စို့”
- ၁၁း၃၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၂း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ “မဟာကာလီ” (အပိုင်း-၁၀)
- ၁၃း၁၀ ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-II) (ပွဲစဉ်-၂) (မန္တလေးမြို့)(ပထမပိုင်း)
- ၁၄း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်ကြွေးရာဇဝင်”(အပိုင်း-၃၆)
- ၁၅း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ “မကြွေတဲ့နှင်းဆီ” (အပိုင်း-၂၅)

**ညပိုင်း**

- ၁၆း၃၅ “၂၀၁၉ ခုနှစ်၊မတ်လတက္ကသိုလ်ဝင်တန်းစာပေးပွဲတွင် စတင်အသုံးပြုမည့်မေးခွန်းပုံစံသစ်ဆိုင်ရာသိမှတ်ဖွယ်ရာများ” (ပထဝီဝင်ဘာသာရပ်)
- ၁၇း၀၅ အနုပညာခန်းရိပ်သာ “ဗိုလ်ကလေးတင့်အောင်နှင့် တွေ့ဆုံမေးမြန်းခန်း”
- ၁၇း၂၀ “ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ” (၅၃)
- ၁၇း၃၅ MRTV Travelogue
- ၁၈း၂၀ Football Magazine
- ၁၈း၃၅ ဘဝထဲကဝတ္ထု၊ဝတ္ထုထဲကဘဝ “လူနှင့်စိတ်”(မင်းသန့်ကို၊ ဝါးခယ်မရဲမောင်၊ မျောက်ရှုံး၊ ပန်သုမြင့်မိုရ်၊ လွဲလွဲရည်) [ဒါရိုက်တာ-သိမ်းစိုး (သီဟရတနာ)]
- ၁၉း၁၅ မြန်မာဇာတ်လမ်းတွဲ “ကြမ္မာနွံ” (အပိုင်း-၂၃)
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ “မြန်မာပြည်က နေ့ရက်များကို စူးစမ်းလေ့လာခြင်း” -နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်ကြွေးရာဇဝင်”(အပိုင်း-၃၇) -သုခုမရင်ခွင်အငြိမ့်သဘင် “ရွှေမြန်မာအငြိမ့်” (မင်းသမီး-ဝင့်သီရိမွန်၊ လူရွှင်တော် -ဝမ်းတူး၊ ငွေတိုး၊ ရွှေအိုး၊ နောင်ရိုး) (ဒါရိုက်တာ-ဖုန်းမြင့်အောင်) -နိုင်ငံခြားဇာတ်လမ်းတွဲ “မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း” (အပိုင်း-၁၄) - အစီအစဉ်ပြီး၏။

# စပိန်အသင်း၌ ဒီဂီယာ၊ ဆေးလ်ဗား၊ ကော်စတာနှင့် အင်နီယေစတာတို့ပါဝင်ခဲ့ပြီး မိုရက်တာ၊ မားကိုစ်အလွန်ဆိုနှင့် ဘယ်လာရင်တို့ ပါဝင်လာခဲ့ခြင်းမရှိခဲ့




ငွေကြယ်
ရေးသားသည်

စပိန်နိုင်ငံလက်ရွေးစင်အသင်းသည် ရုရှားနိုင်ငံတွင် ကျင်းပမည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ကစားသမား ၂၃ ဦး ရွေးချယ်ပြီးစီးမှုစာရင်းကို ကြေညာလိုက်ပြီဖြစ်ရာ အဆိုပါနောက်ဆုံးစာရင်းတွင် ချယ်လ်ဆီးတိုက်စစ်မှူး မိုရက်တာ ပါဝင်လာခဲ့ခြင်းမရှိခဲ့ပေ။

အခြားသော ပရီမီယာလိဂ်ကြယ်ပွင့်ကစားသမားများဖြစ်ကြသည့် ဒေးဗစ်ဒီဂီယာ၊ ဒေးဗစ်ဆေးလ်ဗား၊ အက်ပီလီကူတာ၊ နာချိုမွန်ရီးယဲလ်တို့သည် ဘာစီလိုနာအသင်းနှင့် လမ်းခွဲတော့မည့် ကွင်းလယ်ကစားသမား အင်နီယေစတာနှင့်အတူ စပိန်လက်ရွေးစင်အသင်းတွင် ပါဝင်လာခဲ့ကြောင်း သိရသည်။

ထို့အပြင် စပိန်လက်ရွေးစင်အသင်းတွင် ဂျရတ်ပီကေး၊ ဆာဂျီယိုရာမို့စ်၊ ဂျော်ဒီအယ်လ်ဘာ၊ ဆာဂျီယိုဘတ်စကွက် စသည့်ကစားသမားများလည်း ပါဝင်လာခဲ့သည်။ ရီးယဲလ်မက်ဒရစ်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့သွားခဲ့ပြီးနောက်ပိုင်း ပုံမှန်ခြေစွမ်းပျောက်ဆုံးနေခဲ့ခြင်းကြောင့် မိုရက်တာကို ရွေးချယ်ခဲ့ခြင်း မရှိကြောင်းလည်း သိရသည်။

ယင်းသို့ မိုရက်တာကို ရွေးချယ်ခဲ့ခြင်းမရှိခဲ့သည့်အပြင် စပိန်လက်ရွေးစင်အသင်း၏ တိုက်စစ်ပိုင်းတွင် လီဗာပူးကစားသမားဟောင်း လာဂိုအက်စပက်နှင့် ဗလင်စီယာကစားသမား မိုရီနိုတို့ကို တိုက်စစ်မှူး ဒီယေဂိုကော်စတာနှင့် တွဲဖက်ကစားနိုင်ရန် ရွေးချယ်ခဲ့သည်။

စပိန်လက်ရွေးစင်အသင်းတွင် မိုရက်တာအပါအဝင် မိုရက်တာနှင့် ချယ်လ်ဆီးကစားဖော် မားကို့စ်အလွန်ဆို၊ အာဆင်နယ်ကစားသမား ဘယ်လာရင်၊ အက်သလက်တီကိုမက်ဒရစ် ကွင်းလယ်ကစားသမား ဗီတိုလိုတို့ကိုလည်း ရွေးချယ်ခဲ့ခြင်းမရှိခဲ့ပေ။

ချယ်လ်ဆီးကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်မှာ လွန်ခဲ့သည့်တစ်နှစ်ကတည်းက လက်ရွေးစင်အသင်းမှ အနားယူခဲ့သူဖြစ်ပြီး ရီးယဲလ်မက်ဒရစ်ကစားသမား ကာဗာဂျယ်၊ နာချိုတို့သည် ၎င်းတို့၏ ကစားဖော်များဖြစ်ကြသည့် အဆန်စီယို၊ အစ္စကို၊ လူကတ်ဗက်စကွက်ဇ်တို့နှင့်အတူ စပိန်လက်ရွေးစင်အသင်းတွင် ပါဝင်လာခဲ့သည်။

စပိန်လက်ရွေးစင်အသင်းအတွက် ရီးယဲလ်မက်ဒရစ်အသင်းမှ ကစားသမားခြောက်ဦးအထိ ရွေးချယ်ခဲ့ပြီး ဘာစီလိုနာအသင်းမှ လေးဦး ရွေးချယ်ခဲ့သည်။ စပိန်လက်ရွေးစင်အသင်းအတွက် ရွေးချယ်ထားသည့် ကစားသမား ၂၃ ဦးစာရင်းမှာ ဂိုး-အရီဇာဘာလာဂါ၊ ဒီဂီယာ၊ ပီပီရေနာ၊ နောက်တန်း-ကာဗာဂျယ်၊ အိုဒရီယိုဇိုလာ၊ ရာမို့စ်၊ ဂျော်ဒီအယ်လ်ဘာ၊ ပီကေး၊ နာချို၊ နာချိုမွန်ရီးယဲလ်၊ အက်ပီလီကူတာ၊ ကွင်းလယ်-ဘတ်စကွက်၊ ဆောနီဂတ်ဇ်၊ ကိုကီ၊ သီယာဂိုအယ်လ်ကန်တာရာ၊ အင်နီယေစတာ၊ ဆေးလ်ဗား၊ အစ္စကို၊ အဆန်စီယို၊ လူးကက်ဗက်စကွက်၊ ရှေ့တန်း-လာဂိုအက်စပက်၊ မိုရီနို၊ ဒီယေဂိုကော်စတာတို့ဖြစ်ကြသည်။



## အီမာရီ အာဆင်နယ်အသင်း နည်းပြသစ် ဖြစ်လာမည်ဟုဆို

မန်စီးတီးအသင်း၏ လက်ထောက်နည်းပြနှင့် အာဆင်နယ်အသင်းခေါင်းဆောင်ဟောင်းတစ်ဦးဖြစ်သည့် မိုက်ကယ်အာတီတာသည် နည်းပြ အာစင်ဝင်းဂါး ထွက်ခွာသွားပါက ၎င်းနေရာတွင် အစားထိုးခန့်အပ်မည့် နည်းပြအဖြစ် ရေပန်းစားနေသော်လည်း လက်ရှိတွင် အာဆင်နယ်အသင်းက နည်းပြသစ်အဖြစ် ပီအက်စ်ဂျီနည်းပြ အီမာရီကို ခန့်အပ်မည်ဟု သတင်းများထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

အသက် ၄၆ နှစ်အရွယ်ရှိ နည်းပြ အီမာရီသည် ပီအက်စ်ဂျီအသင်းကို နှစ်ရာသီကြာ ကိုင်တွယ်ခဲ့ရာတွင် ပြင်သစ်ပထမတန်း ဆုဖလားတစ်ကြိမ်နှင့် အခြားပြင်သစ်ပြည်တွင်း ဆုဖလားလေးကြိမ်တို့ကို ရယူပေးနိုင်ခဲ့သည့် နည်းပြတစ်ဦးဖြစ်သည်။

နည်းပြ အီမာရီ၏ အရှိန်အဝါကြီးမြင့်မှုသည် လက်ရှိအချိန်အထိရှိနေဆဲဖြစ်ပြီး ဆီဗီလာအသင်းကို ကိုင်တွယ်ခဲ့စဉ်ကလည်း ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း သုံးနှစ်ဆက်တိုက် ယူရိုပါလိဂ်ဆုဖလားကို ရယူပေးနိုင်ခဲ့သူ ဖြစ်သည်။

အာဆင်နယ်အသင်းသည် ၎င်းတို့၏ နည်းပြသစ်ရှာပုံတော်တွင် နာမည်ကြီးနည်းပြအတော်များများလည်းပါဝင်ခဲ့ပြီး ဂျူဗင်တပ်အသင်းနည်းပြ အယ်လ်လီဂရီ၊ ချယ်လ်ဆီးနှင့် ရီးယဲလ်မက်ဒရစ်အသင်း နည်းပြဟောင်း အန်စလော့တီ၊ အာဆင်နယ်ကစားသမားဟောင်းများဖြစ်ကြသည့် မိုက်ကယ်အာတီတာ၊ တယ်ရီဟင်နရီနှင့် ပက်ထရစ်ဗီယဲရာတို့လည်း ပါဝင်ခဲ့ကြောင်း သိရသည်။

## နေမာကို အဓိကအားထားမည်ဆိုသည့် မျှော်လင့်ချက်ကို ဘရာဇီးလျှော့ချမည်

ဘရာဇီးအသင်းသည် ရုရှားနိုင်ငံတွင် ကျင်းပမည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် တိုက်စစ်မှူး နေမာကို အဓိက အားကိုးအားထားပြုရန် ရည်ရွယ်ထားသော်လည်း ဒဏ်ရာပြဿနာရှိနေခြင်းကြောင့် တိုက်စစ်မှူး နေမာကို အဓိကအားထားမည်ဆိုသည့် မျှော်လင့်ချက်ကို လျှော့ချသွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

ကမ္ဘာ့စျေးအကြီးဆုံး ကစားသမားတစ်ဦးဖြစ်သည့် တိုက်စစ်မှူး နေမာသည် ခြေထောက်ခွဲစိတ်ကုသမှု ခံယူခဲ့ရာမှ ပြန်လည်သက်သာလာခဲ့ကာ ဘရာဇီးအသင်း၏ ကမ္ဘာ့ဖလားအတွက် ရွေးချယ်ထားသည့် ကစားသမားစာရင်းတွင် ပါဝင်လာခဲ့သည်။



ထို့ကြောင့် တိုက်စစ်မှူး နေမာသည် ရီယိုဒီဂျနေရိုးမြို့အပြင်ဘက်ရှိ ဂရန်ဂျာကိုမာရီ လေ့ကျင့်ရေးကွင်းတွင် လေ့ကျင့်လျက်ရှိပြီး ကျန်းမာရေးဆိုင်ရာ ဆေးစစ်မှုများလည်း လုပ်ဆောင်ခဲ့သည်။

ဘရာဇီးနည်းပြ တီတီအနေဖြင့် နေမာအပေါ်ထားရှိသည့် ဖိအားကို လျှော့ချရန် ရှိနေပြီး တိုက်စစ်မှူး နေမာကလည်း နည်းပြနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ တွေ့ဆုံမှုပြုလုပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နေမာသည် ညာဘက်ခြေထောက်ဒဏ်ရာ ရရှိခဲ့ခြင်းကြောင့် ဖေဖော်ဝါရီလကတည်းက ပီအက်စ်ဂျီအသင်းတွင် ပါဝင်ကစားပေးနိုင်ခဲ့ခြင်းမရှိခဲ့ဘဲ ဘရာဇီးတွင် ဆေးဝါးကုသမှုခံယူခဲ့ရသည်။ လွန်ခဲ့သည့်တစ်ပတ်က ဒဏ်ရာမှ သက်သာလာခဲ့ပြီး ပြင်သစ်မြေသို့ ပြန်သွားခဲ့ကြောင်းနှင့် ကြံ့ခိုင်မှု မပြည့်ဝသေးခြင်းကြောင့် ဘရာဇီးအသင်းက နေမာအပေါ် အားထားမှုကို လျှော့ချသွားလိုခြင်းဖြစ်သည်။

## ယခုနွေရာသီတွင် အာဆင်နယ်အသင်းမှ ကာဇိုလာ ထွက်ခွာမည်




ကွင်းလယ်ကစားသမား ဆန်တီကာဇိုလာသည် နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ၎င်း၏ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် အာဆင်နယ်အသင်းမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း လူသိရှင်ကြား ကြေညာခဲ့သည်။

အသက် ၃၃ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ကာဇိုလာသည် ၂၀၁၂ ခုနှစ်အတွင်းက မာလာဂါအသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး အာဆင်နယ်အသင်းနှင့်အတူ ပွဲပေါင်း ၁၈၀ အထိ ပါဝင်ကစားပေးထားခဲ့ကြောင်း သိရသည်။ သို့ရာတွင် ကာဇိုလာသည် ပြင်းထန်သော ဒဏ်ရာရရှိနေခြင်းကြောင့် ၂၀၁၆ ခုနှစ် အောက်တိုဘာလကတည်းက အာဆင်နယ်အသင်းတွင် ပါဝင်ကစားပေးနိုင်ခဲ့ခြင်း မရှိခဲ့ပေ။

ကွင်းလယ်ကစားသမား ကာဇိုလာသည် အာဆင်နယ်အသင်းနှင့်အတူ အက်ဖ်အေဖလား နှစ်ကြိမ်အထိ ရယူဆွတ်ခူးပေးနိုင်ခဲ့ပြီး ၂၀၁၄ ခုနှစ်က ဝင်ဘလေကွင်း၌ ဟားစီးတီးအသင်းအား သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် အက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲစဉ်တွင် အာဆင်နယ်အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ အာဆင်နယ်အသင်းအတွက် ကာဇိုလာ နောက်ဆုံးပါဝင်ကစားပေးခဲ့သည့် ပွဲစဉ်မှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၉ ရက်က အာဆင်နယ်အသင်းနှင့် လူဒိုဂိုရက်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်ဖြစ်ပြီး အာဆင်နယ်အသင်းနှင့်အတူ သွင်းဂိုး စုစုပေါင်း ၂၉ ဂိုး သွင်းယူပေးနိုင်ခဲ့သူ ဖြစ်သည်။

# ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေ၊ စီမံအုပ်ချုပ်လုပ်ကိုင်မှု အထောက်အကူပြုရေးနှင့်စပ်လျဉ်းသည့် ကော်မတီများကို လိုအပ်ပါက ဖွဲ့စည်းနိုင်သည်။

**အခန်း (၄)**

**သဘာဝထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ခြင်းနှင့် တိရစ္ဆာန်ဉယျာဉ်နှင့် ရုက္ခဗေဒဉယျာဉ်များ တည်ထောင်ခြင်း**

၈။ သဘာဝထိန်းသိမ်းရေး နယ်မြေအမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သိပ္ပံကြိုးဝိုင်း၊
(ခ) အမျိုးသားဉယျာဉ်၊
(ဂ) အဏ္ဏဝါအမျိုးသားဉယျာဉ်၊
(ဃ) သဘာဝကြိုးဝိုင်း၊
(င) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊
(စ) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေ၊
(ဆ) ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ။

၉။ ဝန်ကြီးဌာနသည် -

(က) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မည်သည့်ဒေသတွင်မဆို ဤဥပဒေ၏ ရည်ရွယ်ချက် အလို့ငှာ လိုအပ်လျှင် အမိန့်ကြော်ငြာစာထုတ်ပြန်၍-
(၁) သဘာဝထိန်းသိမ်းရေးနယ်မြေများကို အမျိုးအစားအလိုက် သတ်မှတ်နိုင်သည်။
(၂) တိရစ္ဆာန်ဉယျာဉ်နှင့် ရုက္ခဗေဒဉယျာဉ်များကို တည်ထောင်နိုင်သည်။

(ခ) သစ်တောနယ်မြေမှအပ အခြားအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော မြေတွင် ပုဒ်မခွဲ (က) အရ သတ်မှတ်တည်ထောင်လိုပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်း ဆောင်ရွက်ရမည်။

(ဂ) ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်း၏ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေတွင် ပုဒ်မခွဲ (က) အရ သတ်မှတ်တည်ထောင်လိုပါက တည်ဆဲဥပဒေနှင့်အညီ မြေသိမ်းယူရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့်ကြိုတင်ညှိနှိုင်း ဆောင်ရွက်ရမည်။

(ဃ) မည်သည့်နယ်မြေ၊ မည်သည့်နယ်နိမိတ်အတွင်း ပုဒ်မခွဲ (က) အရ သတ်မှတ်တည်ထောင်ရန် ရည်ရွယ်ကြောင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ကြိုတင်ကြေညာရမည်။

(င) ပုဒ်မခွဲ (က) အရ သတ်မှတ်တည်ထောင်မည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးရန်နှင့် နယ်မြေသတ်မှတ်တည်ထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဒေသခံတိုင်းရင်းသား ပြည်သူများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များပါဝင်သည့် ပဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်။

၁၀။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ပုဒ်မ ၉ အရ သတ်မှတ်ထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေတစ်ခု၏ ဧရိယာတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အမျိုးအစားပြောင်းလဲ သတ်မှတ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မ ၉ အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဉယျာဉ် သို့မဟုတ် ရုက္ခဗေဒဉယျာဉ်၏ ဧရိယာတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၁။ ဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၉ အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဉယျာဉ် သို့မဟုတ် ရုက္ခဗေဒဉယျာဉ်ကို တစ်ခုချင်းအလိုက် ကြီးကြပ်ကွပ်ကဲရန် ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်သည့် ကြီးကြပ်ရေးအဖွဲ့ကိုဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

(ခ) ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၂။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၉ အရ သတ်မှတ်တည်ထောင်မည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများအတွက် သင့်လျော်သော အခွင့်အရေးများ၊ အကျိုးခံစားခွင့်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စီစဉ်ဆောင်ရွက်ပေးရမည်။

၁၃။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်-

(က) သဘာဝထိန်းသိမ်းရေး နယ်မြေအတွင်း သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကြည့်ရှုလေ့လာခြင်းနှင့် အပန်းဖြေခြင်းတို့ကို နယ်မြေသတ်မှတ်၍ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခွင့်ပြုနိုင်သည်။

(ခ) သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်းသို့ ပြင်ပပတ်ဝန်းကျင်မှ အန္တရာယ်မကျရောက်စေရန်နှင့် ထိခိုက်နှောင့်ယှက်မှုများမရှိစေရန် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်နိုင်သည်။

(ဂ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ပြည်ပနိုင်ငံများရှိ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များနှင့် လဲလှယ်ခြင်း သို့မဟုတ် လက်ခံရယူခြင်း ပြုလုပ်နိုင်သည်။

(ဃ) သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်းရှိ ဂေဟစနစ်အတွင်းမှ ရရှိသည့် ဂေဟစနစ် ဝန်ဆောင်မှုများအပေါ် အခကြေးငွေပေးဆောင်စေခြင်း စနစ်ကို သတ်မှတ်နိုင်သည်။

(င) ဒေသခံပြည်သူများ၏ လူမှုစီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဇီဝမျိုးစုံမျိုးကွဲ ရေရှည်တည်တံ့ရေးကို ဟန်ချက်ညီစွာ ဖော်ဆောင်နိုင်သည့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သော သဘာဝထိန်းသိမ်းရေးနယ်မြေ စီမံအုပ်ချုပ်မှုကို ခွင့်ပြုနိုင်သည်။

(စ) သဘာဝထိန်းသိမ်းရေးနယ်မြေများတွင် ဝင်ကြေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားအခကြေးငွေများ သတ်မှတ်ကောက်ခံရန် အစီအမံများ ချမှတ်ဆောင်ရွက်နိုင်သည်။

(ဆ) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားတိုးတက်ရေးနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်ပါက အမာခံထိန်းသိမ်းရေးနယ်မြေအား ထိခိုက်မှုမရှိစေဘဲ သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ အတွင်းတွင် ကြားခံနယ်မြေသတ်မှတ်ပေးရမည်။သတ်မှတ်ထားသည့် ကြားခံနယ်မြေတွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း၊ ဒေသခံအခြေပြုခရီးသွားလုပ်ငန်းနှင့် ဒေသခံများ စီမံအုပ်ချုပ်သည့် အဏ္ဏဝါရေပြင်ဧရိယာအား စီမံအုပ်ချုပ်ခြင်းလုပ်ငန်းတို့ကို စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုပေးနိုင်သည်။

(ဇ) သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့်စပ်ဆိုင်သော လုပ်ငန်းရပ်များအတွက် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းတစ်ခုခုက လုပ်ကိုင်လိုကြောင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားလာခြင်းကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၄။ ညွှန်ကြားရေးမှူးချုပ်သည် သဘာဝထိန်းသိမ်းရေး နယ်မြေများအတွင်း သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနှင့်စပ်ဆိုင်သော လုပ်ငန်းရပ်များအတွက် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဇ) အရ ခွင့်ပြုချက်ကို ထုတ်ပေးသည့်အခါ လိုက်နာရမည့် စည်းကမ်းချက်များကိုပါ တစ်ပါတည်း ထုတ်ပြန်သတ်မှတ်ပေးရမည်။

၁၅။ (က) သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနှင့် စပ်ဆိုင်သော လုပ်ငန်းရပ်များအတွက် လုပ်ကိုင်လိုကြောင်း လျှောက်ထားသည့်အပေါ် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဇ) အရ ငြင်းပယ်ခြင်းကို ကျေနပ်မှုမရှိသူသည် ငြင်းပယ်ခံရသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကော်မတီသို့ အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အယူခံဝင်ရောက်ရာတွင် ကော်မတီ၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

၁၆။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း တောရိုင်းတိရစ္ဆာန်များ ရေရှည်တည်တံ့နေစေရေးအတွက် ဦးရေအမျိုးအစားနှင့် အချိုးအစားမျှတစေရန်နှင့် မျိုးရိုးဗီဇရောယှက်ခြင်းမဖြစ်စေရန် ဖမ်းဆီးခြင်း၊ သုတ်သင်ခြင်းပြုရန် အစီအမံများ ချမှတ်ဆောင်ရွက်နိုင်သည်။

(ခ) ပုဒ်မ ၉၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဉယျာဉ်နှင့် ရုက္ခဗေဒဉယျာဉ်အတွင်း ကြည့်ရှုလေ့လာအပန်းဖြေသူများက လိုက်နာရမည့် စည်းကမ်းချက်များကို အများပြည်သူသိရှိရန် အစီအမံများ ချမှတ်ဆောင်ရွက်နိုင်သည်။

(ဂ) ပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ သတ်မှတ်တည်ထောင်ထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေ၊ တိရစ္ဆာန်ဉယျာဉ် သို့မဟုတ် ရုက္ခဗေဒဉယျာဉ်ကို စီမံအုပ်ချုပ်ရန် သစ်တောအရာရှိ သို့မဟုတ် သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအား အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်။

၁၇။ သစ်တောဦးစီးဌာနသည် ကော်မတီကဖြစ်စေ၊ ဝန်ကြီးကဖြစ်စေ ချမှတ်ထားသော လမ်းညွှန်ချက်များနှင့်အညီ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) သိပ္ပံကြိုးဝိုင်းအတွင်း သဘာဝသိပ္ပံဆိုင်ရာ ဖြစ်စဉ်ပြောင်းလဲမှုများကို သုတေသနပြုလုပ်နိုင်ရန် ကာကွယ်ထိန်းသိမ်းခြင်း၊

(ခ) အမျိုးသားဉယျာဉ်အတွင်း ဂေဟစနစ်များကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် သဘာဝအနေအထားကို ထိခိုက်ပျက်စီးမှုမရှိစေဘဲ သုတေသနပြုလုပ်နိုင်ရန်နှင့် အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေနိုင်ရန် ခွင့်ပြုခြင်း၊

(ဂ) အဏ္ဏဝါအမျိုးသားဉယျာဉ်အတွင်း သဘာဝအတိုင်း ပေါက်ဖွားကျက်စားနေသော သတ္တဝါများနှင့် ယင်းတို့၏ နေရင်းဒေသများ၊ သန္တာကျောက်တန်းများ၊ ကျောက်ပန်း ကျောက်ခက်များ၊ ရေညှိရေမှော်များ၊ ရေအောက်အပင်များ၊ ကမ်းခြေတစ်လျှောက်နှင့် မြစ်ဝများတွင် ပေါက်ဖွားကျက်စားနေသော တောရိုင်းတိရစ္ဆာန်များနှင့် ယင်းတို့၏ နေရင်းဒေသများကို သဘာဝအတိုင်း တည်ရှိနေစေရန် ကာကွယ်ထိန်းသိမ်းခြင်း၊

(ဃ) သဘာဝကြိုးဝိုင်းအတွင်း ထူးခြားထင်ရှားသော သဘာဝအပင်များနှင့် သဘာဝအတိုင်း ဆင့်ကဲဖြစ်ပေါ်နေသော ဂေဟစနစ်များ ရေရှည်တည်တံ့နေစေရန် ကာကွယ်ထိန်းသိမ်းခြင်း၊

(င) တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်း တောရိုင်းတိရစ္ဆာန်များ အနှောင့်အယှက်ကင်းရှင်းစွာ ကျက်စားနိုင်ရန် ကာကွယ်ထိန်းသိမ်းခြင်းနှင့် ရာသီအလိုက် ဒေသပြောင်းရွှေ့ကျက်စားလေ့ရှိသော ငှက်များရောက်ရှိရာ၊ ရပ်နားရာ၊ ပေါက်ဖွားရာ ဒေသများနှင့် ရေဝပ်ဒေသများကို ထိန်းသိမ်းရေးအတွက် ပြည်တွင်း သို့မဟုတ် ပြည်ပအစိုးရဌာနများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ဘူမိရုပ်သွင်ထူးခြားသည့် နယ်မြေအတွင်း ထူးခြားလှပသော သဘာဝအနေအထားများနှင့် ရှုးရာဝလေ့များဖြင့် ထင်ရှားသည့် ဒေသများကို ထိန်းသိမ်းခြင်း၊

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက စီမံခန့်ခွဲသော ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ စီမံခန့်ခွဲရေးနှင့်စပ်လျဉ်း၍ နည်းပညာနှင့်ကျွမ်းကျင်မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းပေးခြင်း။

၁၈။ အုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နေ့စဉ် စီမံခန့်ခွဲအုပ်ချုပ်မှု လုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်း၊
(ခ) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိရောက်စွာ စီမံအုပ်ချုပ်ခြင်း၊
(ဂ) သဘာဝထိန်းသိမ်းရေးနယ်မြေ၊ တိရစ္ဆာန်ဉယျာဉ် သို့မဟုတ် ရုက္ခဗေဒဉယျာဉ်များအတွင်းရှိ တိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်တို့၏ တည်ရှိဖြစ်ပေါ်ပြောင်းလဲနေမှုများကို ကွင်းဆင်းလေ့လာ ဖော်ထုတ်သုတေသနပြု မှတ်တမ်းတင်ခြင်း၊
(ဃ) ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ပညာပေးလုပ်ငန်းများကို ပြည်သူများအား စည်းရုံးပညာပေး၍ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း၊
(င) သဘာဝထိန်းသိမ်းရေးနယ်မြေ၏ အမာခံထိန်းသိမ်းရေးနယ်မြေကို မထိခိုက်စေဘဲ ကြားခံနယ်မြေအတွင်း ဒေသခံပြည်သူတို့အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံ၍ ထိရောက်စွာစီမံအုပ်ချုပ်ခြင်း၊
(စ) မြေအသုံးချမှုဆိုင်ရာ ပဋိပက္ခနှင့် အခြားပဋိပက္ခများ ကြုံတွေ့လာပါက အထက်အဆင့်ဆင့်သို့ တင်ပြခြင်း၊
(ဆ) သဘာဝထိန်းသိမ်းရေးနယ်မြေရှိ ကြားခံနယ်မြေအတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊
(ဇ) ဒေသခံပြည်သူများပူးပေါင်းပါဝင်သည့် သဘာဝထိန်းသိမ်းရေးနယ်မြေ စီမံအုပ်ချုပ်မှုအတွက် နည်းပညာနှင့်ကျွမ်းကျင်မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းပေးခြင်း။

**အခန်း (၅)**

**ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ**

၁၉။ သစ်တောဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်-

(က) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်များကို နိုင်ငံတော်၏ လိုအပ်ချက်အရ ကာကွယ်ထိန်းသိမ်းနိုင်ရန်အလို့ငှာ အောက်ပါအမျိုးအစားအတိုင်း သတ်မှတ်ကြေညာရမည်-
(၁) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊
(၂) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊
(၃) ရာသီအလိုက်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ။
(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်ကြေညာထားသော ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်အမျိုးအစားများကို လိုအပ်ပါက ပြင်ဆင်သတ်မှတ်နိုင်သည်။
(ဂ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ရမည့်သဘာဝအပင်များကို နိုင်ငံတော်၏ လိုအပ်ချက်အရ ကာကွယ်ထိန်းသိမ်းနိုင်ရန်အလို့ငှာ အမျိုးအမည်နှင့် နေရာဒေသကို သတ်မှတ်ကြေညာရမည်။
(ဃ) တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များကို မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်မကျရောက်စေရန်နှင့် ရေရှည်တည်တံ့စေရေး ထိန်းသိမ်းကာကွယ်နိုင်ရန် ထိန်းသိမ်းမှုအဆင့်အတန်း သတ်မှတ်ချက်ကို နိုင်ငံတော်၏ လိုအပ်ချက်အရ အခါအားလျော်စွာသတ်မှတ်ကြေညာရမည်။
(င) ကွန်ဗင်းရှင်းမှ ထုတ်ပြန်သည့် စာရင်းများကို အများပြည်သူသိရှိနိုင်ရေး သတ်မှတ်ကြေညာရမည်။
(စ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအား ကာကွယ်ရန်အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။
(ဆ) မျိုးဆက်ပျက်သုဉ်းမည့်အန္တရာယ်မှ ကာကွယ်ထားသည့်တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များသည် အခြားဝန်ကြီးဌာနများ၏ စီမံခန့်ခွဲမှုအောက်တွင်ရှိနေပါက ယင်းတို့ကို ကာကွယ်ထိန်းသိမ်းရန် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၂၀။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ကွန်ဗင်းရှင်းနှင့်အညီ ထိန်းချုပ်နိုင်ရန်-

(က) ညွှန်ကြားရေးမှူးချုပ်အား ကွန်ဗင်းရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ စီမံအုပ်ချုပ်မှု အခွင့်ရ ပုဂ္ဂိုလ်အဖြစ် သတ်မှတ်တာဝန်ပေးရမည်။
(ခ) သင့်လျော်သူတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူအား ကွန်ဗင်းရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ သိပ္ပံပညာရပ် တာဝန်ခံပုဂ္ဂိုလ်အဖြစ် သတ်မှတ်တာဝန်ပေးရမည်။

**ဆက်လက်ဖော်ပြပါမည်။**

## မန္တလေးမြို့တွင် အပြည်ပြည်ဆိုင်ရာကုသရေးသင်ရိုးညွှန်းတမ်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**မဟာအောင်မြေ မေ ၂၂**
အပြည်ပြည်ဆိုင်ရာ ကုသရေးသင်ရိုးညွှန်းတမ်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ ဟိုတယ်မန္တလေး၌ မေ ၂၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့(မန္တလေး) အတွင်းရေးမှူး ရဲမှူးကြီးမြင့်ဦးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မူးယစ်ဆေးဝါးအကြံပေး အစီအစဉ် ကိုလံဘိုစီမံကိန်းမှ မြန်မာနိုင်ငံစီမံကိန်းအရာရှိ ဒေါက်တာညိမ်းဇော်ထက်ဒိုးက ကိုလံဘိုစီမံကိန်းသင်တန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို မေ ၂၂ ရက် မှ ၃၀ ရက် ထိ သင်တန်းသား ၃၀ ဖြင့် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း၊ ကိုလံဘိုစီမံကိန်း သင်တန်းများ ၂၀၁၅ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယခုအကြိမ်သည် ၁၂ ကြိမ်မြောက်ဖြစ်ကြောင်း၊ လာမည့်ဇူလိုင်လတွင်လည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ယခုသင်တန်းသည် မူးယစ်ဆေးဝါးသုံးစွဲသူများ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ကုသရေး အခက်အခဲများကို လျှော့ချပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း မူးယစ်ဆေးဝါး အကြံပေးအစီအစဉ် ကိုလံဘိုစီမံကိန်းမှ မြန်မာနိုင်ငံစီမံကိန်းအရာရှိ ဒေါက်တာညိမ်းဇော်ထက်ဒိုးက ပြောကြားသည်။



သင်တန်းဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကိုလံဘိုစီမံကိန်းမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ လမ်းညွှန်မှု၊ ကိုလံဘိုစီမံကိန်း၏ မူးယစ်ဆေးဝါး အကြံပေးအစီအစဉ်မှ စီစဉ်ဆောင်ရွက်မှု၊ အမေရိကန်ပြည်ထောင်စုနိုင်ငံတကာ မူးယစ်ဆေးဝါးနှင့် တားဆီးနှိမ်နင်းရေးဗျူရို၏ ရန်ပုံငွေ ပံ့ပိုးကူညီမှုဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## နိုင်ငံတော်အစိုးရထံ အခွန်အများဆုံးထမ်းဆောင်ခဲ့ကြသည့် အခွန်ထမ်းပြည်သူများအား ကချင်ပြည်နယ်တွင်ဂုဏ်ပြု

**မြစ်ကြီးနား မေ ၂၂**
၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွင်း နိုင်ငံတော်အစိုးရသို့ အခွန်အများဆုံးထမ်းဆောင်နိုင်ခဲ့သည့် အခွန်ထမ်းပြည်သူများအား ဂုဏ်ပြုပွဲကို မေ၂၂ရက် နံနက်၉နာရီက မြစ်ကြီးနားမြို့ ဧရာရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၃၈၉) တွင် 'နိုင်ငံသားတိုင်းသည် ဥပဒေအရပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်' ဟု ဖော်ပြထားရှိပြီး နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူအတွက် သုံးစွဲရမည့် အသုံးစရိတ်များကို အခွန်အရပ်ရပ် ကောက်ခံရရှိငွေပေါ်တွင် အဓိကရပ်တည်ပြီး ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများမှာလည်း ကောက်ခံရရှိသည့် အခွန်ဘဏ္ဍာငွေဖြင့် အကျိုးရှိစွာ အသုံးချမှုများကိုလည်း ပြည်သူများသိရှိစေခြင်းဖြင့် အခွန်ထမ်းဆောင်မှု ပိုမိုကျယ်ပြန့်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွင်း နိုင်ငံတော်အဆင့် အခွန်အများဆုံး ထမ်းဆောင်သည့် စာရင်းတွင် ပါဝင်သော ကုမ္ပဏီ ၁၁ ခုမှ လုပ်ငန်းရှင် ၁၁ ဦးအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌဦးထွန်းတင်နှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွင်း အခွန်အများဆုံးထမ်းဆောင်ခဲ့ကြသည့် ကုန်သွယ်လုပ်ငန်းခွန် အခွန်ထမ်းပြည်သူ ၅၀ နှင့် ဝင်ငွေခွန် အခွန်ထမ်းပြည်သူ ၅၀ တို့ အား ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ကချင်ပြည်နယ်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၌ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကိစ္စရပ်များတွင် အသုံးပြုရန် အခွန်ဝေစုရရှိငွေ ၁၀၈၁၁ ဒသမ ၄၆၃ သန်းရရှိခဲ့ကြောင်းနှင့် အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အခွန်ထမ်းပြည်သူများ တက်ရောက်ကြောင်းသိရသည်။ **သူရိန်စိုး (ကချင်မြေ)**

## ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရန် သရက်သီးဈေးရောင်းပွဲ မန္တလေး၌ကျင်းပ

**မန္တလေး မေ ၂၂**
မြန်မာ့သရက် ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် သရက်သီးဈေးရောင်းပွဲတော်ကို မန္တလေးမြို့ ကုသိုလ်တော်ဘုရားအနီး၌ မေ ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပသည်။

မြန်မာ့သရက်သီး၏ အရည်အသွေးနှင့်အရသာကို မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ကမ္ဘာလှည့်ခရီးသွားများအား မိတ်ဆက်ပေးခြင်းဖြင့် ကမ္ဘာ့ဈေးကွက်တွင် ပိုမိုတိုးချဲ့ရောင်းချနိုင်စေရန် ရည်ရွယ်၍ နိုင်ငံတကာ ခရီးသွားအများဆုံး လာရောက်ကြသည့် ကုသိုလ်တော်ဘုရားအနီးတွင် အဆိုပါပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ ဦးကိုကိုက ပြောသည်။

"မန္တလေးမြို့မှာရှိတဲ့ ကုသိုလ်တော်ဘုရား၊ ကျောက်တော်ကြီးဘုရား၊ မန္တလေးတောင်နဲ့ရွှေကျောင်းကြီးတို့ကို ကမ္ဘာလှည့်ခရီးသွားတွေ အများဆုံးလာကြတယ်။ သူတို့ထဲမှာ လုပ်ငန်းရှင်တွေလည်း ပါချင်ပါလာမယ်။ မြန်မာ့သရက်သီးက အရသာရှိတယ်ဆိုတာ သူတို့နိုင်ငံပြန်ရောက်ရင် အသိပေးနိုင်မယ်။ ဒါ့အပြင် လုပ်ငန်းရှင်တွေပါလာရင်လည်း ဝယ်ယူဖို့ စဉ်းစားလာလိမ့်မယ်။ ဒါကြောင့် ကမ္ဘာကသိအောင် ဒီနေရာကို ရွေးချယ်ပြီး ပွဲတော်ကျင်းပတာပါ" ဟု ၎င်းကပြောသည်။

အဆိုပါပွဲတော်တွင် မန္တလေးတိုင်းဒေသကြီး သစ်သီးဝလံကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးကိုကိုထွေးကလည်း "သရက်ခြံသမားတွေကို အဓိကထားတဲ့ ပွဲဆိုတော့ ကျွန်တော်တို့က ပူးပေါင်းပေးတာပါ။ ခြံသမားတွေအတွက်လည်း ဈေးကွက်မျှပေးသလို ဈေးကွက်ကိုလည်း ထောက်လှမ်းနိုင်အောင်ပေါ့။ မန္တလေးကို ပို့မလား၊ တရုတ်ကိုပို့မလား၊ နိုင်ငံတကာကို ပို့မလား ဒီလိုအသိလေးတွေလည်း သူတို့ရစေချင်တယ်။ ပွဲရုံဈေး၊ မူဆယ်ဈေး၊ ပြည်ပပို့ကုန်ဈေး စတဲ့ ပေါက်ဈေးတွေကိုလည်း သူတို့သိမှ အသီးတွေ ဘယ်ကိုပို့ရမယ်ဆိုတာ သိနိုင်မယ်" ဟု ပြောသည်။

သရက်ကို ပြည်တွင်းရောင်းချမှုအနေဖြင့် ရွေးချယ်မှုနည်းပါးသော်လည်း ပြည်ပပို့သရက်သီးဈေးကွက်အနေဖြင့် ရွေးချယ်မှု ပြင်းထန်ပြီး အစက်အပြောက်ကင်းစင်ခြင်း၊ အညှာပါရခြင်းစသည့် ခွဲခြားရွေးချယ်မှုတို့ရှိကြောင်း ဈေးကွက်အနေအထားကို သိရသည်။

မန္တလေးတိုင်းဒေသကြီးတွင် ၂၀၁၆- ၂၀၁၇ ခုနှစ်၌ သရက်ခြံစိုက်ဧက ၂၉၄၀၀ ရှိပြီး သရက်သီးထွက်ရှိမှုအနေဖြင့် မက်ထရစ်တန်ချိန် တစ်သိန်းကျော်ထွက်ရှိကြောင်း၊ မြန်မာနိုင်ငံမှ ပြည်ပသို့ တင်ပို့မှုအနေဖြင့် တန်ချိန် ၂၉၀၀၀ ကျော်တင်ပို့လျက်ရှိပြီး အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၀ ဒသမ ၀၆၃ သန်းကျော် ရရှိခဲ့ကြောင်း ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လုံခြုံရေးအတွက် မုံရွာမြို့ အဓိကနေရာကြီး ၁၂ နေရာတွင် CCTV ကင်မရာများ တပ်ဆင်



**မုံရွာ မေ ၂၂**
ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မြို့လုံခြုံရေးဆိုင်ရာများကို အထောက်အကူဖြစ်စေရန် မုံရွာမြို့မီးပွိုင့်များအပါအဝင် အဓိကနေရာကြီး ၁၂ နေရာတွင် CCTVပုံရိပ်ဖမ်းကင်မရာ ၄၈ လုံးတပ်ဆင်မှုလုပ်ငန်းများ စတင်နေပြီဖြစ်သည်။

မုံရွာမြို့တွင်းရှိ တမာတန်းမီးပွိုင့်၊ မြို့လယ်မီးပွိုင့်၊ မြို့ပတ်လမ်းမီးပွိုင့်၊ ကျောက်ကာလမ်းမီးပွိုင့်၊ သာစည်လမ်းမီးပွိုင့်နှင့် ရန်ကင်းမီးပွိုင့်အပါအဝင် ဗိုလ်ချုပ်ကြေးရုပ်အဝိုင်း နာရီစင် ညောင်တစ်ပင်လမ်းနှင့်အတူ အဝိုင်းကြီးများဖြစ်သည့် ကျောက်ကာလမ်းဆွမ်းအုပ်အဝိုင်း၊ အောင်မင်္ဂလာအဝိုင်း၊ ဘိုးဘွားရိပ်သာအဝိုင်း စသည့် နေရာ ၁၂ နေရာတွင် တစ်နေရာလျှင် CCTV ကင်မရာ လေးလုံးစီကို တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

"အဓိကကျတဲ့ ပွိုင့်ခုနစ်ပွိုင့်ကို အရင်တပ်ဆင်သွားဖို့ စီစဉ်ထားပါတယ်။ အခုဦးဆုံးက ဗိုလ်ချုပ်ကြေးရုပ်အဝိုင်းမှာတပ်နေပါပြီ။ ပြီးရင်ကျောက်ကာလမ်းမီးပွိုင့်မှာ တပ်မှာပါ။ စောင့်ကြည့်တဲ့ ကွန်ထရိုးခန်းကိုတော့ မုံရွာမြို့မရဲစခန်းထဲမှာ ထားပြီး အမြဲစောင့်ကြည့်သွားမှာပါ။ အဓိက ကတော့ မှုခင်းဖြစ်စဉ်တွေကို ခြေရာခံလိုက်နိုင်အောင်ရယ်၊ မကြာခဏဖြစ်နေတဲ့ လုယက်မှုဖြစ်စဉ်တွေကို ထိန်းချုပ်နိုင်ဖို့အပြင် နေ့စဉ်လိုဖြစ်နေတဲ့ ယာဉ်တိုက်မှုနဲ့ ယာဉ်လမ်းစည်းကမ်းဖောက်တာတွေ စောင့်ကြည့်ထိန်းချုပ်နိုင်အောင် CCTVကင်မရာတွေကို တိုင်းဒေသကြီး အစိုးရအစီအမံနဲ့ တပ်ဆင်နေတာပါ" ဟု မုံရွာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းဝင်းက ပြောကြားသည်။

မုံရွာမြို့၏ အဝေးပြေး လမ်းမကြီးအဖြစ် မြို့လယ်မှ ဖောက်လုပ်ထားသော ပြည်ထောင်စုလမ်းနှင့် ကျောက်ကာလမ်းတို့မှ ခိုးဝင်သယ်ဆောင်လာသော တရားမဝင်ပစ္စည်းများကိုခြေရာခံဖမ်းဆီးနိုင်ရန်၊ မဝင်ရသတ်မှတ်ထားသော ကားကြီးများခိုးဝင်လာနေမှုများကို ဖမ်းဆီးနိုင်ရန် စသည့် မှုခင်းဖြစ်စဉ်များကို စောင့်ကြည့်သွားနိုင်ရန် CCTVများကို စတင်တပ်ဆင်အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း သိရသည်။

"အခုလောလောဆယ် ဗိုလ်ချုပ်ကြေးရုပ်မှာ လေးလုံး၊ ဒုတိယပွိုင့်က ပြည်ထောင်စုလမ်းနဲ့ ကျောက်ကာလမ်းဆုံမီးပွိုင့်မှာ လေးလုံးတပ်သွားမှာပါ။ လျာထားတာကတော့ ၁၂ နေရာမှာ ၄၈ လုံးတပ်ဖို့ လျာထားထားပါတယ်။ တိုင်းဒေသကြီး အစိုးရအစီအစဉ်နဲ့ တပ်ဆင်နေတာပါ။ အရင်က မုံရွာလမ်းတွေမှာ CCTV တပ်တာမရှိပါဘူး။ ဒါပထမဆုံး တပ်တာပါ။ စစ်ကိုင်းတိုင်းဒေသကြီးမှာ အများနဲ့သက်ဆိုင်တဲ့နေရာ CCTV တပ်ဖူးတာကတော့ စစ်ကိုင်းတံတားမှာ တပ်ဖူးပါတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနဲ့ ညပိုင်းမှာ ဖြစ်ပွားလေ့ရှိတဲ့ မှုခင်းကျဆင်းရေးအတွက် အဓိကထားတပ်တာလို့ သိရပါတယ်။ ကျောက်ကာလမ်းတစ်လျှောက်မှာ တပ်တာကတော့ ညအချိန်ခိုးဝင်တဲ့ ကားတွေ၊ မဝင်ရတဲ့ကားတွေ ဝင်လာတာသိရအောင်လို့ တပ်တာလို့ဆိုပါတယ်။ တပ်တဲ့ကင်မရာတိုင်းက နက်ဝပ်ကင်မရာတွေပါ။ ဆက်သွယ်ရေးလမ်းကြောင်းက ဖိုက်ဘာဆက်ကြောင်းနဲ့သွားပြီး မုံရွာမြို့မ ရဲစခန်းကနေ ထိန်းချုပ်စစ်ဆေးမှာပါ။ နောက်ပိုင်းတပ်ပြီးရင် ကွန်ထရိုးခန်းမှာ တာဝန်ယူမယ့်သူကို လိုအပ်တဲ့နည်းပညာတွေ သင်ပေးမှာပါ" ဟု ITC Network & CCTV တာဝန်ရှိသူ ကိုသန်းမင်းဦးက ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## တံတားဦးမြို့နယ် အင်းဝဒေသ ဈေးချိုကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများလုပ်ဆောင်



**တံတားဦး မေ ၂၂**
မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝဒေသ ဈေးချိုကျေးရွာတွင် ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။

ကမ်းပြိုကာကွယ်ရေး လုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး ဒေသ (၅) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ကာ Design Mandalay ဆောင်လုပ်ရေး ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခြင်းဖြစ်သည်။

ဈေးချိုကျေးရွာတွင်ကမ်းပါး အရှည်ပေ ၆၃၀ ခွင့်ပြုရန်ပုံငွေ ၁၈၆ ဒသမ ၉ သန်းဖြင့် သံခြင်းအခြေပြု ကျောက်စီတမံတည်ဆောက်ခြင်းလုပ်ငန်း လုပ်ကိုင်သည့်အတွက် အင်းဝရှေးဟောင်းဒေသ ကမ်းပြိုမှုကာကွယ်နိုင်ကာ သမိုင်းဝင်စေတီပုထိုးများ ကမ်းပြိုမှုထဲ ပါမသွားစေရန် ထိန်းသိမ်းပြီးဖြစ်နေသည့်အတွက် ဒေသခံများဝမ်းသာလျက်ရှိကြောင်း သိရသည်။ **နေနဒီ(မြစ်ငယ်)**

# ကိုယ်လက်လှုပ်ရှားဆေးတစ်ပါးအစီအစဉ် ဘားအံမြို့နယ်တွင် ဒေသခံပြည်သူများ ပါဝင်ဆင်နွှဲပြုလုပ်

**ဘားအံ မေ ၂၂**

ပြည်သူတစ်ရပ်လုံး အားကစားလုပ်ဆောင်ခြင်း၏ အကျိုးကျေးဇူးကိုသိရှိ၍ ကိုယ်လက်လှုပ်ရှား အစီအစဉ်များနှင့် ပူးပေါင်းပါဝင်စေရေးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ကာ ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါးအစီအစဉ်တစ်ရပ်အနေဖြင့် Zumba Basic လေ့ကျင့်စဉ်ကို မေ ၂၁ ရက် နံနက် ၆ နာရီက ကရင်ပြည်နယ် ဘားအံမြို့ သီရိကွင်း၌ ပြုလုပ်သည်။

အသက်ကြီးသော အမျိုးသမီးများ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်မှုရှိစေရုံသာမက စိတ်ကျန်းမာရေးကို ကောင်းမွန်စေပြီး ကမ္ဘာတစ်ဝန်း အသက်သေဆုံးမှုကိုလျှော့ချစေခြင်း၊ အမျိုးသမီးများ၏ ခေါင်းဆောင်မှု စွမ်းဆောင်ရည် မြင့်မားရေးနှင့် စုပေါင်းလုပ်ဆောင်နိုင်မှုကိုတိုးတက်စေခြင်း၊ ကိုယ်လက်လှုပ်ရှားမှုကြောင့် ရောဂါကင်းဝေးစေခြင်းကြောင့် ဆေးတစ်ပါးသဖွယ် Zumba Basicလေ့ကျင့်စဉ်ကို လူထုစုပေါင်းအားကစားလှုပ်ရှားမှုပြုလုပ်ရခြင်း ဖြစ်ကြောင်း မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်မှ သိရသည်။

အဆိုပါ ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး အစီအစဉ်ကို မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်၊ ကရင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ကရင်ပြည်နယ်အမျိုးသမီးအားကစားဆပ်ကော်မတီတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ဦးစွာကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး၊ Healthy Myanmar၊ Exercise/Physical Activity is Medicine အကြောင်းကို မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ရှင်းလင်းပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသမီး အားကစား အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကရင်ပြည်နယ်အမျိုးသမီးအားကစားဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ ပြည်နယ်ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဘားအံပညာရေးကောလိပ်မှ သင်တန်းသား၊ သင်တန်းသူများ၊ ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများ ၆၀၀ ခန့်သည် အေရိုးဗစ်ကို အခြေခံ၍ လေ့ကျင့်ခန်းများကို စုပေါင်းကစားခဲ့ကြကြောင်းသိရသည်။



နေမျိုးလွင်(ပြန်/ဆက်)

# တွံတေးမြို့နယ် ခရမ်းဝကျေးရွာ၌ သောက်သုံးရေပြတ်လပ်

**တွံတေး မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ခရမ်းဝကျေးရွာအုပ်စု ခရမ်းဝကျေးရွာတွင် နွေရာသီပူပြင်းခြောက်သွေ့မှုကြောင့် သောက်သုံးရေကန်များ ခန်းခြောက်လာသဖြင့်သောက်သုံးရေရှားပါးလာသည်။

အဆိုပါခရမ်းဝကျေးရွာတွင် အိမ်ခြေ ၂၆၂ လုံး၊ အိမ်ထောင်စု ၃၀၆ လူဦးရေ ၁၉၁၄ ဦးရှိပြီး သောက်ရေကန် လေးကန်၊ သုံးရေကန် နှစ်ကန် စုစုပေါင်း ခြောက်ကန် အဝီစိတွင်း တွင်းတိမ် ၁၀ တွင်းရှိကြောင်းသိရသည်။ ခရမ်းဝကျေးရွာတွင် အဝီစိတွင်းများတူးဖော်ရာတွင် သုံးရေအဆင့်သာ ရရှိကာ ရေငန်များသာထွက်သဖြင့် သောက်သုံးရေမရဘဲ မြေပြင်ရေကန်များကိုသာ အားကိုးအားထားပြုနေသည်။ ယခုအခါနွေရာသီ ပူပြင်းခြောက်သွေ့လာသဖြင့် သောက်သုံးရေရှားပါးလာရာ လှိုင်သာယာမှ ရေသန့်ဘူးများကို အားထားနေရကြောင်း သိရသည်။

ကျေးရွာတွင် အဝီစိတွင်းများတူးရာတွင် ပေ ၁၇၀ ခန့်သာသုံးရေအဆင့်သာရရှိပြီး ပေနက်လာလေ ရေငန်ထွက်လေဖြစ်နေသဖြင့် လက်ရှိသောက်သုံး ရေကန် ခြောက်ကန်အား ပြန်လည်အဆင့်မြှင့်တူးဖော်ရန် အရေးတကြီး လိုအပ်နေကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးထံမှသိရသည်။

ကျေးရွာသားတစ်ဦးကလည်း "ကျွန်တော်တို့ကျေးရွာမှာ သောက်ရေကန် လေးကန်နဲ့ သုံးရေကန် နှစ်ကန်ရှိတယ်၊ သုံးလည်းဒီကန်၊ သောက်လည်း ဒီကန်ဖြစ်လို့ရေမလုံလောက်တာပါ၊ ဒီနှစ်ရာသီဥတုက အလွန်ပူလို့ရေခန်းသွားတာပါ၊ အခုသောက်ရေကိုလှောင်ထားရတယ်၊ သုံးရေကိုတော့ ချွေတာသုံးနေရတယ်၊ ကျေးလက်က ၂၀၁၅ မှာတူးပေးထားတယ်၊ သုံးရေပဲရတယ်"ဟု ဒေသခံတစ်ဦးကပြောသည်။

သောက်ရေကန်အဆင့်မြှင့်တူးဖော်ရာတွင် အလှူငွေလိုအပ်နေပါသဖြင့် လှူဒါန်းလိုသူများအနေဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး ၀၉-၇၈၈၁၈၃၆၅၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ကိုယ်တိုင်သောက်သုံးရေလှူဒါန်းလိုပါက ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

မျိုးလှိုင်(တွံတေး)

# သန်လျင်မှ ခရမ်းမြို့နယ်သွားလမ်းမပေါ်ရှိ တံတားသုံးစင်း တည်ဆောက်ပြီးစီး

**ရန်ကုန် မေ ၂၂**

ပြည်သူများ သွားလာမှု အဆင်ပြေစေရေးနှင့် ဒေသဖွံ့ဖြိုးရေးများတွင် အဓိကသွားလာနေရသော လမ်းမများပေါ်ရှိ တံတားများ ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများကို လမ်းဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိရာ သန်လျင်မြို့နယ်နှင့် ခရမ်းမြို့နယ်တို့သို့သွားသည့် လမ်းမပေါ်ရှိ ဖြတ်သန်းသွားလာရန် အန္တရာယ်ရှိသော တံတားသုံးခုအား အသစ်တည်ဆောက်လျက်ရှိရာ တံတားဆောက်လုပ်မှု ရာနှုန်းပြည့်ပြီးစီးခဲ့ပြီး မကြာမီဒေသခံပြည်သူများနှင့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များအား တံတားသတ်မှတ်တန်ချိန်အတိုင်း သွားလာခွင့်ပြုတော့မည်ဖြစ်ကြောင်း မြို့နယ်လမ်းဦးစီးဌာနရုံးမှ သိရသည်။

သန်လျင်မြို့နယ်မှ ခရမ်းမြို့နယ်သို့သွားသော သူဌေးကွင်းကျေးရွာ၊ ပုဂံတောင်ကျေးရွာ၊ ဖားကူးမောင်းမလမ်းပေါ်ရှိ မိုင်တိုင် (၀/၃ -၀/၄)အတွင်း တံတားအမှတ် (၂/၁)အား အရှည်ပေ ၅၀၊ အကျယ် ၃၁ ပေ Bored Pile အုတ်မြစ်၊ သံကူကွန်ကရစ်တံတားအဖြစ်လည်းကောင်း၊ မိုင်တိုင် (၁၄/သုည-၁၄/၁) အတွင်းရှိ တံတားအမှတ် (၁/၁၅) အထောင်ချောင်းကူးတံတားကို အရှည် ပေ ၅၀၊ အကျယ် ၃၁ ပေ ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ်တံတားအဖြစ်လည်းကောင်း၊ မိုင်တိုင် (၁၅/၂-၁၅/၃)အတွင်းရှိ တံတားအမှတ် (၁/၁၈) ဖားကူးရွာပြင်တံတားကို အရှည် ပေ ၅၀၊ အကျယ် ၃၁ ပေ ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ် တံတားတို့အား ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် အဆင့်မြှင့်တည်ဆောက်ခဲ့ရာ ရာနှုန်းပြည့် ပြီးစီးခဲ့ပြီဖြစ်သည်။

ယခုအခါ အဆိုပါတံတား အဟောင်းများနေရာတွင် ဒေသတွင်းဖွံ့ဖြိုးရေးနှင့် ပြည်သူများ သွားလာမှုအဆင်ပြေစေရန်အတွက် ဘိုးပိုင်အုတ်မြစ် သံကူကွန်ကရစ် တံတားသုံးစင်းကို အစားထိုးတည်ဆောက်ပြီးစီးခဲ့၍ ဒေသခံပြည်သူများ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ လမ်းတံတား အသုံးပြု ပြည်သူများအနေဖြင့်လည်း တံတားပေါ်ရှိ သတ်မှတ်ခွင့်ပြု တန်ချိန်များအတိုင်း ဖြတ်သန်းမောင်းနှင်ခြင်း၊ လမ်းတံတားများရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းကူညီကြဖို့ တိုက်တွန်းလိုကြောင်း မြို့နယ်လမ်းဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

သက်ခိုင် (သန်လျင်)

# ဖားဆောင်းအထက၌ လျှပ်စစ်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလေ့ကျင့်

**ဖားဆောင်း မေ ၂၂**

ကယားပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ Grade-2 သင်ရိုးသစ် ကျောင်းအုပ်စု အဆင့် ဆရာ ဆရာမများအား လျှပ်စစ်ဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲနှင့် လက်တွေ့လေ့ကျင့်ခြင်းကို မေ ၂၁ ရက် နံနက် ၉ နာရီက ဖားဆောင်းမြို့ မြောက်ပိုင်းရပ်ကွက်ရှိ အထက ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ကယားပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်လေးရွှေဇင်ဦးက လျှပ်စစ်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ၊ လျှပ်စစ်လှုပ်နေစဉ်တွင် လိုက်နာရန်အချက်များ၊ ရှောင်ရှားသင့်သည့် အချက်များ၊ လျှပ်စစ်လှုပ်ပြီးနောက်ပြုလုပ်ရန်အချက်များ၊ ရှောင်ရှားသင့်သည့်အချက်များကိုရှင်းလင်းဆွေးနွေးဟောပြောခဲ့ပြီး အုပ်စုခွဲ၍ လျှပ်စစ်ဘေးကျရောက်စဉ်လိုက်နာရမည့် အချက်များကို လက်တွေ့သရုပ်ပြလေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ဖျာပုံမြို့တွင် ဆရာ ဆရာမ ၁၀၀၀ ကျော်အား လျှပ်စစ်ဘေးအန္တရာယ် အသိပညာပေး

**ဖျာပုံ မေ ၂၂**

ဖျာပုံခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆရာ ဆရာမ ၁၀၀၀ ကျော်အား လျှပ်စစ်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး သရုပ်ပြဟောပြောပွဲကို မေ ၂၁ ရက် မွန်းလွဲ ၂ နာရီက ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ဖျာပုံခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါ်သီသီချိုက လျှပ်စစ်ဘေးအန္တရာယ်အကြောင်းအရာများ၊ ဘေးအန္တရာယ်နှင့်ပတ်သက်သော သိကောင်းစရာများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပြီး လက်တွေ့သရုပ်ပြခဲ့ကြောင်းသိရသည်။

"ကျွန်တော်တို့က ဆရာ ဆရာမတွေကို လျှပ်စစ်ဘေးအန္တရာယ်နဲ့ ပတ်သက်ပြီးတော့ ဆောင်ရန်၊ ရှောင်ရန်တွေ၊ လျှပ်စစ်ဖြစ်တဲ့အချိန်မှာ ဘာလုပ်မလဲ၊ ကလေးတွေကို ဘယ်လိုကာကွယ်ပေးမလဲဆိုတာ သိရှိအောင်လို့ပါ၊ ဆရာ၊ ဆရာမတွေ ကိုပေးလိုက်ခြင်းအားဖြင့် ဆရာ ဆရာမတွေက စာသင်ရင်းနဲ့ ကလေးငယ်တွေကို အသိပညာပြန်ပေးနိုင်မယ်ဆိုရင် ကလေးငယ်တွေကတစ်ဆင့် သူတို့ရဲ့မိဘတွေ ပြန်ပြောရင် ကျွန်တော်တို့ ယခုလုပ်တဲ့ အသိပညာပေး လုပ်ငန်းဟာ အောင်မြင်မှာပါ" ဟု ဘေးအန္တရာယ်ဆိုင်စီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းသူမောင်က ပြောသည်။

ဖျာပုံမြို့သည် လျှပ်စစ်ဘေးအန္တရာယ်မှာ အဝါရောင်အဆင့်တွင်ပါဝင်နေပြီး ပင်လယ်ကမ်းခြေ ဒေသဖြစ်သောကြောင့် မုန်တိုင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များလည်း ဝင်ရောက်နိုင်သော ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

ကျော်စိုးမိုး(ဖျာပုံ)

# ရွှေတောင်မြို့နယ် ကျေးလက်ဦးစီးဌာနတွင် VDP ရေးဆွဲနည်း ဆင့်ပွားသင်တန်းဖွင့်

**ရွှေတောင် မေ ၂၂**

၂၀၁၈ ဘဏ္ဍာနှစ် ပထမခြောက်လအတွင်းဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအတွက် (VDP - Village Development Plan) ရေးဆွဲနည်း ဆင့်ပွားသင်တန်းကို ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၂၁ ရက်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဦးစီးမှူးက (Village Development Plan - VDP) ဆိုသည်မှာ မိမိတို့နေထိုင်သော ကျေးရွာများဖွံ့ဖြိုးလာစေရေး အလေးပေးလုပ်ဆောင်ရန်လိုအပ်သည့် ဖွံ့ဖြိုးရေးလိုအပ်ချက်များကို လူထုကိုယ်တိုင်ပါဝင်ကာ ဆန်းစစ်ဖော်ထုတ်ပြီး လိုအပ်သောရန်ပုံငွေများရှာဖွေ၍ အကောင်အထည်ဖော်ဆောင်ရွက်တတ်သော အလေ့အထများ ပိုမိုအားကောင်းလာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်းပြောကြားခဲ့သည်။ အမှတ် (၁)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝေ၊ မြို့နယ်ကျေးလက်ဦးစီးမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဦးမျိုးသူနှင့် ဝန်ထမ်းများ၊ VDP စီမံကိန်းကျေးရွာများမှ သင်တန်းသား သင်တန်းသူများတက်ရောက်ခဲ့ကြောင်းသိရသည်။

သူရအောင်(ပြည်)

# တောင်ငူမြို့နယ်တွင် စိုက်ပျိုးစရိတ် ချေးငွေထုတ်ပေး

**တောင်ငူ မေ ၂၂**

တောင်ငူမြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေး ဘဏ်ခွဲက လယ်ယာလုပ်ကိုင်သူများအား မိုးစပါး စိုက်ပျိုးစရိတ် ချေးငွေများကို မေလ တတိယပတ်မှစတင်ကာ ထုတ်ချေးပေးလျက်ရှိကြောင်းသိရသည်။

တောင်ငူမြို့နယ်အတွင်း ကျေးရွာအုပ်စု ၃၈ အုပ်စုရှိ လယ်ယာလုပ်ကိုင်သူ ၇၄၅၃ ဦးအား တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ဧကပေါင်း ၃၇၄၆၂ ဧကကို စိုက်ပျိုးစရိတ်များ ထုတ်ချေးပေးသွားမည်ဖြစ်သည်။

အဆိုပါ ချေးငွေများကို မေ ၁၇ ရက်က စတင်ကာ ရှမ်းစုကြီးကျေးရွာအုပ်စုရှိ လယ်ယာလုပ်ကိုင်သူများအား ထုတ်ပေးခဲ့ပြီး ရှောက်ပင်ချောင်း၊ ကျောက်တိုင်၊ ကွမ်းပင်၊ မိုးကောင်း၊ လဲဘူးနှင့် နဂါးမောက်ကျေးရွာအုပ်စုတို့အား မေလကုန် အထိ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မြန်မာ-ကိုရီးယား ပူးပေါင်းဆောင်ရွက်သည့် မြန်မာ့ဥပဒေသတင်းအချက်အလက်စနစ်

နုနုယဉ်(ပြည်ထောင်စုရှေ့နေချုပ်ရုံး)

**ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည်နှင့်အညီ နည်းပညာအသစ်အဆန်းတွေဟာ စဉ်ဆက်မပြတ်ဆိုသလို လူသားတွေရဲ့နေ့စဉ်ဘဝထဲကို တိုးဝင်ပတ်သက်လျက်ရှိပါတယ်။ ကမ္ဘာ့တစ်နေရာမှ စက်ရုံကြီးများကို မိမိအိမ်ထဲက စောင့်ကြည့်နိုင်သလို စီးပွားရေးလုပ်ငန်းတစ်ခုရဲ့ဝင်ငွေထွက်ငွေ၊ အကျိုးအမြတ်စတဲ့ ကိန်းဂဏန်းတွေကိုလည်း လက်တစ်ဝါးစာ ဖန်သားပြင်ကို တို့ထိရုံဖြင့် သိရှိဆောင်ရွက်နိုင်ပါတယ်။ နည်းပညာထွန်းကားမှုကြောင့် ကမ္ဘာတစ်ခြမ်းမှာ ဖြစ်ပျက်နေတာကို အခြားကမ္ဘာတစ်ခြမ်းက အချိန်နဲ့တစ်ပြေးညီ တွေ့မြင်သိရှိနိုင်ပါတယ်။ ဒီနည်းပညာတွေကို အသုံးချနိုင်မယ်ဆိုရင် ကျွန်ုပ်တို့ရဲ့လုပ်ငန်းတွေလွယ်ကူလျင်မြန်မှုနဲ့အတူ တိုးတက်ဖွံ့ဖြိုးနေမှာဖြစ်ပါတယ်။ ထွန်းကားလာနေတဲ့ နည်းပညာတွေနဲ့အညီ လိုက်ပါဆောင်ရွက်ခြင်းမပြုနိုင်ရင် ဖွံ့ဖြိုးတိုးတက်မှုဆိုတာကလည်း နောက်ကျကျန်ရစ်နေမှာပဲ ဖြစ်ပါတယ်။**

### လစ်ဟာနေတဲ့ကွက်လပ်

ကျွန်ုပ်တို့ဟာ နည်းပညာထွန်းကားမှုကို ရင်ပေါင်တန်းမလိုက်နိုင်သေးတာကြောင့် လုပ်ငန်းဆောင်ရွက်တာတွေကို သမားရိုးကျစနစ်နဲ့ သွားနေရဆဲဖြစ်ပါတယ်။ ပုံမှန်လုပ်ငန်းတွေလုပ်တဲ့အခါ paper work ကို အားထားနေရဆဲပါ။ ရည်ညွှန်းကိုးကားရမယ့် အထောက်အထားတွေဟာ တစုတစည်းတည်းမရှိရင် ရှာဖွေနေတာနဲ့တင် အချိန်ကုန်လူပင်ပန်းဖြစ်ရပါတယ်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့တရားစီရင်ရေးကဏ္ဍတွေမှာ တာဝန်ရှိတဲ့အစိုးရရဲ့ဝန်ထမ်းတွေဟာ ဥပဒေရေးရာကိစ္စတွေ ဆောင်ရွက်တဲ့အခါ ပြဋ္ဌာန်းဥပဒေ၊ ပြင်ဆင်ဥပဒေ အဲ့ဒီဥပဒေနဲ့ဆိုင်တဲ့ နည်းဥပဒေ၊ စည်းမျဉ်း ၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းတွေကို ကိုးကားဆောင်ရွက်ကြရပါတယ်။ အများပြည်သူကလည်း ဒါတွေကို လိုက်နာဆောင်ရွက်ကြရပါတယ်။ အဲဒီလို လိုက်နာဆောင်ရွက်ကြတဲ့အခါမှာ ခေတ်အဆက်ဆက်က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေနဲ့ အမိန့်ညွှန်ကြားချက်တွေကို လက်လှမ်းမီဖို့ ခက်ခဲပါတယ်။ စာအုပ်စာတမ်းရှားပါးမှု၊ တစုတစည်းတည်း ထိန်းသိမ်းထားခြင်းမရှိမှုတို့ကြောင့် အများပြည်သူသာမက အစိုးရဌာနအဖွဲ့အစည်းတွေတောင် အခက်အခဲနဲ့ကြုံတွေ့ကြရပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ဥပဒေဟာ ခိုင်မာမှု၊ ရှင်းလင်းတိကျမှု၊ မျှတမှု၊ အများပြည်သူ အကျိုးဖြစ်ထွန်းစေမှု၊ လက်တွေ့အကောင်အထည်ဖော်နိုင်မှု စတဲ့အခြေခံအချက်တွေနဲ့ ပြည့်စုံပြီး ပြည်သူတွေက အဲဒီဥပဒေတွေကို အလွယ်တကူလက်လှမ်းမီသိရှိနိုင်မယ်ဆိုရင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအကျိုးသက်ရောက်စေမှာ ဖြစ်ပါတယ်။ ဥပဒေတွေကို အလွယ်တကူ သိရှိလေ့လာနိုင်ခြင်းကြောင့် ဆောင်ရန်ရှောင်ရန်တွေကို သိရှိပြီး ဥပဒေနဲ့အညီ ကျင့်ကြံလိုက်နာနေထိုင်ဆောင်ရွက်ကြတဲ့ ဝန်းကျင်ကောင်း တစ်ရပ်ပေါ်ပေါက်လာစေနိုင်ပါတယ်။တရားဥပဒေစိုးမိုးမှုလည်း ရှိလာမှာဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်ကိုဖော်ဆောင်ရာမှာ တရားဥပဒေစိုးမိုးရေးဟာအရေးကြီးပါတယ်။ ဥပဒေနဲ့အညီနေထိုင်ဆောင်ရွက်တဲ့အလေ့အထတွေပေါ်ပေါက်လာမှ ၊တရားဥပဒေစိုးမိုးမှုရှိမှ ဒီမိုကရေစီဟာ ရှင်သန်ကြီးထွားနိုင်မှာဖြစ်ပါတယ်။

### မြန်မာဥပဒေသတင်းအချက်အလက်စနစ်ရဲ့အစ

ဒီလိုလစ်ဟာနေတဲ့ကွက်လပ်ကို ဖြည့်ဆည်းနိုင်ဖို့ပြည်ထောင်စုရှေ့နေချုပ်ရုံးဟာ ၂၀၁၂ ခုနှစ်မှာ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) နဲ့ဆွေးနွေးပြီး နားလည်မှုစာချွန်လွှာ (MoU)ရေးထိုးခဲ့ပါတယ်။ ဒါဟာ မြန်မာဥပဒေ သတင်းအချက်အလက်စနစ် (Myanmar Law Information System - MLIS)ထူထောင်ဖို့အစပျိုးခဲ့တာ ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ် အောက်တိုဘာလမှာ KOICA ရဲ့ Chief Representative မစ္စတာ ကင်ယောင်နမ်နဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ ဆွေးနွေးမှုမှတ်တမ်း (ROD) ကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ မြန်မာဥပဒေ သတင်းအချက်အလက်စနစ် ထူထောင်ရန် KOICA ရဲ့ အထောက်အပံ့နဲ့ ကိုရီးယားသမ္မတနိုင်ငံ ဥပဒေပြုရေးဝန်ကြီးဌာန (Ministry of Legislation- MOLEG)က နည်းပညာအကူအညီပေးဖို့ သဘောတူညီခဲ့ကြပါတယ်။

### လုပ်ငန်းစဉ်နှင့်လိုအပ်ချက်

မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) ထူထောင်ရေးအတွက် ကိုရီးယားသမ္မတနိုင်ငံ ဥပဒေပြုရေးဝန်ကြီးဌာနနဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) ထူထောင်ရေးအတွက် အဓိကလုပ်ငန်းစဉ်သုံးရပ်ရှိရာ Master Plan ရေးဆွဲခြင်းဟာ ပထမလုပ်ငန်းစဉ်ဖြစ်ပါတယ်။ Master Plan ကို ကိုရီးယားနဲ့မြန်မာပညာရှင်များပူးပေါင်းရေးဆွဲခဲ့ပြီး အဲဒီ Plan နဲ့အညီ ၂၀၁၆ ခုနှစ်မှာ လုပ်ငန်းတွေစတင်ခဲ့ပါတယ်။ဒုတိယအဆင့်က မြန်မာဥပဒေ သတင်းအချက်အလက်စနစ် (MLIS)ထူထောင်ခြင်းဖြစ်ပြီး တတိယအဆင့်က မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) ကိုထိန်းကျောင်းမယ့် အော်ပရေတာတွေနဲ့ စီမံခန့်ခွဲသူတွေကို သင်တန်းပေးခြင်းဖြစ်ပါတယ်။

ယနေ့အချိန်တွင် မြန်မာနိုင်ငံရဲ့ပြဋ္ဌာန်းဥပဒေတွေကို လွှတ်တော်၊ ဝန်ကြီးဌာနအချို့နဲ့ အဖွဲ့အစည်းအချို့က ၎င်းတို့ရဲ့ဝက်ဘ်ဆိုက်တွေမှာ လွှင့်တင်ထားတာရှိပါတယ်။ ဥပဒေသုတေသီအချို့နဲ့ ဝါသနာရှင်အချို့ကလည်း အင်တာနက်ကနေ တတ်နိုင်သလောက် ဥပဒေပညာဖြန့်ဖြူးပေးနေတာတွေ့ရပါတယ်။ သို့ရာတွင် တည်ဆဲ ဥပဒေအချို့ကိုသာ လွှင့်တင်နိုင်ခြင်းကြောင့် လိုအပ်ချက်များ၊ မပြည့်စုံမှုများရှိနေပါတယ်။

မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) ကတော့ ပြဋ္ဌာန်းခဲ့တဲ့ဥပဒေအားလုံးကို ဝက်ဘ်ဆိုက်မှာ လွှင့်တင်ပေးမှာဖြစ်တာကြောင့် တည်ဆဲဥပဒေရော၊ ရုပ်သိမ်းပြီးဖြစ်တဲ့ ဥပဒေတွေရော အားလုံးကိုတစ်နေရာတည်းမှာ အပြည့်အစုံကြည့်နိုင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် သက်ဆိုင်ရာ ဥပဒေထုတ်ပြန်ခဲ့တဲ့ တစ်ဆင့်ခံဥပဒေတွေဖြစ်တဲ့ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နဲ့ လုပ်ထုံးလုပ်နည်းတွေကိုလည်း တစုတစည်းတည်းလွှင့်တင်ပေးမှာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့အခါ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ပြဋ္ဌာန်းတဲ့ဥပဒေတွေနဲ့ တစ်ဆင့်ခံ ဥပဒေတွေလည်း ပါဝင်မှာဖြစ်ပါတယ်။ မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) က ဝန်ဆောင်မှုပေးတဲ့အခါ ကျွန်ုပ်တို့နိုင်ငံကပြဋ္ဌာန်းပြီး ဖြစ်တဲ့ ဥပဒေတွေနဲ့ တစ်ဆင့်ခံဥပဒေတွေအားလုံးကို ပြည့်ပြည့်စုံစုံ ဖော်ပြနိုင်အောင် ကြိုးပမ်းနေပါတယ်။ပြည့်စုံမှန်ကန်ပြီး အချိန်နဲ့တစ်ပြေးညီ ဥပဒေသတင်းအချက်အလက်တွေကို ဝန်ဆောင်မှုပေးမှာဖြစ်တာကြောင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကလည်း မိမိတို့စီမံခန့်ခွဲတဲ့ ဥပဒေအရ ထုတ်ပြန်ထားတဲ့ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နဲ့ လုပ်ထုံးလုပ်နည်းစတာတွေကို ပံ့ပိုးပေးဖို့ လိုအပ်ပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်မှုသာ မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)အောင်မြင်ပြီး နိုင်ငံနဲ့ နိုင်ငံသားတွေအတွက် အကျိုးဖြစ်ထွန်းတဲ့ ဥပဒေသတင်းအချက်အလက်စနစ် ဖြစ်တည်နိုင်မှာ ဖြစ်ပါတယ်။

### MLIS ထူထောင်မှု

မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)အတွက် လိုအပ်တဲ့ ဥပဒေဆိုင်ရာ သတင်းအချက်အလက်တွေရရှိဖို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဝန်ကြီးဌာနနဲ့ အဖွဲ့အစည်းတွေထံ ညှိနှိုင်းတောင်းခံခဲ့ရာ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတွေကလည်း ယင်းတို့စီမံခန့်ခွဲနေတဲ့ ဥပဒေတွေနဲ့ တစ်ဆင့်ခံဥပဒေတွေ ပေးပို့ခဲ့ကြပါတယ်။ သို့သော်လည်း လိုအပ်ချက်တွေရှိနေတာကြောင့် မြန်မာနိုင်ငံပြန်တမ်းမှာ ရှာဖွေမှုတွေလည်း ပြုလုပ်ရပါတယ်။ ရရှိတဲ့အချက်အလက်တွေကို မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)မှာ ထည့်သွင်းနိုင်ဖို့ ကိုရီးယားသမ္မတနိုင်ငံ ဥပဒေပြုရေးဝန်ကြီးဌာနက တာဝန်ယူပြီး Data Input လုပ်နေပါတယ်။ ကိုရီးယားသမ္မတနိုင်ငံ ဥပဒေပြုရေးဝန်ကြီးဌာနက ကိုရီးယားနည်းပညာကုမ္ပဏီတစ်ခုနဲ့ ဝင်းပြည်သစ်ကုမ္ပဏီတို့ကို ငှားရမ်းဆောင်ရွက်နေပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးက သတင်းအချက်အလက် မှန်ကန်မှုကို စစ်ဆေးအတည်ပြုတဲ့လုပ်ငန်းတွေ ဆောင်ရွက်ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှာ စမ်းသပ်ထုတ်လွှင့်နိုင်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် မေလကုန်မှာ အပြီးသတ်လွှင့်တင်မှာဖြစ်ပြီး ကြားကာလကုန်မှာ လိုအပ်ချက်တွေ၊ အဆင်မပြေမှုတွေကို ပြင်ဆင်ဖြည့်ဆည်းဆောင်ရွက်မှာဖြစ်ပါတယ်။

> **မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) ကတော့ ပြဋ္ဌာန်းခဲ့တဲ့ဥပဒေအားလုံးကို ဝက်ဘ်ဆိုက်မှာ လွှင့်တင်ပေးမှာဖြစ်တာကြောင့် တည်ဆဲဥပဒေရော၊ ရုပ်သိမ်းပြီးဖြစ်တဲ့ ဥပဒေတွေရော အားလုံးကို တစ်နေရာတည်းမှာ အပြည့်အစုံကြည့်နိုင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် သက်ဆိုင်ရာ ဥပဒေထုတ်ပြန်ခဲ့တဲ့ တစ်ဆင့်ခံဥပဒေတွေဖြစ်တဲ့ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နဲ့ လုပ်ထုံးလုပ်နည်းတွေကိုလည်း တစုတစည်းတည်းလွှင့်တင်ပေးမှာဖြစ်**

### MLIS ရဲ့အကျိုးကျေးဇူး

မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)က ဘယ်လောက်အသုံးတည့်သလဲဆိုတာ စိတ်ဝင်စားစရာပါ။ အလွန်အကျိုးရှိမှာပါလို့ ပြောရုံနဲ့ လုံလောက်မှာ မဟုတ်ပါ။ မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)မှာ ဥပဒေဆိုင်ရာ သတင်းအချက်အလက်တွေကို ဝန်ဆောင်မှုပေးတဲ့အခါ တည်ဆဲဥပဒေများသာမက ရုပ်သိမ်းပြီးဖြစ်တဲ့ ဥပဒေတွေလည်း ပါဝင်မှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက်၊ အဖွဲ့အစည်းအလိုက်သာမက အုပ်ချုပ်ရေး၊ စီးပွားရေး၊ ပို့ဆောင်ရေး စတဲ့ကဏ္ဍအလိုက်လည်း ခွဲခြားပြီး ဝန်ဆောင်မှုပေးမှာ ဖြစ်ပါတယ်။ ဥပဒေတစ်ခုချင်းအလိုက် မူလပြဋ္ဌာန်းချက်၊ ပြင်ဆင်ချက်၊ ပြင်ဆင်တဲ့အကြိမ်ရေ၊ ပြင်ဆင်တဲ့ခုနှစ်၊ ပြင်ဆင်တဲ့ အကြောင်းအရာ စတာတွေကို သမိုင်းကြောင်းနဲ့တကွ အလွယ်တကူ ရှာဖွေကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ အင်္ဂလိပ်ကိုလိုနီလက်ထက်မှ ယနေ့ကာလအထိ စီရင်ထုံးပြုထားတဲ့ မြန်မာနိုင်ငံတရားစီရင်ထုံးတွေလည်း ပါဝင်မှာ ဖြစ်ပါတယ်။ ထို့အတူ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းတွေကိုလည်း အချိန်နဲ့တစ်ပြေးညီဖြစ်အောင် ဖြည့်စွက်ဖော်ပြပေးမှာဖြစ်ပါတယ်။ ဒ့ါပြင် မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးထားပြီး အတည်ပြုလက်ခံထားတဲ့ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များ (Conventions)တွေကိုလည်း အင်္ဂလိပ်ဘာသာနဲ့ ဖော်ပြပေးမှာဖြစ်ပါတယ်။

ဥပဒေသတင်းအချက်အလက်တွေကို ဌာနအဖွဲ့အစည်းအလိုက် ဖော်ပြထားသလို ကဏ္ဍအလိုက်လည်း ခွဲခြားဖော်ပြထားတာကြောင့် မိမိသိလိုသော အချက်အလက်မှာ ဘယ်ကဏ္ဍနဲ့ဆိုင်တယ်၊ ဘယ်ဌာနနဲ့ ဆိုင်တယ်ဆိုတာသိရုံနဲ့ အလွယ်တကူ ရှာနိုင်မှာဖြစ်ပါတယ်။ ဒ့ါပြင် မိမိသိလိုတဲ့အကြောင်းအရာကို ရိုက်ထည့်ရှာဖွေရင်လည်းရမှာဖြစ်တာကြောင့် မြန်မြန်ဆန်ဆန်ရှာဖွေကြည့်ရှုနိုင်မှာကို ခန့်မှန်းကြည့်နိုင်ပါတယ်။ ဥပဒေသတင်းအချက်အလက်တွေကိုရယူအသုံးပြုခြင်းအတွက် အခကြေးငွေကောက်ခံခြင်းမပြုဘဲ ပြည်သူတွေ အလွယ်တကူ ရှာဖွေကြည့်ရှုနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။

ဥပဒေဆိုတာက အစဉ်တည်မြဲနေသော အရာမဟုတ်ပါ။ ခေတ်ကာလနဲ့မညီရင်ဖြစ်စေ၊ စနစ်နဲ့မညီရင်ဖြစ်စေ၊ အစိုးရရဲ့ မူဝါဒနဲ့ မကိုက်ရင်ဖြစ်စေ၊ တိုင်းသူပြည်သားတို့ရဲ့လိုအပ်ချက်ကို မဖြည့်ဆည်းပေးနိုင်ရင်ဖြစ်စေ၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ရုပ်သိမ်းခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတို့ ပြုရသည်ဖြစ်ရာ ပြင်ဆင်ပြောင်းလဲနေမှုကို အချိန်နဲ့တစ်ပြေးညီ သိနိုင်မှသာလျှင် အကျိုးဖြစ်ထွန်းမှာ ဖြစ်ပါတယ်။ မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)ဟာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နဲ့ လုပ်ထုံးလုပ်နည်းတွေရဲ့ပြောင်းလဲမှုတွေကို စဉ်ဆက်မပြတ် ဝန်ဆောင်မှုပေးမှာဖြစ်တာကြောင့် ဥပဒေနယ်ပယ်မှာ ပုဂ္ဂိုလ်တွေသာမက အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတွေ အပါအဝင် ပြည်သူအားလုံး Update ဖြစ်တဲ့ သတင်းအချက်အလက်တွေ ရရှိမှာဖြစ်ပါတယ်။ ဥပဒေသုတေသီတွေ၊ ကျောင်းသား ကျောင်းသူတွေနဲ့ ဥပဒေရေးဆွဲသူ၊ ဥပဒေပြုသူတွေအတွက်လည်း အထောက်အကူများစွာ ဖြစ်စေမှာဖြစ်ပါတယ်။

မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)ရဲ့ဝန်ဆောင်မှုကို ကွန်ပျူတာနဲ့သာမက စမတ်ဖုန်းတွေနဲ့လည်း ရယူအသုံးပြုနိုင်မှာဖြစ်ပါတယ်။ အင်တာနက်ကနေ (MLIS) ရဲ့ဝက်ဘ်ဆိုက်ကို ဝင်လိုက်တာနဲ့ မိမိရှေ့ကို ဥပဒေစာကြည့်တိုက်သဖွယ် ရောက်လာပြီး လိုရာဥပဒေကို အလွယ်တကူ ရှာဖွေအသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဒီလိုအသုံးပြုနိုင်တာကြောင့် စာအုပ်ထူထူကြီးတွေကို လှန်လှောရှာဖွေရတဲ့ ဒုက္ခ၊ လိုအပ်တဲ့စာအုပ်မရှိတဲ့အခက်အခဲစတဲ့ အဆင်မပြေမှုတွေကိုလည်း ကျော်လွှားနိုင်မှာဖြစ်ပါတယ်။ ကွန်ပျူတာတစ်လုံး၊ စမတ်ဖုန်းတစ်လုံးသာရှိမယ်ဆိုရင် ဥပဒေစာကြည့်တိုက်တစ်ခု မိမိနဲ့အမြဲအတူရှိနေမယ့်သဘောဖြစ်ပါတယ်။ နည်းပညာက ကျွန်ုပ်တို့ရဲ့နေ့စဉ်ဘဝတွေ သက်သာလွယ်ကူအောင် ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ ပြည်သူတွေလည်း ဥပဒေနဲ့ ပိုမိုနီးကပ်လာပြီး ဥပဒေဆိုင်ရာအသိပညာ၊ ဗဟုသုတတွေ တိုးပွားလာမှာဖြစ်ပါတယ်။ ဒါဟာ အဖိုးမဖြတ်နိုင်တဲ့ အကျိုးရလဒ်ဖြစ်ပါတယ်။

မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)အောင်မြင်စွာ ထူထောင်လည်ပတ်နိုင်ပါက ယင်းစနစ်ကို အရှေ့တောင်အာရှမှာ ပထမဆုံးတည်ထောင်နိုင်တဲ့ နိုင်ငံဖြစ်လို့ ဂုဏ်ယူစရာဖြစ်ပါတယ်။ ဒီစနစ်အောင်အောင်မြင်မြင် ဆောင်ရွက်လည်ပတ်နေရင် ပြည်ပက ရင်းနှီးမြှုပ်နှံသူတွေကလည်း မိမိတို့နိုင်ငံရဲ့ဥပဒေတွေကို အလွယ်တကူလေ့လာနိုင်တဲ့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးတက်စေဖို့ အထောက်အပံ့ ဖြစ်စေနိုင်ပါတယ်။ နိုင်ငံသားတွေအနေနဲ့လည်း ဥပဒေသတင်းအချက်အလက်တွေကို အခက်အခဲမရှိ ရယူနိုင်ပြီး မိမိတို့ရဲ့စီးပွားရေး၊ လူမှုရေးနယ်ပယ်တွေမှာ အသုံးချနိုင်မှာ ဖြစ်ပါတယ်။ ဒ့ါပြင် ဆောင်ရန်၊ ရှောင်ရန်တွေကို သိရှိခြင်းကြောင့် ဥပဒေနဲ့အညီ ပြုမူကျင့်ကြံနေထိုင်တဲ့ အချက်အလက်တွေကို အခက်အခဲမရှိ ရယူနိုင်ပြီး မိမိတို့ရဲ့စီးပွားရေး၊ လူမှုရေးနယ်ပယ်တွေမှာ အသုံးချနိုင်မှာ ဖြစ်ပါတယ်။ ဒ့ါပြင် ဆောင်ရန်၊ ရှောင်ရန်တွေကို သိရှိခြင်းကြောင့် ဥပဒေနဲ့အညီ ပြုမူကျင့်ကြံနေထိုင်တဲ့ အလေ့အထကောင်းတွေ ပေါ်ပေါက်လာပြီး တရားဥပဒေစိုးမိုးရေး အကောင်အထည်ဖော်မှုကို အထောက်အကူဖြစ်စေမှာလည်း ဖြစ်ပါတယ်။

### ရေရှည်တည်တံ့စေဖို့

မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) ကို KOICA ရဲ့ အကူအညီနဲ့ ထူထောင်သော်လည်း အောင်မြင်ပြီး ရေရှည်တည်တံ့နိုင်ဖို့အတွက် ကျွန်ုပ်တို့ဆက်လက် ကြိုးစားရမှာဖြစ်ပါတယ်။ အချိန်နဲ့တစ်ပြေးညီဖြစ်တဲ့ Update ဖြစ်တဲ့ သတင်းအချက်အလက်တွေကို ဝန်ဆောင်မှုပေးမှာဖြစ်တာကြောင့် ဆိုက်ဘာလုံခြုံရေးအတွက် အမြဲတမ်းစောင့်ကြည့်နေရမှာ ဖြစ်သလို နေ့စဉ် စိစစ် တည်းဖြတ်ဖြည့်စွက်တာတွေလည်း လုပ်နေရမှာဖြစ်ပါတယ်။ ဒ့ါအပြင် အချိန်ကာလကြာမြင့်လာတာနဲ့အမျှ နည်းဥပဒေအရ ခေတ်မမီတော့တဲ့ ပစ္စည်းကိရိယာတွေကိုလည်း အစားထိုးလဲလှယ်တာ၊ ပြုပြင်ထိန်းသိမ်းတာတွေ လုပ်နိုင်ဖို့ ရန်ပုံငွေနဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ လိုအပ်မှာ ဖြစ်ပါတယ်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ KOICA တို့ ပူးပေါင်းအကောင်အထည်ဖော်နေတဲ့ မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)ဟာ မိမိတို့နိုင်ငံရဲ့ဥပဒေသတင်းအချက်အလက်ဆိုင်ရာ ကွက်လပ်ကို ဖြည့်ဆည်းပေးမယ့် လွန်စွာအရေးပါတဲ့ စနစ်ဖြစ်တာကြောင့် အောင်မြင်စွာ တည်ထောင်နိုင်ပါစေကြောင်းနဲ့ ရေရှည်တည်တံ့နိုင်စေဖို့ အစိုးရဌာန အဖွဲ့အစည်းတွေက၊ မိမိတို့ဌာနအဖွဲ့အစည်းက စီမံခန့်ခွဲတဲ့၊ ထုတ်ပြန်ထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်တွေကို ပြည်ထောင်စုရှေ့နေချုပ်ရုံးကို အချိန်နဲ့တစ်ပြေးညီ ပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း တိုက်တွန်းအပ်ပါတယ်။ နည်းပညာနဲ့ ကိုရီးယားသမ္မတ နိုင်ငံအစိုးရ၊ KOICA ၊ ဥပဒေပြုရေးဝန်ကြီးတို့ရဲ့ နည်းဥပဒေ၊ ငွေကြေးအကူအညီနဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှု အရ ဥပဒေ၊ နည်းဥပဒေစတဲ့ ဥပဒေရေးရာတွေကို အများပြည်သူတို့ လွယ်လင့်တကူ ရယူသိရှိနိုင်စေမယ့် မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)ဟာ မကြာမီပေါ်ထွက်လာတော့မှာဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ပါတယ်။ ။

## ပျဉ်းမနားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးအဆောက်အအုံသစ်ဖွင့်ပွဲကျင်းပ

**ပျဉ်းမနား မေ ၂၂**

နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရုံးအဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို မေ ၂၂ ရက် နံနက် ၁၀ နာရီတွင် ပျဉ်းမနားမြို့နယ် မြောက်လွှတ်ကုန်းကျေးရွာရှိ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးအဆောက်အအုံသစ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဦးက ရုံးအဆောက်အအုံဆောက်လုပ်မှုနှင့် စပ်လျဉ်း၍ ခွင့်ပြုရန်ပုံငွေကျပ် ၈၂ ဒသမ ၉၅၃ သန်းဖြင့် အလျား ၆၄ ပေ၊ အနံ ၆၄ ပေနှင့် အမြင့် ၁၂ ပေဖြင့် ဆောက်လုပ်ခဲ့ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့်တာဝန်ရှိသူများက ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အဆောက်အအုံသစ်အား လှည့်လည်ကြည့်ရှုသည်။

အဆိုပါအခမ်းအနားသို့ နေပြည်တော်ကောင်စီဝင်၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**စိုးမိုး(ပြန်/ဆက်)**

## မြေသားရေကာန်အနက်ထပ်မံတူးဖော်

**ခရမ်း မေ ၂၂**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ နွေရာသီသောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ကင်မွန်းခြုံ ကျေးရွာ (မြကန်သာတဲတန်း)တွင် မြေသားရေကာန်အနက် ထပ်မံတူးဖော် ခြင်းလုပ်ငန်းကို မြို့နယ်ဦးစီးမှူး ဦးစတင်မျိုးလွင်၏ ကြီးကြပ်မှုဖြင့် မေ ၁၈ ရက်က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်မှူး**

# တိုင်းဒေသကြီးနှင့် ပြည်နယ်ဘော်လီဘောပြိုင်ပွဲဖွင့်




**နေပြည်တော် မေ ၂၂**

၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားနှင့် ပြိုင်ပွဲ ပွဲစဉ်များကို မေ ၂၂ ရက် နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ကျင်းပသည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးလှိုင်က ဘော်လီဘောအားကစားနည်းသည် နည်းစနစ်ကိုအခြေခံပြီး တစ်ဦးချင်း ကျွမ်းကျင်မှု၊ လျင်မြန်ဖျတ်လတ်မှု၊ သက်လုံနှင့် ကြံ့ခိုင်မှုတို့ပြည့်ဝဖို့လို သလို တစ်ဦးနှင့် တစ်ဦးနားလည်မှုရှိရှိ အပေးအယူမျှမျှနှင့် ယှဉ်ပြိုင်ကစား ရသည့် အားကစားနည်းဖြစ်သော ကြောင့် တစ်ဦးချင်းသာမက အသင်း လိုက်ပါ လေ့ကျင့်မှုပြည့်ဝရန် အထူး လိုအပ်ပါကြောင်း၊ ယခုလို တိုင်းဒေသ ကြီးနှင့် ပြည်နယ်ပြိုင်ပွဲမှတစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သော ဘော်လီ ဘော အားကစားသမားကောင်းများ ဖြစ်အောင် ကြိုးစားသွားကြစေလို ကြောင်း ပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဘော်လီ ဘော အဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီး ဌာနမှ တာဝန်ရှိသူများသည် ပြိုင်ပွဲ ဝင် အသင်းများအား လိုက်လံနှုတ် ဆက်ကြပြီး မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ်မှ အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ပြီးနောက် အမျိုး သားအုပ်စု ပတ်လည်ပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်နေမှု များကို ကြည့်ရှုအားပေးခဲ့သည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အား ကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်လင်း ထွဋ်နှင့်အဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘော်လီ ဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော် များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်အသင်း အုပ်ချုပ်သူနည်းပြ နှင့် အားကစားသမားများ တက် ရောက်ကြသည်။

အဆိုပါ ၂၀၁၈ ခုနှစ် တိုင်းဒေသ ကြီးနှင့် ပြည်နယ် ဘော်လီဘော ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြိုင်ပွဲဝင် အမျိုး သားအသင်း ၁၅ သင်း၊ အမျိုးသမီး ၁၄ သင်း၊ အားကစားသမား စုစု ပေါင်း ၄၁၇ ဦးတို့သည် မေ ၂၂ ရက် မှ မေ ၃၁ ရက်အထိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)တွင် နေ့စဉ် နံနက် ၈ နာရီမှစ၍ အမျိုးသား/အမျိုးသမီး အုပ်စုပတ်လည် ပွဲစဉ်များကို စတင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ မည်သူ မဆို အခမဲ့လာရောက်ကြည့်ရှုနိုင် ကြောင်း သိရသည်။ **မောင်မောင်ဇော်**

# ဒုတိယအကြိမ်မြောက် Top Social Artist ဆုကို သိမ်းပိုက်နိုင်ခဲ့တဲ့ BTS




တောင်ကိုရီးယားရဲ့ ကမ္ဘာကျော် တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS" ဟာ လတ်တလောမှာ ကျင်းပခဲ့တဲ့ နိုင်ငံ တကာ တေးဂီတထူးချွန်ဆုပေးပွဲ တစ်ပွဲဖြစ်တဲ့ "Billboard Music Awards"မှာ ထူးချွန်ဆုကို ထပ်မံ ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ယမန် နှစ်က ကျင်းပခဲ့တဲ့ အဆိုပါဆုပေးပွဲ မှာလည်း "Top Social Artist"ဆုကို ဆွတ်ခူးထားနိုင်ခဲ့တာကြောင့် ဒီနှစ် ရရှိခဲ့တဲ့ဆုဟာ ကေပေ့ါပ်ကြယ်ပွင့် တွေအတွက်တော့ ဒုတိယအကြိမ် မြောက်ဖြစ်ကြောင်း ကိုရီးယား ဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက် တွေအရ သိရပါတယ်။

ယခုနှစ်ရဲ့ "Billboard Music Awards"ဆုပေးပွဲကို ပြီးခဲ့တဲ့ မေ ၂၀ ရက်မှာ အမေရိကန် ပြည်ထောင်စု လတ်စ်ဗီးဂတ်စ်မှာ ကျင်းပခဲ့တာဖြစ်ပါတယ်။ ဒီနှစ်မှာ တော့ "BTS"ဟာ "Top Social Artist"ဆုအတွက် ဆန်ခါတင်စာရင်း ကို နာမည်ကျော် တေးသံရှင်တွေ ဖြစ်ကြတဲ့ ဂျက်စတင်ဘီဘာ၊ ဒေမီ လက်ဗားတိုး၊ ဆွမ်မန်းဒပ်စ်၊ အရီရန် နာဂရန်းဒ်တို့နဲ့အပြိုင် ဆန်ခါတင် စာရင်းဝင်ခဲ့တာ ဖြစ်ပါတယ်။ ဒီနှစ် မှာတော့ မဲတွေ စတင်ပေးခွင့်ပြုခဲ့တဲ့ အချိန်ကစလို့ ၂၄ နာရီအတွင်း မဲအများဆုံးရရှိခဲ့တဲ့ တေးသံရှင်အဖြစ် "BTS"က မှတ်တမ်းဝင်ခဲ့တာ ဖြစ်ပါ တယ်။ ယမန်နှစ်ကလည်း ဒီစံချိန်ကို "BTS"ကပဲ ရယူထားခဲ့တာ ဖြစ်ပေ မယ့် ဒီနှစ်မှာတော့ ပိုများတဲ့ မဲအရေ အတွက်နဲ့ စံချိန်သစ် ချိုးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ယခုလို ကျော်ကြားတဲ့ နိုင်ငံ တကာ တေးဂီတဆုပေးပွဲကြီးမှာ ထူးချွန်ဆုရရှိခဲ့တဲ့ "BTS"ဟာ နိုင်ငံ တကာက ပရိသတ်တွေနဲ့ တွေ့ဆုံကာ အမှတ်တရဓာတ်ပုံတွေ ရိုက်ကူးခဲ့ကြ ပါတယ်။ ဒ့ါအပြင် နိုင်ငံအသီးသီးက ကျော်ကြားတဲ့ တေးသံရှင်တွေနဲ့လည်း တွေ့ဆုံခွင့်ရခဲ့ပြီး ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်နဲ့တွဲဖက်ကာ အမှတ်တရ ဓာတ်ပုံရိုက်ကူးခဲ့ပါတယ်။ ဒီဓာတ်ပုံ ကိုတော့ အဖွဲ့ရဲ့ တရားဝင်လူမှု ကွန်ရက်မီဒီယာစာမျက်နှာပေါ်မှာ ပြန်လည်ဖော်ပြခဲ့တာကိုလည်း တွေ့ရ ပါတယ်။

ဒ့ါအပြင် အဆိုပါဆုပေးပွဲမှာ "BTS"ဟာ တေးသီချင်းသစ်တစ်ပုဒ်နဲ့ လည်း ဖျော်ဖြေတင်ဆက်ခဲ့ပါတယ်။ ဒီဖျော်ဖြေမှုအပြီးမှာတော့ ဂီတပညာ ရှင်တွေဆီက ချီးကျူးမှုတွေကိုလည်း ရရှိခဲ့တာတွေ့ရပါတယ်။ "BTS"ဟာ အဖွဲ့ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် "Love Yourself: Tear"မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ် ဖြစ်တဲ့ "Fake Love"နဲ့ အဆိုပါ ဆုပေးပွဲမှာ ဖျော်ဖြေခဲ့တာပါ။ ဒီဖျော်ဖြေမှုဟာ တေးအယ်လ်ဘမ် သစ်ရဲ့ ပထမဆုံးသော ဖျော်ဖြေမှု ဖြစ်တဲ့အပြင် အဖွဲ့ဝင်တွေအနေနဲ့ နိုင်ငံတကာကို တိုက်ရိုက်ထုတ်လွှင့် နေတဲ့ ရုပ်သံအစီအစဉ်တစ်ခုမှာ ပထမဆုံး ဖျော်ဖြေတင်ဆက်ခဲ့တာ လည်း ဖြစ်တယ်လို့ သိရပါတယ်။

**အေးပြည့်-ရေးသားသည်**

## နှစ်နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ကော်ဇောနီပေါ်လျှောက်လှမ်းခဲ့တဲ့ တေလာဆွစ်

ကျော်ကြားတဲ့ အမေရိကန်ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်ဟာ အနုပညာနဲ့ ပတ်သက်တဲ့အခမ်းအနားတွေရဲ့ ကော်ဇောနီပေါ် ပါဝင်လျှောက်လှမ်းခဲ့ခြင်း မရှိတာ နှစ်နှစ်ခန့်ရှိသွားခဲ့ပြီဖြစ်ပါတယ်။ ဒါပေမယ့် သူဟာ လတ်တလော မှာကျင်းပခဲ့တဲ့ နိုင်ငံတကာတေးဂီတထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ "Billboard Music Awards"ဆုပေးပွဲမှာတော့ ကော်ဇောနီပေါ် ပါဝင်လျှောက်လှမ်းခဲ့တာကို တွေ့ရကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၂၀ ရက်မှာတော့ လတ်စ်ဗီးဂတ်စ်မှာ ကျင်းပခဲ့တဲ့ ယခုနှစ်ရဲ့ "Billboard Music Awards"ဆုပေးပွဲကို တေလာဆွစ်က တက်ရောက်ခဲ့တာဖြစ်ပါတယ်။ အခမ်းအနားတွေကို မတက်ရောက်ခဲ့တာ အတော်ကြာခဲ့ပြီဖြစ်ပြီး ယင်းဆုပေးပွဲကြီးမှာ တက်ရောက်မယ့်အကြောင်း ကြိုတင်ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိတာကြောင့် ဆုပေးပွဲနေ့မှာ ကော်ဇောနီပေါ်လျှောက်လှမ်းလာတဲ့ တေလာဆွစ်ကို အများက အံ့အားသင့်ခဲ့ရပါတယ်။ ဒ့ါအပြင် ယခုနှစ်မှာတော့ တေလာဆွစ်ဟာ ယခင်နှစ်တွေကနဲ့မတူတဲ့ ဖက်ရှင်ဒီဇိုင်းနဲ့ ပွဲတက်လာတာကိုလည်း တွေ့ရပါတယ်။

ဒီနှစ်မှာတော့ တေလာဆွစ်ဟာ မရန်းဖျော့ရောင်ဂါဝန်ရှည်ကို ဝတ်ဆင်လာတာပါ။ ရှည်လျားလွန်းတဲ့ဂါဝန်ကို ရှေ့ခြမ်းမှာ ပေါင်ရင်း ရောက်သည်အထိ ခွဲထားတာကိုတွေ့ရပြီး ဇာပန်းပွင့်တွေနဲ့ အလှဆင် ဖန်တီးထားတာကိုလည်း တွေ့ရပါတယ်။ ဆံပင်ကိုတော့ စည်းထားပြီး သူ့ရဲ့ အမှတ်အသားတစ်ခုလိုဖြစ်နေတဲ့ နှုတ်ခမ်းနီရဲရဲကိုတော့ ဆိုးလာတာ တွေ့ရပါတယ်။

ယခုနှစ်ရဲ့ "Billboard Music Awards" ဆုပေးပွဲကြီးမှာတော့ တေလာဆွစ်ဟာ ဆုငါးဆုအတွက် အမည်စာရင်းတင်သွင်းဖော်ပြခြင်း ခံခဲ့ရတာဖြစ်ပါတယ်။ အဲဒီနောက် မေ ၂၀ ရက်ညမှာတော့ တေလာဆွစ်ဟာ ယခုနှစ်ရဲ့ "အမျိုးသမီးတေးသံရှင်"ဆုကို သိမ်းပိုက်သွားနိုင်ခဲ့တာ ဖြစ်ပါ တယ်။ ဒီထူးချွန်ဆုကို လက်ခံရယူအပြီး အမှတ်တရစကားပြောကြားချိန်မှာ တေလာဆွစ်က လတ်တလောပြုလုပ်နေတဲ့ သူ့ရဲ့ နယ်လှည့်ဖျော်ဖြေပွဲတွေမှာ သူနဲ့လက်တွဲကာ ဖျော်ဖြေကူညီခဲ့ကြတဲ့ အမျိုးသမီးတေးသံရှင်တွေကို ကျေးဇူးတင်ကြောင်း ထည့်သွင်းပြောကြားခဲ့တာဖြစ်ပါတယ်။



# တစ်ပတ်အတွင်းထူးခြားအားကစားသတင်းများ

## ဒါသည်ပင် ဘောလုံးလောက



အာဆင်နယ်နည်းပြ ဝင်းဂါးနေရာ ဘယ်သူဆက်ခံမလဲဆိုတာ ဝင်းဂါး အာဆင်နယ်အသင်းနဲ့ လမ်းခွဲမယ်လို့ ကြေညာခဲ့တဲ့ ပြီးခဲ့တဲ့ ဧပြီလကတည်းက တစ်မျိုးပြီးတစ်မျိုး သတင်းတွေ တောက်လျှောက်ထွက်နေခဲ့တာပါ။ မှန်းဆချက် အမျိုးမျိုး၊ ထင်မြင်ချက် အမျိုးမျိုးတွေကြားထဲမှာ နာမည်ကြီးနည်းပြတွေရော၊ ကစားသမားဟောင်းတွေရော နာမည်ပေါင်းစုံထွက်ခဲ့ပြီး အာတီတာကို နည်းပြအဖြစ် ခန့်အပ်ဖို့အတွက် သဘောတူညီမှု ရရှိခဲ့ပြီးပြီးလို့ အားကစားသတင်းဝက်ဘ်ဆိုက်တွေတိုင်းက ဝေဝေဆာဆာ ဖော်ပြပြီလို့ နှစ်ရက်နဲ့ တစ်ပိုင်းသာ ကြာပါသေးတယ်။ ခုအာဆင်နယ်နည်းပြအဖြစ် ဆီဗီလာ၊ ပီအက်စ်ဂျီတို့ကို ကိုင်တွယ်ခဲ့တဲ့ အူနိုင်းအမ်မရီ ပါတဲ့။

အာဆင်နယ် ဘုတ်အဖွဲ့ဝင်တွေအနေနဲ့ အာတီတာထက်ဆို အတွေ့အကြုံကြွယ်ဝတဲ့ အူနိုင်းအမ်မရီက အသင်းကို ကိုင်တွယ်ဖို့ ပိုမိုသင့်လျော်တယ်လို့ ယူဆတာကြောင့် အာဆင်နယ်နည်းပြရာထူးနေရာဟာ အမ်မရီအတွက် ဖြစ်လာခဲ့တာလို့ပဲ ယေဘုယျသုံးသပ်နိုင်ပါတယ်။

အသက် (၄၆) နှစ်အရွယ် အမ်မရီဟာ ပီအက်စ်ဂျီအသင်းအတွက် နှစ်ရာသီအတွင်း ချန်ပီယံဖလားလေးလုံး ရယူပေးနိုင်ခဲ့ပေမယ့် အသင်းပိုင်ရှင် အယ်လ်ဖီလိုင်ဖီအတွက်တော့ ကျေနပ်စရာမဖြစ်ခဲ့ဘဲ မေလဆန်းမှာကတည်းက ရာသီကုန်လို့ စာချုပ်သက်တမ်းပြည့်ရင် လမ်းခွဲမယ်လို့ ထုတ်ပြန်ကြေညာချက်ထွက်ခဲ့တာဖြစ်ပါတယ်။ အမ်မရီရဲ့ အမြင့်ဆုံးအောင်မြင်မှုကတော့ ၂၀၁၄ ကနေ ၂၀၁၆ ခုနှစ်အတွင်း ဆီဗီလာအသင်းကို ယူရိုပါလိဂ်ဖလားသုံးကြိမ်ဆက်ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နွေစျေးကွက်အတွင်း ပီအက်စ်ဂျီမှာ နေမာ၊မက်ပီတို့လို ကစားသမားတွေကို ခေါ်ယူပြီး ငွေသုံးကြမ်းခွင့်ရခဲ့ပေမယ့် ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ၁၆ သင်း အဆင့်ကသာ ထွက်ခွာခဲ့ရတာကြောင့် ပီအက်စ်ဂျီအသင်းနဲ့ လမ်းခွဲခဲ့ရတာဖြစ်ပါတယ်။

အမ်မရီဟာ အာဆင်နယ်နည်းပြအဖြစ် နာမည်မထွက်ခဲ့ဘဲ ခုတော့ ဖြုန်းစားကြီး ကောက်ကာငင်ကာဆိုသလို ခန့်အပ်ခံခဲ့ရတယ်လို့ သတင်းထွက်လာပြန်တာဖြစ်ပါတယ်။ အာဆင်နယ်နည်းပြအဖြစ် ရေပန်းစားမှုမှာလည်း အလေးပေးမှု အတော်နည်းခဲ့ပြီး ၆၆-၁ လေးသာရှိခဲ့ပြီ။ ဒါဟာ စပါးနည်းပြဟောင်း တင်မ်ရှားဝုဒ်ထက်တောင် အလေးပေးမှုနည်းပါးခဲ့တဲ့ အနေအထားပါ။ အမ်မရီကို ဝက်စ်ဟမ်းအသင်းက ချိတ်ဆက်နေပြီး အာဆင်နယ်နဲ့ သတင်းတိုးတိုးသဲ့သဲ့သာထွက်ခဲ့တဲ့သူ ဖြစ်ပါတယ်။

အာဆင်နယ်နည်းပြသစ် ရှာပုံတော်နဲ့ ခန့်အပ်မှုကို အမှုဆောင်ချုပ် ဂတ်ဇီဒီစ်၊ ဘောလုံးဆက်သွယ်ရေး အကြီးအကဲ ရှန်လီဟီ၊ ခန့်အပ်ရေးတာဝန်ခံ မစ်လစ်တန့်တို့က ဦးဆောင်လှုပ်ရှားခဲ့တာဖြစ်ပြီး နောက်ဆုံးအတည်ပြုမှုကိုတော့ အသင်းပိုင်ရှင် ခရွန်ကီက ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။

ဘီဘီစီ အားကစားကလောင်ရှင်လည်းဖြစ်၊ အာဆင်နယ်ကစားသမားဟောင်းလည်းဖြစ်တဲ့ အီယန်ရိုက်ကတော့ သူ့အနေနဲ့ အမ်မရီကို ဘက်ပြောင်းခန့်အပ်ခဲ့တဲ့ ကိစ္စရပ်ဟာ ဘယ်က ဘယ်လိုစဖြစ်သွားသလဲဆိုတာ စဉ်းစားလို့ မရနိုင်ဘူးလို့ဆိုခဲ့ပေမယ့် ပရိသတ်တွေကတော့ အမ်မရီထက်ဆို အာတီတာကိုသာ နည်းပြသစ်အဖြစ် မြင်တွေ့ချင်နေတာကြောင့် ဒါက တစ်ခုတည်းသော ပြဿနာပါလို့ သုံးသပ်ခဲ့ပါတယ်။

ဒါပေမယ့် အာဆင်နယ်ပရိသတ်တွေအနေနဲ့ မန်စီးတီးလက်ထောက် နည်းပြအဖြစ် ဆောင်ရွက်နေတဲ့ အာတီတာကို ဘာလို့ အာဆင်နယ်နည်းပြသစ်အဖြစ် မြင်တွေ့ချင်ရသလဲဆိုတာကတော့ သူတို့က ဂွါဒီယိုလာ၊ အင်းနရစ်၊ ဇီဒန်းတို့လို ကစားသမားဟောင်းတွေက ကိုယ့်အသင်းဟောင်းကို ပြန်လည်ဦးဆောင်ပြီး အောင်မြင်ခဲ့တာကို ပုံတူကူးယူကြည့်ချင်တဲ့ ဆန္ဒကြောင့်ပဲလို့ မြင်မိပါတယ်။ ဘာပဲဖြစ်ဖြစ်ဝင်းဂါးအလွန် အာဆင်နယ်နည်းပြသစ်ဟာ အသင်းကို ဘယ်လို ပြန်လည်တည်ဆောက်မလဲဆိုတာ ပိုစိတ်ဝင်စားစရာကောင်းပြီး နည်းပြသစ်ခန့်အပ်မှုဟာလည်း ကစားသမားတွေ အသင်းပြောင်းရွှေ့မှုလို ဟိုအသင်းလို ဒီအသင်းလိုလိုနဲ့ နောက်ဆုံး ကြေညာနိုင်မှသာ အတည်ပြုနိုင်တာကြောင့် ဒါကလည်း ဘောလုံးလောကရဲ့ အစဉ်အလာတစ်ခုလို့ပဲ သုံးသပ်ရမှာဖြစ်ပါတယ်။

## ဟာဇက်ရဲ့ခြိမ်းခြောက်သံလား

ချယ်လ်ဆီးအသင်းရဲ့ တစ်ပတ်ပေါင်သုံးသိန်းတန် စာချုပ်သစ်ကမ်းလှမ်းမှုကို လက်မှတ်ထိုးဖို့ရွှေ့ဆိုင်းလိုက်တဲ့ စူပါစတား အေဒင်ဟာဇက်က ချယ်လ်ဆီးအသင်းရဲ့ နွေစျေးကွက် ကစားသမားခေါ်ယူမှုကို စောင့်ကြည့်နေတယ်ဆိုတဲ့ စကားနဲ့ ကလပ်အသင်းကို သတိပေးစကားဆိုလိုက်ပါတယ်။ ချယ်လ်ဆီးဟာ ပရီမီယာလိဂ်မှာ အဆင့် ငါးနေရာသာရရှိခဲ့တာကြောင့် ဟာဇက်လို ထိပ်တန်းကစားသမားတစ်ဦးကို ဆက်ထိန်းဖို့ ခက်ပါတယ်။ ဟာဇက်နဲ့ ချယ်လ်ဆီးတို့ စာချုပ်သက်တမ်းနှစ်နှစ်ကျန်ရှိနေသေးပေမယ့် ရီးယဲလ်မက်ဒရစ်အသင်းကလည်း ဟာဇက်နဲ့ ချယ်လ်ဆီးကြားက အခြေအနေကို စိတ်ဝင်တစားစောင့်ကြည့်နေတယ်လို့ သတင်းထွက်နေပါတယ်။

ချယ်လ်ဆီးဟာ လာမယ့်ဘောလုံးရာသီအတွက် ချန်ပီယံလိဂ်ဝင်ခွင့် လွဲချော်ထားတာကြောင့် ဟာဇက်ကို ထိန်းနိုင်ဖို့ခက်တယ်ဆိုတဲ့ သုံးသပ်ချက်တွေ ထွက်နေသလို ချယ်လ်ဆီးက အသင်းပြုပြင်ပြောင်းလဲရေးအတွက် လိုအပ်တဲ့ ငွေကြေးအတွက် ဟာဇက်ကို သေချာပေါက် ထုတ်ရောင်းမယ်လို့ တွက်ဆသူတွေလည်း ရှိနေပါတယ်။

ဒီလိုသတင်းတွေ လျှံနေတဲ့ကာလမှာ ဟာဇက်ရဲ့ ပြောစကားက နောက်ဆက်တွဲယူဆချက်များစွာ ဖိတ်ခေါ်သလို ဖြစ်ခဲ့တာတော့ အမှန်ပါပဲ။ သူက “ကျွန်တော် အချိန်ယူနေပါတယ်။ လာမယ့်ရာသီ ကစားသမားသစ်တွေကို ကျွန်တော် မျှော်လင့်နေပါတယ်။ ကျွန်တော်တို့ စောင့်ကြည့်ရအောင်ပါ။ ကျွန်တော်က လာမယ့်နှစ်မှာ ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးချင်သလို အခြားမြောက်မြားစွာသော အရာတွေကိုလည်း အလိုရှိပါတယ်။ အကြီးကြီးတွေဖြစ်လာဖို့အတွက် အရာများစွာ လုပ်ဆောင်ဖို့ လိုအပ်ပါတယ်”လို့ ဆိုခဲ့တာကြောင့် ဒါဟာ အသင်းကို အားဖြည့်စေချင်တာကို ဖော်ညွှန်းတာလား၊ ချယ်လ်ဆီးအသင်းကို သတိပေးခဲ့သလား ကွဲကွဲပြားပြား သိနိုင်ဖို့တော့ ခက်ပါတယ်။

ဒါ့အပြင် ဟာဇက်က သူ့အနေနဲ့ ချန်ပီယံလိဂ်ဖလားကို ကိုင်မြှောက်ချင်တယ်ဆိုတဲ့ စကားကိုလည်း ပြောကြားခဲ့တာကြောင့် ဒါဟာ ရီးယဲလ်ကို ပြောင်းရွှေ့လိုတဲ့ သူ့ဆန္ဒကို သွယ်ဝိုက်ဖော်ပြခဲ့တယ်ဆိုတာ ထင်ရှားခဲ့တယ်လို့ The Sun သတင်းဌာနက သုံးသပ်ခဲ့ပါတယ်။ ချယ်လ်ဆီးနည်းပြ ကွန်တီအနေနဲ့ လောက်လောက်လားလား သုံးခဲ့ရတာဆိုလို့ ပြီးခဲ့တဲ့ နွေစျေးကွက်က မိုရာတာအတွက် ပေါင် ၆၅ သန်း အသုံးပြုခဲ့ရတာပဲရှိပြီး နွေစျေးကွက်နဲ့ ဇန်နဝါရီစျေးကွက်တွေမှာလည်း စျေးပေါပေါနဲ့ လတ်တလော အသုံးပြုလို့ရတဲ့ ဂျရူးတို့လို ကစားသမားကိုပဲ ခေါ်ယူပေးခဲ့တာကြောင့် ကွန်တီက ဒီကိစ္စရပ်အပေါ် အတော်လေး ကသိကအောက် ဖြစ်ခဲ့ရတာပါ။

ချယ်လ်ဆီးဟာ မန်ယူ၊ မန်စီးတီးတို့လို အသင်းတွေနဲ့ ကစားသမား ခေါ်ယူနိုင်မှုမှာ မပြိုင်ဆိုင်နိုင်ဘဲ စျေးကွက်တစ်လျှောက် အကြိမ်ကြိမ် အလဲထိုးခံခဲ့ရပြီးဖြစ်ပါတယ်။ ချယ်လ်ဆီးဘုတ်အဖွဲ့ဝင်တွေက လိုချင်တဲ့ နည်းပြကို ကြေးကြီးပေးငှားရမ်းပေးပေမယ့် နည်းပြအပြောင်းအလဲဖြစ်တဲ့ ပထမရာသီမှာပဲ လိုချင်တဲ့ ကစားသမားကို ခေါ်ယူပေးပြီး နောက်ရာသီမှာ ပေါချောင်ကောင်း ကစားသမားတွေလောက်သာ ခေါ်ပေးတာမျိုးလုပ်တတ်တဲ့အပြင် နည်းပြအပေါ် စိတ်ရှည်မှုနည်းပါးတာကြောင့်လည်း အသင်းရဲ့ တည်ငြိမ်မှုဟာ ပရီမီယာလိဂ်အသင်းကြီးတွေထဲမှာ အတက်အကျအကြမ်းဆုံးဖြစ်နေတာပါ။

နည်းပြကွန်တီ ဝယ်ယူခိုင်းတဲ့ ကစားသမား အတော်များများကို ဝယ်ယူဖို့ ခွင့်မပြုခဲ့တဲ့ ချယ်လ်ဆီးဘုတ်အဖွဲ့ဝင်တွေရဲ့ ဆုံးဖြတ်ချက်က ရည်မှန်းချက်ကြီးတဲ့ ဟာဇက်ကို ချယ်လ်ဆီးဆက်ထိန်းဖို့ ခက်ခဲတဲ့ အကြောင်းတရားဖြစ်လာပါလိမ့်မယ်လို့ The Sun ကပဲဆက်လက်ဖော်ပြပါတယ်။

မေ ၁၉ ရက် မန်ယူနဲ့ယှဉ်ပြိုင်ခဲ့တဲ့ အက်ဖ်အေဖလားဗိုလ်လုပွဲအပြီးမှာ ဟာဇက်ရဲ့ အနာဂတ်နဲ့ ပတ်သက်ပြီး မေးမြန်းချိန်မှာ နောက်ခံလူ ရူဒီဂါက “ဟာဇက်နေပါတယ်။ သူနေနေပါတယ်။ အေဒင်ဟာဇက်နေနေပါတယ်” လို့ ဝင်ရောက်ဖြေဆိုသွားခဲ့တာကိုတွေ့ရပြီး ဟာဇက်က ရူဒီဂါသာ အက်ဖ်အေဖလားဗိုလ်လုပွဲမှာ ပြသတဲ့ ခြေစွမ်းမျိုး ပွဲတိုင်းပြသမယ်ဆို သူလည်း ချယ်လ်ဆီးမှာ ဆက်နေမှာဖြစ်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲကြီးရှိနေတာကြောင့် အနာဂတ်ကို အများကြီး ကြိုပြီး မစဉ်းစားထားဘူးလို့သာ မယုတ်မလွန်ပြန်လည် ဖြေကြားသွားခဲ့ပါတယ်။

## စားသောက်မှုပုံစံကြောင့် ထိပ်တန်းခြေစွမ်းကို ထိန်းထားနိုင်ဆဲ စီရိုနယ်လ်ဒို



စီရိုနယ်လ်ဒိုဟာ လက်ရှိမှာ အသက် (၃၃) နှစ်ကျော်လွန်နေပြီဖြစ်ပေမယ့် အခုထိ ထိပ်တန်းခြေစွမ်းကို ဆက်ထိန်းထားနိုင်ဆဲဖြစ်ပြီး ဒီလိုစွမ်းနိုင်တဲ့ အဓိက လျှို့ဝှက်ချက်က လေ့ကျင့်ရေးကွင်းမှာ အပြင်းအထန်ကြိုးစားလေ့ကျင့်မှုအပြင် အစားအသောက်နေထိုင်မှုပုံစံကို အသေးစိတ်ကအစ စနစ်တကျ ထိန်းထားမှုကလည်း အခရာကျပါတယ်။

ဘောလုံးလောကမှာ စီရိုနယ်လ်ဒို၊ မက်ဆီတို့လို ထိပ်တန်း ကစားသမားတွေက လက်ရှိမှာ အသက် ၃၀ ကျော်အရွယ်ကို ရောက်ရှိနေကြပြီသလို အခြားအားကစားနယ်ပယ်က ကစားသမားတွေဖြစ်တဲ့ ဖက်ဒဲရာ၊ နာဒယ်လ်တို့ဟာ အသက် ၃၀ ကျော်လွန်နေကြပြီဖြစ်ပါတယ်။ အခုနောက်ပိုင်း အားကစားလောကက နာမည်ကျော်အများအပြားဟာ အာဟာရပညာရှင်တွေကို ငှားရမ်းပြီး အစားအသောက်နေထိုင်မှုကို ထိန်းညှိခိုင်းကာ သူတို့ရဲ့ အားကစားသက်ကို ဆွဲဆန့်လာကြတာကို တွေ့ရပါတယ်။ ကမ္ဘာ့ထိပ်တန်းခြေစွမ်းကို ၁၀စုနှစ်တစ်ခုကြာအောင် ထိန်းထားနိုင်ခြင်းရဲ့နောက်ကွယ်က အကြောင်းတရားတွေဟာ နည်းပညာ၊ ပြင်ဆင်မှု၊ ဒဏ်ရာပြဿနာအတွက် ကြိုတင်ပြင်ဆင်မှု စသဖြင့် များစွာရှိပေမယ့် စားသောက်မှု ပုံစံကတော့အခြေခံအကျဆုံး အချက်တစ်ချက်ဖြစ်ပါတယ်။

စီရိုနယ်လ်ဒိုကတော့ သူ့ရဲ့ မနက်စာ၊ နေ့လယ်စာနဲ့ ညနေစာစားတဲ့ အစားအစာတွေကို မကြာသေးခင်ကပဲ အင်စတာဂရမ်ကနေ ဖွင့်ချသွားတာကို တွေ့ရပါတယ်။ စီရိုနယ်လ်ဒိုဟာ အယ်ကိုဟော၊ သကြားဓာတ်ပါတဲ့ ဆိုဒါရည်တို့ကို ရှောင်ရှားလေ့ ရှိပေမယ့် အာဟာရပြည့်ဝအောင် ဟင်းအမယ် အစုံကို စားလေ့ရှိပြီး အဲဒီထဲမှာမှ ငါးကိုရွေးချယ်မှု ပိုများတယ်လို့ သိရပါတယ်။

Four-Four-Two သတင်းဌာနနဲ့ အင်တာဗျူးမှာ စီရိုနယ်လ်ဒိုက “ကျွန်တော့်အနေနဲ့ လတ်ဆတ်တဲ့ အသီးနဲ့ ဟင်းသီးဟင်းရွက်၊ အသားဓာတ်ကြွယ်ဝတဲ့ အစားအစာတွေကို ဦးစားပေးစားပါတယ်” လို့ ဖြေကြားခဲ့ပါတယ်။ စီရိုနယ်လ်ဒို စားသောက်ဆိုင်တွေကို သွားရင် အမဲကင်နဲ့ ဆလတ်ရွက်တို့ကို မှာယူစားသောက်လေ့ရှိသူဖြစ်သလို အခမ်းအနားပွဲတွေမှာဆိုရင် တူနာငါး၊ ဥနဲ့ အာလူးတို့ကို စားသောက်လေ့ရှိပြီး အစာပြေစားစားရင်တောင် ဆာဒင်းငါးနဲ့ ပေါင်မုန့်အလွတ်တို့ကို ညှပ်ပြီး စားသောက်သူဖြစ်ပါတယ်။ ဒါကြောင့် စီရိုနယ်လ်ဒိုအတွက်တော့ အသက်အရွယ်ဆိုတာ ကိန်းဂဏန်း တစ်ခု၊ မှတ်တမ်းစိုက်စရာ များပြားသွားတဲ့ ရွှေ့လျားမှု တစ်ခုဆိုတဲ့ အဓိပ္ပာယ်တစ်ခုထက် မပိုပါဘူး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အမျိုးသားသွေးဌာန
## အိတ်ဖွင့်တင်ခေါ်ယူခြင်း

၂၀၁၈ ခုနှစ်၊ (ဧပြီလမှ စက်တင်ဘာလအထိ) အမျိုးသားသွေးဌာန၌ သွေးနှင့်သွေးပစ္စည်းများ ဓာတ်ခွဲစစ်ဆေးရန်လိုအပ်သည့် သွေးလှူဘဏ်သုံးဆေးပစ္စည်းများ ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသား ပြည်တွင်းလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက် - ၁၅-၅-၂၀၁၈ရက် (အင်္ဂါနေ့)
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၃-၆-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) (၁၆:၀၀)နာရီ

တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အမျိုးသားသွေးဌာန၊ ရန်ကုန်မြို့သို့ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**အမျိုးသားသွေးဌာန**
**ဖုန်း-(၀၁-၃၇၀၀၅၆)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန အထွေထွေရောဂါကုဆေးရုံကြီး အင်းစိန်တွင် လူနာများအား ကုသရန် လိုအပ်သော (FDA) အသိအမှတ်ပြု ဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံး ဆေးပစ္စည်းနှင့် ဓာတ်မှန်ဆိုင်ရာ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ
စတင်ရောင်းချမည့်ရက် - ၂၂-၅-၂၀၁၈ ရက်
တင်ဒါပိတ်မည့်ရက်နှင့် အချိန် - ၂၁-၆-၂၀၁၈ ရက် ညနေ ၄:၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့်တင်သွင်းရမည့် ဆေးဝါးပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်း အထွေထွေရောဂါကုဆေးရုံကြီး အင်းစိန်၌ လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**အထွေထွေရောဂါကုဆေးရုံကြီး၊ အင်းစိန်**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၁-၆၄၀၅၂၃**

ရွှေ နေ့ချင်းပြန် ဘုရားဖူးခရီးစဉ်
ကျိုက်ထီးရိုး
ကျောက်စိမ်းဘုရား
မြဝတီ-မဲဆောက်
မော်လမြိုင်- ကျိုက္ကမီ- စက်စဲ
အမှတ် (၁၁၉)၊ ၁၈လမ်းအပေါ်၊ လသာမြို့နယ်
09442140334,09784217677

ရွှေစံပြ 09-420420761,09-420420762,09-420420763
✦ ထားဝယ်ရှင်ကိုရှင်၊ မောင်မကန်၊ မျော်ရစ်၊ ကျိုက္ကမီ၊ စက်စဲ၊ အိမ်အရောက်လက်မှတ်ပို့
✦ မြဝတီ၊ မဲဆောက်၊ ပဝေါ်နတ်နန်း၊ ဘားအံဂူ(၅)ဂူ။ သောကြာ-ဝနေ့ ထွက်မည်
✦ ပုဂံ၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ ✦ နေပြည်တော်၊ ဗုဒ္ဓဂယာ၊ ရေပန်း၊ ဉယျာဉ်
✦ တောင်ငူ၊ သံတောင်ကြီး၊ ပသိချောင်း။ ရှင်သီဝလိဖြေတော်ရာ၊ စပ်လဲရေတံခွန်
✦ ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်) ✦ ကားမျိုးစုံ စင်းလုံးငှားသည်

တက်လူ
အိမ်ပြောင်း/အိမ်ရွှေ့
ဈေးနှုန်းချိုသာစွာဖြင့်
မြို့တွင်း/နယ်ဝေး
အကောင်းဆုံး
ဝန်ဆောင်မှုပေးသည်။
09-261111549
09-257962225

PANDA Engineering Group Since 1999
> Air-Con မျိုးစုံ ရောင်းချ၊ တပ်ဆင်၊ ဆေးကြော၊ ပြုပြင်ပေးခြင်း။
> အသုံးပြုပြီးသော Air-Conအဟောင်းများကို အသစ်ဖြင့် လဲတပ်ပေးခြင်း။
> ရေခဲသေတ္တာနှင့် အဝတ်လျှော်စက်များ ပြုပြင်ပေးပါသည်။
> ဖုန်းသာဆက်လိုက်ပါ။ နီးနီးဝေးဝေး စမ်းသပ်စစ်ဆေး၊ တပ်ဆင်ခ မယူပါ။
09 515 8803, 09 732 29024, 09 253 582510
အမှတ် ၁၃၀(မြေညီ) ၉၄ လမ်း၊ ဒေါ်သိန်းတင်လမ်းထိပ်၊ မင်္ဂလာတောင်ညွန့်။
e-mail: knw@pandaaircon.com







မြန်မာနိုင်ငံတွင် တက်ရောက်နိုင်သော နိုင်ငံတကာ၏
MBA များတွင် အကောင်းဆုံးနှင့် ဂုဏ်သိက္ခာအကြီးမားဆုံးသော

EDINBURGH BUSINESS SCHOOL
HERIOT-WATT UNIVERSITY

MBA | MSc

STRATEGY FIRST INSTITUTE is an approved learning partner of Edinburgh Business School.

UK နိုင်ငံ Heriot - Watt University, Edinburgh Business School မှ MBA, MBA Finance), MBA (Marketing), MBA (HRM) နှင့် MSc programmes များကို Strategy First Institute မှ တရားဝင် အသိအမှတ်ပြု မိတ်ဖက် အဖြစ် ယူဆောင်လာခဲ့ပြီ ဖြစ်ပါသည်။ UK, Scotland ရှိ Heriot - Watt University ကို 1821 တွင်တည်ထောင်ခဲ့ပြီး UK တွင် (၉) ခုမြောက် သက်တမ်းအရှည်ဆုံး အဆင့်မြင့် ပညာရေးအဖွဲ့အစည်း ဖြစ်ပါသည်။ UK နိုင်ငံရှိ တက္ကသိုလ်များ၏ အဆင့်သတ်မှတ်ချက်ကို ဖော်ပြသော UK Guardian University League Table 2018 တွင် Heriot-Watt University သည် နံပါတ် (၂၆) နေရာ ရရှိထားပြီး QS World's Ranking အရ ကမ္ဘာ့အကောင်းဆုံးတက္ကသိုလ်များတွင် အဆင့် ( ၃၁၂ ) ရှိသော တက္ကသိုလ်တစ်ခု ဖြစ်ပါသည်။ Edinburgh Business School (EBS) သည် Heriot - Watt University ၏ ဘွဲ့လွန်စီးပွားရေးသင်တန်းများကိုသင်ကြားပေးနေသောဌာနတစ်ခုဖြစ်ပါသည်။
ဘာသာရပ်အားလုံးကို UK မှ တိုက်ရိုက် စာမေးပွဲစစ်ဆေးဆုံးဖြတ်ပါသည်။ သင်တန်းများအောင်မြင်ပြီးဆုံးသည့်အခါ UK Heriot - Watt University Campus များတွင် ကျင်းပသော ဘွဲ့နှင်းသဘင်တွင် တက်ရောက်ရယူနိုင်ပါသည်။ အတန်းချိန်များသည် ရုံးပိတ်ရက်များနှင့် ရုံးချိန်လွတ်သင်တန်းချိန်များ ဖြစ်ပါသည်။ သင်တန်းကာလမှာ (၁၈) လကြာမြင့်ပါမည်။

AYA Bank Your Trusted Partner
AYA Bank Education Loan နဲ့ သင်တန်းကြေးပေးသွင်းခြင်း

သင်တန်းကြေးကို (၆) ကြိမ်ခွဲ၍ အရစ်ကျပေးသွင်းနိုင်ပြီး AYA Bank ၏ Student Loan ကို လျှောက်ထားခြင်းဖြင့်လည်း အရစ်ကျပေးသွင်းနိုင်ပါသည်။

| EBS MBA (General) (၁၈) လပေးသွင်းရန် | |
|---|---|
| ကနဦးပေးသွင်းငွေ (Strategy First) | ၅၀၀,၀၀၀ ကျပ် |
| ကနဦးပေးသွင်းငွေ ၂၀% (Aya Bank) | [illegible] |
| လစဉ်ပေးသွင်းငွေ | [illegible] |
| သက်အတိုးအပါကျသင့်ငွေပေါင်း | [illegible] |

| EBS (MSc) (၁၈) လပေးသွင်းရန် | |
|---|---|
| ကနဦးပေးသွင်းငွေ (Strategy First) | ၅၀၀,၀၀၀ ကျပ် |
| ကနဦးပေးသွင်းငွေ ၂၀% (Aya Bank) | [illegible] |
| လစဉ်ပေးသွင်းငွေ | [illegible] |
| သက်အတိုးအပါကျသင့်ငွေပေါင်း | [illegible] |

Application Deadline 16.6.2018
ဇွန်လ (၂၃) ရက်နေ့ တန်းခွဲသစ် စမည်။

သင်တန်းကြေး နှင့် စာမေးပွဲကြေး
MBA (General) = 15,929,640 kyats
MSc (Mktg,HRM) = 14,516,640 kyats
စာမေးပွဲကြေး တစ်ဘာသာ - 160 GBP

ဝင်ခွင့်သတ်မှတ်ချက်များ
• တက္ကသိုလ်ဘွဲ့ရပြီးသူ
• လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃) နှစ်ရှိသူ
• IELTS အမှတ် (၆.၅) ရရှိထားသူ

Call Now : 09 450 1777 70

#Yangon Campus (1) - 8, Ground Floor, Panchan Tower, Myaynigone, Sanchaung Township, Yangon, Myanmar.
#Yangon Campus (2) - 239, Pyay Road (Near Myaynigone City Mart), San Chaung Township, Yangon, Myanmar.
#Yangon Campus (3) - 237, Corner of U Wizara Road and Dhamazedi Road, San Chaung Township, Yangon, Myanmar.
#Yangon Campus (4) - 575, Near Hladen Bridge appearance and Marlar Bus Stop, Pyay Road, Kamaryut Township, Yangon.
#Mandalay Campus - Block 4, Unit 8, Mingalar Mandalay, 73rd Road, Between Thazin and Ngu Shwe War Road, Mandalay.
#Monywa Campus - Kyaukka Road, Nanda Wunn Ward, Monywa.


ISO 9001/2000 လက်မှတ်ရ
STEEL DRAGON
STAINLESS STEEL & ALUMINIUM COMPOSITE
STEEL DRAGON အား ယုံကြည်မှုအပြည့်ဖြင့် အစဉ်တစိုက် အားပေးလာကြသော
မိတ်ဆွေကြီးများကို ကျေးဇူးတုံ့ပြန်မည့်
SUPER JACKPOT 2018
LUCKY DRAW
ကံစမ်းမဲကာလ မေ(၁၈)ရက် မှ
စက်တင်ဘာလ (၃၀)ရက် ၂၀၁၈ အထိ
ပထမဆု
Suzuki Ciaz
2018 Model
ကားအသစ်(၁)စီး
ဒုတိယဆု
Suzuki Pickup
2018 Model
ကားအသစ်(၂)စီး
တတိယဆု
Loujia 110
(2018 Model)
ဆိုင်ကယ်အသစ်(၁၀၀)စီး
အခြားဆုမဲပေါင်းများစွာ
STEEL DRAGON ဆိုင်များတွင် ကျပ်(၁၀၀၀၀၀) ဖိုးဝယ်ယူအားပေးပြီး
ကံစမ်းမဲ ကူပွန်တစ်စောင် ရယူကံစမ်းနိုင်ပါပြီ...
ဆိုင်အမှတ်(၁) အမှတ်(၄၀၊၄၁၊၄၂၊၄၃) စံပယ်လမ်း၊ သီရိမင်္ဂလာဈေးဝင်းအတွင်း၊ ဘုရင့်နောင်မီးပွိုင့်အနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၃၅၂၈၅၂၄၊ ၀၁-၃၅၂၈၅၈၇၊ ၀၁-၃၅၈၈၆၄၃၊ ၀၁-၃၅၈၈၆၄၅၊ ၀၉-၉၆၉၇၇၄၄၆၅
ဆိုင်အမှတ်(၂) အမှတ်(၁၄၉၇) ပြည်ထောင်စုလမ်းမကြီး၊ ၂၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၈၁၀၀၀၀၉၊ ၀၁-၈၁၀၀၀၁၀၊ ၀၁-၈၁၀၀၂၆၉၊ ၀၁-၈၁၀၀၂၇၀၊ ၀၉-၅၁၃၉၁၃၉၃၊ ၀၉-၉၆၉၇၇၄၄၂၁
ဆိုင်အမှတ်(၃) အမှတ်(၃၀၅၅)ရာဇဌာနီလမ်းနှင့် ပုန်းညက်လမ်းထောင့်၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်။ ဖုန်း - ၀၆၇-၂၅၈၇၀၊ ၀၆၇-၂၅၈၇၁၊ ၀၉-၂၅၅၇၁၇၂၃၈၊ ၀၉-၉၆၉၇၇၄၄၃၁
ဆိုင်အမှတ်(၄) အမှတ်(၉၈)၊ ကျိုက္ကမီလမ်း၊ ဒေါင်းဇရပ်၊ ဈေးကြီးရပ်ကွက်၊ မော်လမြိုင်မြို့။ ဖုန်း - ၀၅၇-၂၂၄၈၄၊ ၀၉-၂၅၅၇၁၇၂၃၉၊ ၀၉-၉၆၉၇၇၄၄၄၁
ဆိုင်အမှတ်(၅) အမှတ်(၁၀၁)၊ (၄၂)လမ်း၊ ၈၁x၈၂ကြား၊ မန္တလေးမြို့။ ဖုန်း - ၀၉-၂၅၀၃၅၈၃၄၈၊ ၀၉-၂၅၀၆၆၆၀၅၂၊ ၀၉-၉၆၉၇၇၄၄၅၁
ဆိုင်အမှတ်(၆) အမှတ်(၁၀၂)၊ အနောက်မြို့ပတ်လမ်းနှင့် (၅)လမ်းထောင့်၊ ဘုရင့်နောင်လမ်းမကြီး၊ ဓမ္မာရာမြို့သစ်၊ ပြည်မြို့။ ဖုန်း - ၀၅၃-၂၈၆၁၉၊ ၀၅၃-၂၈၃၃၆၊ ၀၉-၉၆၉၇၇၄၄၆၁၊ ၀၉-၇၈၈၂၂၂၄၄၆၀
ဆိုင်အမှတ်(၇) အမှတ်(ရ/၁၇၃)၊ အနောက်မြို့ပတ်လမ်းနှင့် ဂုဏ်ထူးလမ်းထောင့်၊ ရတနာသီရိရပ်ကွက်၊ တောင်ကြီးမြို့။ ဖုန်း - ၀၈၁-၂၀၅၁၅၂၊ ၀၈၁-၂၁၂၅၂၂၀၊ ၀၉-၄၄၀၀၅၀၉၇၇၊ ၀၉-၄၄၀၀၅၀၉၈၈၊ ၀၉-၉၆၉၇၇၄၄၇၁
ဆိုင်အမှတ်(၈) အမှတ်(၆၄-က)၊ ဥသာမြို့သစ်(၆)ရပ်ကွက်၊ ရန်ကုန်-မန္တလေးကားလမ်းမကြီး၊ ပဲခူးမြို့။ ဖုန်း - ၀၅၂-၂၂၀၁၃၇၃၊ ၀၉-၄၄၀၀၅၁၁၂၂၊ ၀၉-၉၆၉၇၇၄၄၈၁၊ ၀၉-၉၆၉၇၅၂၁၈၁
ဆိုင်အမှတ်(၉) အမှတ်(၃၄)၊ သီရိမင်္ဂလာလမ်းမကြီး၊ သီရိမင်္ဂလာဈေးဝင်းအတွင်း၊ ဘုရင့်နောင်မီးပွိုင့်အနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၃၅၂၈၅၂၆၊ ၀၉-၇၆၅၈၂၈၅၂၄၊ ၀၉-၇၆၅၈၂၈၅၈၇

# International Solar Alliance အဖွဲ့တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေး ဆွေးနွေး

**နေပြည်တော် မေ ၂၂**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးတွင် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသော ဦးတင်မောင်မြင့်က ပြည်ထောင်စုလွှတ်တော် နာယကရှေ့မှောက်၌ ကတိသစ္စာပြုသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေကြမ်းကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့တင်သွင်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေအား ဖြည့်ဆည်းရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေကျပ် ၆၄၁ ဒသမ ၀၂၉ ဘီလီယံ ချေးငွေရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အစိုးရအနေဖြင့် **စာမျက်နှာ ၅ ကော်လံ ၁ သို့**



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။



ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဗဟိုကွင်းဆင်းအဖွဲ့ မောင်တောဒေသတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်စဉ်။

# မောင်တော၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဗဟိုကွင်းဆင်းအဖွဲ့ အားဖြည့်ဆောင်ရွက်

**နေပြည်တော် မေ ၂၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်တစ်ဝန်းတွင် ဆေးပညာကျင့်ဝတ်များနှင့်အညီ ခွဲခြားမှုများမရှိဘဲ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် သွားလာရခက်ခဲသောနေရာဒေသများသို့ပါ ရွေ့လျားဆေးအဖွဲ့များဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။ တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့်သူများအား ပြန်လည်လက်ခံရာတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက်ကိုလည်း ပြန်လည်လက်ခံရေးစခန်းများနှင့် ကြားစခန်းများတွင် ဆေးပေးခန်းများ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ရခိုင်ပြည်နယ် မောင်တောဒေသတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်နေမှုများကို အားဖြည့်ဆောင်ရွက်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းလှိုင်နှင့် ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်လွင်တို့ ဦးဆောင်သောကွင်းဆင်းအဖွဲ့သည် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်တို့သို့ မေ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် သွားရောက်ခဲ့သည်။

ကွင်းဆင်းအဖွဲ့သည် မေ ၂၀ ရက်တွင် ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံသို့လည်းကောင်း၊ မေ ၂၁ ရက်တွင် မောင်တောခရိုင် ပြည်သူ့ဆေးရုံသို့လည်းကောင်း ရောက်ရှိခဲ့ပြီး ဆေးရုံတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ သွေးလှူဘဏ်ငယ် တည်ဆောက်နေမှုအခြေအနေများနှင့် လူနာဆောင်များ တိုးချဲ့ဆောက်လုပ်နေမှုအခြေအနေများကို **စာမျက်နှာ ၉ ကော်လံ ၁ သို့**

# ကန့်သတ်တားမြစ်နယ်မြေတွင် ပျံသန်းသွားသော Emirates လေကြောင်းလိုင်းမှ လေယာဉ်မှူးအား အရေးယူဆောင်ရွက်နိုင်ရန် တရားဝင်အကြောင်းကြားစာ ပေးပို့ထား

**နေပြည်တော် မေ ၂၂**

လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မြို့ပြလေကြောင်းလိုင်းများ မပျံသန်းရန် ကန့်သတ်တားမြစ်နယ်မြေတွင် အနိမ့်ပျံသန်းသွားသော ယူအေအီးနိုင်ငံ Emirates လေကြောင်းလိုင်းမှ လေယာဉ်မှူးအား သက်ဆိုင်ရာလေကြောင်းလိုင်းမှ အရေးယူဆောင်ရွက်နိုင်ရန် တရားဝင်အကြောင်းကြားစာ ပေးပို့ထားကြောင်း သိရသည်။

ထို့ပြင် ယူအေအီးနိုင်ငံ၏ မြို့ပြလေကြောင်းဌာနသို့လည်း တရားဝင်အကြောင်းကြားစာ ပေးပို့သွားမည်ဖြစ်ကြောင်း သိရပြီး သက်ဆိုင်ရာလေကြောင်းလိုင်းနှင့် လေကြောင်းဌာနမှ စစ်ဆေးအရေးယူဆောင်ရွက်မှုကိုလည်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနထံ ပြန်လည်အကြောင်းပြန်ကြားပေးရန် ညှိနှိုင်းမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

"ဒီနေ့မှာပဲ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကနေ ယူအေအီးနိုင်ငံ ဒူဘိုင်းမှာအခြေစိုက်တဲ့ လေကြောင်းလိုင်းကို ရန်ကုန် Operation Manager ကနေတစ်ဆင့် စုံစမ်းစစ်ဆေးအရေးယူပေးဖို့ စာတစ်စောင် ပေးပို့ထားပါတယ်။ သူတို့လေကြောင်းလိုင်းမှာလည်း ဒီလိုဖြစ်စဉ်ဆိုရင် ဘယ်လိုအရေးယူရမယ်ဆိုတဲ့ လုပ်ထုံးလုပ်နည်းရှိမှာပါ။ ဘယ်လိုအရေးယူဆောင်ရွက်မယ်ဆိုတာကို ကျွန်တော်တို့ဆီကို တရားဝင် အကြောင်းပြန်ကြားပေးမှာ ဖြစ်ပါတယ်။

"ပြီးတော့ ကျွန်တော်တို့ဆီက လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကနေ ဖြစ်စဉ်ကို သူတို့ဆီက မြို့ပြလေကြောင်းဌာနဆီ အရေးယူဆောင်ရွက်နိုင်ဖို့ တရားဝင် အကြောင်းကြားစာပေးပို့သွားမှာဖြစ်ပါတယ်"ဟု လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးပိုင်က ပြောကြားသည်။

လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီး အပါအဝင် ရန်ကုန်မြို့ပြ ဧရိယာအတွင်း အမြင့်ပေ ၂၄၀၀၀ အောက် ပျံသန်းမှုကို ကန့်သတ်တားမြစ်ထားကြောင်း သိရပြီး ယူအေအီးနိုင်ငံ **စာမျက်နှာ ၈ ကော်လံ ၁ သို့**

သင် ! အိမ်ခြံမြေ ရောင်း/ဝယ်/ငှား နှင့် ပတ်သက်နေလျှင် ဝင်ရောက်ကြည့်ရှုလိုက်ပါ။
11 သိန်းတန် iphone7+ ကံစမ်းမဲရှိတယ်နော်
homemyan.com
အိမ်/ခြံ/မြေ/တိုက်ခန်း/အဆောက်/ဂိုဒေါင် ရောင်း/ဝယ်/ငှား`` FREE ကြော်ငြာ´´ WEBSITE
Operated by SHOWA